# နန္ဒကျော်သူ

လင်းနို့

ကျင်းဟုန်၏ ယဲ့နဲ့ယောင်

ဒုတိယပိုင်း
ဇာတ်သိမ်း



# နန္ဒကျော်သူ

လင်းနို့

(ဒုတိယပိုင်း-ဇာတ်သိမ်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၇၁၂၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၅၃၃၁၀၈

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



## ဒုတိယမြောက်ခို

နှစ်ရက်....။

ရန်ကျားဟုန်နှင့်ကွမ်းချိုယင်းသည် နှစ်ရက်တိတိတည်းခိုခန်းထဲမှ အပြင်သို့မထွက်ပေ။

ယနေ့ သူတို့နှစ်ယောက်က အပြင်သို့ထွက်ကာ အခြေအနေကိုစုံစမ်းရန် ဆုံးဖြတ်လိုက်၏။

ကွမ်းချိုယင်းသည် တည်းခိုခန်းအပြင်ဘက်ရောက်မှ တစ်စုံတစ်ခုအား သတိရကာ ခြေလှမ်းရပ်လိုက်၏။

ရန်ကျားဟုန်က သူ့အား ကြည့်ကာ....

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

ကွမ်းချိုယင်းက....

"ခဏစောင့်ဗျာ"

သူကပြောပြီး တည်းခိုခန်းထဲသို့ပြန်ဝင်သွား၏။

မကြာပါချေ။ သူက အင်္ကျီလက်ထဲတွင် ခိုတစ်ကောင်ဖွက်ကာ ပြန်ယူလာ၏။

သူက ရန်ကျားဟုန်အား ပြုံးပြကာ....

"ဒုတိယမြောက်ခိုကို ညနေကျရင် သွားလွှတ်မယ်"

ရန်ကျားဟုန်က....

"ကောင်းတယ်... အခု ငါတို့လက်ဖက်ရည်ဆိုင်သွားပြီး အခြေအနေစုံစမ်းကြမယ်"

ကွမ်းချီယင်းက ခေါင်းညိတ်လိုက်၏။

ရန်ကျားဟုန်က....

"ခိုင်ဖုံးမြို့ရဲ့လမ်းတွေကို မင်းက ငါ့ထက်ပိုကျွမ်းကျင်တယ်... ဒါ့ကြောင့် ဘယ်သွားရင်ပိုကောင်းမယ်ဆိုတာ မင်းပဲဆုံးဖြတ်ပါ"

ကွမ်းချီယင်းက....

"ကောင်းပြီ... ကျုပ်တို့မြို့အနောက်ဘက်ပိုင်းကို အရင်သွားကြမယ်"

သူတို့သည် ခိုင်ဖုံးမြို့၏အနောက်ဘက်သို့ဦးတည်ကာ လျှောက်ခဲ့ကြလေတော့သည်။



ဤနေရာရှိလမ်းများသည် အလွန်သန့်ရှင်းကာကျယ်ဝန်းလှ၏။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် ဆိုင်ခန်းများ အစီအရီခင်းကျင်းထား၏။

လမ်းပေါ်တွင် လမ်းသွားလမ်းလာများ၊ ဈေးဝယ်ဖောက်ကားသူများနှင့် အလွန်စည်ကားလှ၏။

ရန်ကျားဟုန်နှင့်ကွမ်းချီယင်းသည် တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်နေကြ၏။ နောက်ဆုံးတွင် ခြေထောက်ညောင်းလာ၏။

ထို့ကြောင့် သူတို့သည် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ဝင်ရောက်ကာ အနားယူလိုက်၏။

သူတို့က စားပွဲလွတ်တစ်လုံးတွင်ဝင်ထိုင်ကာ ပတ်ဝန်းကျင်အား ဝေ့ကြည့်လိုက်၏။

ထိုအခါ သူတို့နှင့်ဘေးချင်းကပ်လျက် စားပွဲတွင် လူနှစ်ယောက်ထိုင်နေသည်ကို တွေ့လိုက်ရ၏။

ထိုလူများမှာ သိုင်းသမားတောက်ထင်းနှင့် ယိစူးတို့ဖြစ်ကြ

၏။

သိုင်းသမားတောက်ထင်းနှင့်ယိစူးသည် ရန်ကျားဟုန်နှင့် ကွမ်းချီယင်းအား တစ်ချက်ကြည့်လိုက်၏။

သို့သော် ရန်ကျားဟုန်တို့နှစ်ယောက်မှာ ရုပ်ဖျက်ထားသဖြင့် မမှတ်မိကြပါ။

ရန်ကျားဟုန်က အသံဟိုးတိုးဖြင့်....

"ငါတို့သွားတွေ့လိုက်ရင် ကောင်းမလား"

ဟု ကွမ်းချီယင်းအား မေးလိုက်၏။

ကွမ်းချီယင်းက အနည်းငယ်စဉ်းစားကာ....

"ကျုပ်လည်း အဲ့ဒါစဉ်းစားနေတာ... အခု ကျုပ်တို့က အကူအညီလိုနေတယ်... ဒါပေမယ့် အကူအညီတောင်းလိုက်ရင်လည်း ကျုပ်တို့ရဲ့လျှို့ဝှက်ချက်ပေါက်ကြားမှာ စိုးရတယ်"

ဟု ပြောလိုက်၏။

ရန်ကျားဟုန်က....

"ဒီအကြောင်းကိုလျှို့ဝှက်ထားဖို့ သူတို့ကိုကြို ပြောထားမယ်လေ"

ကွမ်းချီယင်းက သက်ပြင်းတစ်ချက်ချကာ....

"အင်း... တချို့လူတွေက ကိုယ့်ရဲ့လျှို့ဝှက်ချက်တောင် ကိုယ် မထိန်းနိုင်ဘူးဗျ"

ရန်ကျားဟုန်က....



"ငါအထင်တော့ ဒီလူတွေက လင်းနို့အဖွဲ့နဲ့ ကင်းရှင်းမယ် ထင်တာပဲ"

ဟု ပြောလိုက်၏။

ကွမ်းချီယင်းက ခေါင်းညိတ်ကာ....

"ကောင်းပြီလေ... ခင်ဗျား သူတို့နဲ့သွားတွေ့ချင်တယ်ဆိုရင် တော့ သွားတွေ့ပါ... ဒါပေမယ့် ဒီနေရာမှာတော့ စကားပြောလို့မ ကောင်းဘူးဗျ"

ဟု သတိပေးလိုက်၏။

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

ထို့နောက် သူက သိုင်းသမားတောက်ထင်းတို့စားပွဲဆီသို့ လျှောက်သွား၏။

အနားရောက်သည်နှင့်သူက ဦးညွှတ်ကာ....

"မိတ်ဆွေတို့... ပြန်တွေ့ပြန်ပြီနော်"

ဟု နှုတ်ဆက်လိုက်၏။

သိုင်းသမားတောက်ထင်းနှင့်ယိစူးမှာ အံ့အားသင့်နေ၏။

သိုင်းသမားတောက်ထင်းက....

"နေပါဦး... ခင်ဗျားက ဘယ်သူလဲ"

ဟု မေးလိုက်၏။

ရန်ကျားဟုန်က လေသံတိုးတိုးဖြင့်....

"ကျုပ်က ရန်ကျားဟုန်ပါ... ဟိုဘက်စားပွဲမှာ ကျုပ်မိတ်

ဆွေ ကွမ်းချိယင်း ထိုင်နေပါတယ်"

ဟု ပြောလိုက်၏။

သိုင်းသမားတောက်ထင်းက အံ့အားသင့်သွား၏။

"ခင်ဗျားတို့ကို… ဘာကြောင့်ရပ်ဖျက်ထားတာလဲ"

ဟု မေးလိုက်၏။

ရန်ကျားဟုန်က….

"ကျုပ်တို့မှာအရေးကြီးကိစ္စရှိလို့ ခင်ဗျားတို့နဲ့တိုင်ပင်ချင်ပါတယ်… ကျုပ်တို့ တခြားနေရာမှာ သွားစကားပြောရအောင်"

ဟု ခေါ်လိုက်၏။

"ကောင်းပြီလေ"

ယိစူးက ထရပ်လိုက်၏။ သိုင်းသမားတောက်ထင်းကလည်း ထရပ်လိုက်၏။

ထို့နောက် သူတို့သည်ငွေရှင်းကာ ဆိုင်ထဲမှထွက်လာခဲ့လေတော့သည်။

ဤနေရာသည် စားသောက်ဆိုင်တစ်ခုဖြစ်၏။

သို့သော် လာရောက်စားသောက်သူ အလွန်နည်းပါး၏။ ရောင်းချသော စားသောက်ဖွယ်ရာလည်း နည်းလှ၏။



ယခုဆိုင်ထဲသို့ လူနှစ်ယောက်ဝင်လာ၏။ ရန်ကျားဟုန်နှင့် ကွမ်းချိယင်းဖြစ်၏။

သူ့တို့နှင့်မရှေးမနှောင်းမှာပင် ယိစူးနှင့်သိုင်းသမားတောက်ထင်းတို့လိုက်ဝင်လာ၏။

သူတို့သည် ဝိုင်းဖွဲ့ထိုင်ကာ အရက်နှင့်စားသောက်ဖွယ်ရာများ မှာကြားလိုက်၏။

ယိစူးက….

"ကဲ…. မင်းတို့ဘာတိုင်ပင်မှာလဲ"

ဟု မေးလိုက်၏။

ရန်ကျားဟုန်က လင်းနို့အကြောင်းများအား အသေးစိပ် ပြောပြလိုက်၏။

သူ၏စကားဆုံးသောအခါ ယိစူးက အလွန်ခံပြင်းလာ၏။

"ဒီအတိုင်းဆို လင်းနို့က တော်တော်သောင်းကျန်းနေတာပေါ့… ဟုတ်လား"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

သူက မျက်မှောင်ကုတ်ကာ…

"ခင်ဗျားတို့က လင်းနို့နဲ့ပတ်သက်ပြီး ဘာမှမကြားဖူးဘူးလား"

ဟု မေးလိုက်၏။

ယိစူးက ခေါင်းခါယမ်းလိုက်၏။

"မကြားဖူးဘူး... မင်းတို့ပြောမှ လင်းနို့ဂိုဏ်းပေါ်ပေါက်နေတယ်ဆိုတာ သိရတာ"

သိုင်းသမားတောက်ထင်းက....

"ဒါနဲ့ လင်းနို့ဂိုဏ်းရဲ့ဂိုဏ်းချုပ်ဘယ်သူလဲဆိုတာ မသိကြဘူးလား"

ကွမ်းချီယင်းက ခေါင်းခါယမ်းလိုက်၏။

"သူက မျက်နှာဖုံးစွပ်ထားတော့ ဘယ်သူဘယ်ဝါဆိုတာမသိရဘူး... နောက်ပြီး သူနဲ့တွေ့တိုင်း ညဘက်ဆိုတော့ ဘယ်သူဆိုတာ မခန့်မှန်းနိုင်ဘူး"

သိုင်းသမားတောက်ထင်းက....

"ခင်ဗျားက သူနဲ့တွေ့ဖူးတယ် ဟုတ်လား"

ဟု အံ့အားသင့်စွာ မေးလိုက်၏။

ကွမ်းချီယင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ကျုပ်အမေနဲ့ညီမကိုဖမ်းသွားတုန်းက တွေ့တာပါ"

သူက စကားဆက်လိုက်၏။

"သူက သူ့ရဲ့သိုင်းကွက်(၁၀)ကွက်ကိုခုခံနိုင်ရင် ကျုပ်အမေနဲ့ညီမကိုပြန်လွှတ်ပေးမယ်လို့ပြောတယ်"

သိုင်းသမားတောက်ထင်းက စိတ်ဝင်စားလာ၏။



"အဲ့ဒီလိုပြောတယ်ဆိုတော့ သူက သိုင်းသမားတစ်ယောက်ဖြစ်မယ်"

ကွမ်းချီယင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... သူက အဆင့်မြင့်တဲ့သိုင်းသမားတစ်ယောက်ပဲ"

တောက်ထင်းက....

"အဲ့ဒီတော့...."

ကွမ်းချီယင်းက မချိပြုံးပြုံးလိုက်၏။

"ကျုပ်ရှုံးတယ်လေ... ကျုပ်က သူ့ရဲ့သိုင်းကွက်(၇)ကွက်ကိုတောင်မခံနိုင်ဘူး"

တောက်ထင်းက မျက်လုံးပြူးသွား၏။

"လင်းနို့ဂိုဏ်းချုပ်က တော်တော်ကြောက်စရာကောင်းတဲ့လူပဲ"

ကွမ်းချီယင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... သူ့ရဲ့သိုင်းပညာက အတော်ကြောက်စရာကောင်းတယ်"

တောက်ထင်းက မျက်မှောင်ကုတ်ကာ....

"ဒါဖြင့် သူ့ရဲ့အဖွဲ့သားတွေက သိုင်းလောကတစ်ခုလုံးကိုလွှမ်းမိုးဖို့ ကြိုးစားနေကြတာပေါ့"

ကွမ်းချီယင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"လင်းနို့အဖွဲ့သားတွေက ညဘက်မှာလှုပ်ရှားကြပေမယ့် သူတို့ရဲ့လှုပ်ရှားမှုတိုင်းက ထိရောက်ပြီး စွမ်းဆောင်ရည်အပြည့်ရှိတာကို တွေ့ရတယ်"

သိုင်းသမားတောက်ထင်းက သူတို့အား မျက်လုံးဝေ့ကြည့်လိုက်၏။

"အင်း... အခု ခင်ဗျားတို့ ဘာဆက်လုပ်ကြမလဲ... ကျုပ်ကကော ဘာကူညီရမလဲ"

ဟု မေးလိုက်၏။

ရန်ကျားဟုန်က....

"ခင်ဗျားတို့ကူညီမယ်ဆိုရင်တော့ ခိုင်ဖုံးမြို့မှာ ခဏနေပေးကြပါဦး... ကျုပ်တို့က လင်းနို့ဂိုဏ်းရဲ့ဌာနချုပ်ကိုတွေ့ဖို့ သဲလွန်စရှာနေပါတယ်... တကယ်လို့တွေ့ခဲ့တယ်ဆိုရင် ခင်ဗျားတို့ရဲ့အကူအညီကို မလွဲမသွေ လိုအပ်နေပါတယ်"

ဟု ပြောလိုက်၏။

တောက်ထင်းက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ... ကျုပ်တို့ကူညီပါ့မယ်"

ယီစူးက....

"ကျုပ်တို့ရဲ့မြင်းတွေခိုးသွားတာလည်း လင်းနို့ဂိုဏ်းကပဲဖြစ်မယ်"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။



"ဟုတ်ပါတယ်"

ယီစူးက....

"တောက်... တွေ့ကြသေးတာပေါ့ကွာ"

ဟု ကြုံးဝါးလိုက်လေတော့သည်။

ညနေဆည်းဆာ....။

ကောင်းကင်ပေါ်တွင် တိမ်ပန်းချီခြယ်ထား၏။

နေလုံးကြီးသည် အနောက်ဘက်တောင်စွန်းသို့ဆင်းနေ၏။

ကွမ်းချိယင်းသည် ရန်ကျားဟုန်၊ ယီစူးနှင့်တောက်ထင်းတို့အားခေါ်ကာ ဒုတိယမြောက်ခိုအား လွှတ်လိုက်၏။

သူတို့သည် ခိုကလေးပျံသန်းသွားရာသို့ အကဲခတ်ကြည့်ရှုနေ၏။

ခိုကလေးသည် မြောက်ဘက်သို့ဦးတည်ကာ ပျံသန်းနေ၏။

ရန်ကျားဟုန်က ဝမ်းသာသွား၏။

"ဟော့... ခိုကလေးသွားတဲ့နေရာက ဟိုနေ့က ကျုပ်တို့လွှတ်လိုက်တဲ့နေရာကိုပဲကွ"

သူက ကွမ်းချိယင်းအား အရှေ့မြောက်ဘက်သို့လက်ညှိုးညွှန်ပြလိုက်၏။

ကွမ်းချိုယင်းက....

"မဟုတ်မှလွဲရော... လင်းနို့ဂိုဏ်းရဲ့ဌာနချုပ်က အရှေ့မြောက်ဘက်မှာရှိလိမ့်မယ်"

ဟု ပြောလိုက်၏။

သူကပြောနေစဉ်မှာပင် ခိုကလေးသည် အရှေ့မြောက်ဘက်သို့ဆက်မသွားတော့ဘဲ တခြားတစ်ဖက်သို့ကွေ့ပတ်ကာ ပျံသန်းသွားသည်ကိုတွေ့မြင်လိုက်ရ၏။

ကွမ်းချိုယင်းမှာ မျက်မှောင်ကုတ်သွား၏။

ရန်ကျားဟုန်က အံ့အားသင့်ကာ....

"ဟင်... ခိုကလေးက တခြားနေရာကိုပျံသန်းသွားပါလား"

ဟု ရေရွတ်လိုက်၏။

ယိစူးက အနည်းငယ်စဉ်းစားကာ....

"ကျုပ်အထင်ပြောရရင် လင်းနို့ဂိုဏ်းက ခိုတွေကိုတစ်နေရာထဲမှာထားရင် ဂိုဏ်းဌာနချုပ်ကိုသိမှာစိုးလို့ ခိုတွေကိုနေရာတွေခွဲပြီးထားတာဖြစ်မယ်"

ဟု ပြောလိုက်၏။

ရန်ကျားဟုန်က....

"ခင်ဗျားပြောတာ ဖြစ်နိုင်တယ်"

တောက်ထင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း... ဒီအတိုင်းဆိုရင်တော့ လင်းနို့ဂိုဏ်းချုပ်က အင်မတန်ဉာဏ်များပြီး ကောက်ကျစ်စဉ်းလဲတဲ့လူဖြစ်ရမယ်"



ဟု ကောက်ချက်ချလိုက်၏။

ကွမ်းချိုယင်းက....

"ခင်ဗျားပြောတာ ဖြစ်နိုင်တယ်"

တောက်ထင်းက....

"ဒါဖြင့် ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ"

ကွမ်းချိုယင်းက....

"အခြေအနေကြည့်ပြီး လှုပ်ရှားရမှာပဲ"

ဟု ပြောလိုက်၏။

တောက်ထင်းက ခေါင်းညိတ်ကာ....

"ကောင်းပြီ... ကျုပ်တို့ကျားပျံတည်းခိုခန်းမှာ ရှိနေမယ်... အကြောင်းရှိရင် လာခေါ်ပါ"

"ကောင်းပါပြီ"

ရန်ကျားဟုန်နှင့်ကွမ်းချိုယင်းက ပြိုင်တူခေါင်းညိတ်လိုက်လေတော့သည်။

နောက်တစ်နေ့နံနက်....။

ကျားပျံတည်းခိုခန်း....။

ရန်ကျားဟုန်နှင့်ကွမ်းချီယင်းသည် ကျားပျံတည်းခိုခန်းသို့ ရောက်ရှိသွားကြ၏။

သိုင်းသမားတောက်ထင်းက အံ့အားသင့်သွား၏။

"ဟင်... ခင်ဗျားတို့ရောက်လာတာဆိုတော့ အကြောင်းထူး ရှိပြီလား"

ကွမ်းချီယင်းက ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူး"

သိုင်းသမားတောက်ထင်းက သူတို့အား အခန်းထဲသို့ခေါ် ဆောင်သွား၏။

"ဘာစားကြမလဲ"

ကွမ်းချီယင်းက....

"ကျုပ်တို့စားခဲ့ပြီးပါပြီ"

တောက်ထင်းက မျက်မှောင်ကုတ်ကြည့်ကာ....

"ဒါဖြင့်...."

ကွမ်းချီယင်းက....

"ကျုပ်တို့ အကူအညီတောင်းမလို့ပါ"

တောက်ထင်းက ခေါင်းညိတ်လိုက်၏။

"ပြောပါ... ကျုပ်တတ်နိုင်တာမှန်သမျှ ကူညီပါ့မယ်"

ရန်ကျားဟုန်က ဘာမှဝင်မပြောဘဲ ငြိမ်သက်စွာ နားထောင် နေ၏။



ကွမ်းချီယင်းက တောက်ထင်းအား ကြည့်ကာ....

"ခင်ဗျားက နိုင်ဖုံးမြို့ကို မကြာခဏရောက်နေတဲ့လူဆိုတော့ သိပ်ချမ်းသာတဲ့လူ... ဒါမှမဟုတ်ရာထူးကြီးတဲ့လူတွေကို သိမှာပေါ့ နော်"

ဟု မေးလိုက်၏။

တောက်ထင်းက ခေါင်းညိတ်လိုက်၏။

"သိသင့်သလောက် သိပါတယ်"

ကွမ်းချီယင်းက....

"ခင်ဗျားသိသလောက် လူတွေရဲ့နာမည်တွေကိုပြောပြပါ လား"

တောက်ထင်းက ပြုံးကာ....

"နေဦး... ကျုပ်ယိစူးကိုခေါ်လိုက်မယ်... သူက ကျုပ်ထက်ပို သိနိုင်တယ်"

သူတို့ ထိုသို့ပြောနေစဉ် အခန်းထဲသို့ ယိစူးဝင်ရောက်လာ ၏။

သူက ရန်ကျားဟုန်တို့နှစ်ယောက်အား ကြည့်ကာ....

"မင်းတို့ရောက်နေတာကို... ဘာတွေပြောနေကြတာလဲ"

ဟုမေးကာ နှုတ်ဆက်လိုက်၏။

တောက်ထင်းက ကွမ်းချီယင်းအား ညွှန်ပြကာ....

"သူက နိုင်ဖုံးမြို့ကကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေရဲ့နာမည်ကို

လိုချင်လို့တဲ့"

ယိစူးက မျက်မှောင်ကုတ်ကာ....

"ဘာလုပ်မလို့လဲ"

ဟု မေးလိုက်၏။

ကွမ်းချီယင်းက....

"ကိစ္စနည်းနည်းရှိလို့ပါ"

ယိစူးက....

"လွယ်ပါတယ်ဗျာ... နိုင်ဖုံးမြို့မှာအချမ်းသာဆုံးပုဂ္ဂိုလ်(၁၀) ယောက်ပဲရှိတယ်ဆိုတာ ဒီတစ်မြို့လုံးကလူတွေ သိကြပါတယ်"

ကွမ်းချီယင်း၏မျက်လုံးများ တောက်ပလာ၏။

သူက အိတ်ထဲမှစာရွက်နှင့်စုတ်တံအား ထုတ်ယူလိုက်၏။

"ကျေးဇူးပြုပြီး သူတို့ရဲ့နာမည်နဲ့အလုပ်အကိုင်ကိုပြောပြပါလားဗျာ"

ယိစူးက ခေါင်းညိတ်လိုက်၏။

ထို့နောက် နိုင်ဖုံးမြို့ရှိ အချမ်းသာဆုံးလူ(၁၀)ယောက်၏အမည်အား ဖြည်းညင်းစွာ ရွတ်ပြလိုက်၏။

ကွမ်းချီယင်းက သူရွတ်ပြသမျှအား စာရွက်ပေါ်တွင် ရေးထားလိုက်လေတော့သည်။



နောက်တစ်နေ့....။

ရန်ကျားဟုန်၊ ကွမ်းချီယင်း၊ ယိစူးနှင့်တောက်ထင်းတို့သည် စားသောက်ဆိုင်တစ်ဆိုင်တွင် တွေ့ဆုံကြ၏။

သူတို့က လုပ်ငန်းစတင်ရန် တိုင်ပင်လိုက်၏။

ယနေ့ သူတို့က ခိုတစ်ကောင် ထပ်မံပစ်လွှတ်မည်ဖြစ်၏။

ယင်းခိုက မည်သည့်နေရာသို့ ပျံသန်းသွားသည်ကိုသိနိုင်ရန် အရပ်လေးမျက်နှာတွင် လူစုခွဲကာစောင့်ကြည့်ရန် ဆုံးဖြတ်ထား၏။

ကွမ်းချီယင်းက ခိုလွှတ်ရန် တာဝန်ယူလိုက်၏။

သူက ခိုတစ်ကောင်အား အင်္ကျီလက်ထဲတွင်ဖွက်ယူကာ ဥယျာဉ်ထဲသို့လှမ်းဝင်ခဲ့၏။

ထို့နောက် အချိန်စောင့်လိုက်၏။ ရန်ကျားဟုန်သည် ရှေ့တည့်တည့်သို့ ဦးတည်သွား၏။

ယိစူးကမူ အရှေ့မြောက်ဘက်သို့ချိုးကွေ့သွား၏။

တောက်ထင်းမှာ အနောက်မြောက်ဘက်သို့ဦးတည်သွားမည်ဖြစ်၏။

ကွမ်းချီယင်းသည် ဥယျာဉ်ထဲတွင်ထိုင်စောင့်နေ၏။

အတန်ကြာသောအခါ ရန်ကျားဟုန်တို့သုံးယောက်တစ်မိုင်ကျော်အကွာသို့ရောက်ပြီဟုယူဆကာ အင်္ကျီလက်ထဲမှခိုအား ထုတ်ယူလိုက်၏။

ထို့နောက် အစိမ်းမှာယ်မဖော်နိုင်သောအပြုံးဖြင့်ပြုံးကာ ခိုအား ကောင်းကင်ပေါ်သို့ပစ်တင်လိုက်၏။

"ဗိုး....."

ခိုကလေးသည် တောင်ပံတဖျပ်ဖျပ်ခတ်ကာ အပေါ်သို့ထောင်တက်သွား၏။

ကွမ်းချိုယင်း၏ဦးခေါင်းပေါ်တွင် သုံးပတ်မျှပျံဝဲကာ အရှေ့ဘက်သို့ပျံသန်းသွား၏။ ယခုလွှတ်လိုက်သောခိုမှာ တတိယခိုဖြစ်၏။

ခို၏ခြေထောက်တွင် ချည်ပေးလိုက်သောစာမှာ....

"ရန်ကျားဟုန်က ခရေပန်းတောင်ကြားကိုရောက်သွားပြီ... ခရေပန်းသခင်မနဲ့ တွေ့ဆုံရင်းနှီးဖို့ကြိုးစားနေတယ်... ဒီကိစ္စအတော်ကြာမယ်ထင်တယ်... အကြောင်းကိစ္စထူးမှ စာထပ်ပို့ပါ့မယ်"

ဟု ရေးသားထား၏။

ကွမ်းချိုယင်းသည် ခိုအားလွှတ်ပြီးနောက် ထိုနေရာတွင်ဆက်ထိုင်နေ၏။

အတန်ကြာသောအခါ ရန်ကျားဟုန်က ဥယျာဉ်ထဲဝင်ရောက်လာ၏။

သူက ကွမ်းချိုယင်းနံဘေးတွင် ထိုင်ချလိုက်၏။ ကွမ်းချိုယင်း



က ဘေးဘီသို့တစ်ချက်ဝေ့ကြည့်လိုက်၏။

အနီးတွင် လူသူတစ်စုံတစ်ယောက်မှမတွေ့ရပါ။ ထိုအခါမှ သူက ရန်ကျားဟုန်အား မေးလိုက်၏။

"တွေ့ခဲ့လား"

ရန်ကျားဟုန်က ခေါင်းခါယမ်းလိုက်၏။

"မတွေ့ခဲ့ဘူး... မြောက်ဘက်ကိုပျံသွားတာပဲ"

ဟု ဖြေလိုက်၏။

ကွမ်းချိုယင်းက....

"ဟုတ်လား... ဒါဆိုရင် ယိစူးက သူ့ကိုတွေ့လိမ့်မယ်ထင်တယ်"

ဟု ပြောလိုက်၏။ ထိုစဉ် ဥယျာဉ်ထဲသို့သိုင်းသမားတောက်ထင်း ဝင်ရောက်လာ၏။

သူက အနီးသို့ရောက်သောအခါ ရန်ကျားဟုန်အား....

"ဘယ်လိုလဲ... ခိုတွေ့ခဲ့လား"

ဟု မေးလိုက်၏။

ရန်ကျားဟုန်က ခေါင်းခါယမ်းလိုက်၏။

"ကျုပ်လည်း သစ်ပင်ပေါ်တက်ပြီး စောင့်ကြည့်နေတာပဲ... ကျုပ်ဘက်ကို ပျံမလာဘူး"

သိုင်းသမားတောက်ထင်းက....

"ဒါဖြင့် ယိစူးဘက်ကိုပျံသန်းသွားတာဖြစ်နိုင်တယ်... သူ

ရောက်လာရင်တော့ ဒီနိဘယ်ဘက်ကိုပျံသန်းသွားတယ်ဆိုတာ သိရမှာပဲ"

ဟု ပြောလိုက်၏။

သူက သစ်ကိုင်းတစ်ကိုင်းအား ချိုးလိုက်၏။ ထို့နောက် မြေပေါ်တွင် နိကလေးသုံးကောင်ပျံသန်းသည့် ရုပ်ပုံကိုရေးဆွဲလိုက်၏။

ထိုသို့ရေးဆွဲနေရင်း သူ့မျက်နှာတွင် သံသယဖြစ်နေသော ဟန်မူရာများ ဖြစ်ပေါ်လာ၏။

"ကျုပ်တော့ အံ့ဩမိပြီ"

ဟု ရုတ်တရက် ပြောလိုက်၏။

ကွမ်းချိုယင်းက....

"ဘာဖြစ်လို့လဲ"

ရန်ကျားဟုန်က တုတ်ချောင်းဖြင့် ရုပ်ပုံလေးများအား ထောက်ပြကာ....

"ပထမလွှတ်လိုက်တဲ့နိက မြောက်ဘက်ကိုပျံသန်းသွားတယ်... ဒုတိယလွှတ်လိုက်တဲ့နိက အရှေ့ဘက်ကိုပျံသွားတယ်"

သူက တတိယနိပုံအား ထောက်ကာ....

"အခုလွှတ်လိုက်တဲ့နိကတော့ အရှေ့မြောက်ဘက်ကိုပျံသန်းသွားတယ်... ဒီအတိုင်းဆိုရင် နိသုံးကောင်က မြို့တစ်ဝက်ကိုပတ်နေတာပေါ့"

ဟု ပြောလိုက်၏။



ကွမ်းချိုယင်းက ခေါင်းခါယမ်းလိုက်၏။

"ဒါ... ဒါ... မဖြစ်နိုင်ဘူး"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ပထမနိနဲ့ဒုတိယနိက ဆန့်ကျင်ဘက်ကိုပျံသန်းနေတယ်"

တောက်ထင်းက....

"ကျုပ်တော့ နားမလည်နိုင်တော့ဘူး"

ရန်ကျားဟုန်က သက်ပြင်းတစ်ချက်ချလိုက်၏။

သူက အရှေ့ဘက်ဥယျာဉ်သို့မျှော်ကြည့်ကာ....

"ယိစူးက ဘာဖြစ်လို့ ပြန်မရောက်သေးတာလဲ"

ဟု ရေရွတ်လိုက်၏။

သူ့အသံတွင် စိုးရိမ်သောအရိပ်အယောင်များ ပါဝင်နေ၏။

ကွမ်းချိုယင်းက....

"သူ သွားတဲ့နေရာကဝေးတယ်ထင်တယ်"

သူတို့သည် ဘာမှဆက်မပြောတော့ပါ။

ဥယျာဉ်ထဲတွင်ငြိမ်သက်စွာထိုင်ကာ ယိစူးအား စောင့်မျှော်နေကြလေတော့သည်။

ကျောက်လက်ဝါး

ရန်ကျားဟုန်တို့သုံးယောက်သည် ဥယျာဉ်ထဲတွင် အတန်ကြာအောင်ပင် ထိုင်စောင့်နေ၏။

သို့သော် အချိန်ကြာသည့်တိုင်အောင် ယိစူးပြန်ရောက်မလာသေးပါ။

ရန်ကျားဟုန်၏စိတ်ထဲတွင် လေးလံလာ၏။ သူက ထိုင်ရာမှထလိုက်၏။

"ကျုပ်တို့လိုက်သွားရင်ကောင်းမယ်"

ဟု ပြောလိုက်၏။ သူ့စကားအဆုံးတွင် ကျန်နှစ်ယောက်ပြိုင်တူထရပ်လိုက်၏။

ထို့နောက် သုံးယောက်စလုံး ထိုနေရာမှထွက်ခွာသွားကြလေတော့သည်။



ရန်ကျားဟုန်သည် အရှေ့မြောက်ဘက်သို့ ဦးတည်ကာလျှောက်သွားနေ၏။

တောက်ထင်းနှင့်ကွမ်းချီယင်းတို့က သူ့နောက်မှလိုက်နေ၏။

သို့သော် သူတို့က အတန်ကြာအောင် လျှောက်နေသော်လည်း ယိစူး၏အရိပ်အယောင်အား မတွေ့ရပါ။

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"ယိစူးက ဘယ်ထိရောက်နေလဲမသိဘူး"

ဟု ညည်းတွားလိုက်၏။

ကွမ်းချီယင်းက....

"သူက ခိုပျံ့တဲ့နောက်ကိုလိုက်သွားလားမှမသိဘဲ"

ဟု ပြောလိုက်၏။

တောက်ထင်းက ပြုံးကာ...

"ခိုနောက်ကိုလိုက်လို့ ဘယ်မီပါ့မလဲ"

ရန်ကျားဟုန်က....

"ဒါဆို ကျုပ်တို့လမ်းလွှဲနေကြပြီထင်တယ်"

ကွမ်းချိယင်းက....

"ဖြစ်နိုင်တယ်... ကျုပ်တို့ တစ်ခါလောက် ဥယျာဉ်ထဲကိုပြန်ကြည့်ရင်ကောင်းမယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူတို့သုံးယောက်သည် ဥယျာဉ်သို့ပြန်လာခဲ့ကြလေတော့သည်။

ရန်ကျားဟုန်တို့သုံးယောက်သည် ဥယျာဉ်သို့ပြန်လည်ရောက်ရှိလာ၏။

သို့သော် ဥယျာဉ်ထဲတွင် ယိစူးအား မတွေ့ရပါ။ ရန်ကျားဟုန်တို့စိတ်ထဲတွင် လေးလံလာ၏။

တောက်ထင်းမှာ မျက်မှောင်ကုတ်ကာ ငြိမ်သက်စွာ ရပ်နေ၏။

ပြီးနောက် ခြေတစ်ချက်ဆောင့်ကာ....

"မဖြစ်နိုင်တော့ဘူး... သူ တစ်ခုခုဖြစ်နေပြီထင်တယ်"

ဟု ရေရွတ်လိုက်၏။

ထို့နောက် ရုတ်တရက် အရှေ့မြောက်ဘက်သို့ပြေးလွှားသွားလေသည်။



ရန်ကျားဟုန်နှင့်ကွမ်းချိယင်းကလည်း နောက်မှပြေးလိုက်သွားလေတော့သည်။

နေလုံးကြီးသည် လုံးဝပျောက်ကွယ်သွားပြီဖြစ်၏။

အမှောင်ထုက တဖြည်းဖြည်း စိုးမိုးလာ၏။

ရန်ကျားဟုန်တို့သုံးယောက်သည် လုံးဝရပ်နားခြင်းမရှိဘဲ ရှေ့သို့သာ ဆက်၍ပြေးနေ၏။

ရုတ်တရက် သူ၏မျက်လုံးများသည် ရှေ့ဘက်ဝါးတစ်ရိုက်ခန့်အကွာရှိ မြက်ခင်းပြင်ပေါ်သို့ ရောက်ရှိသွား၏။

"အို...."

ရန်ကျားဟုန်က ခြေလှမ်းရပ်တန့်လိုက်၏။

"ဟို... ဟိုမှာ... ယိစူး...."

ဟု အော်လိုက်၏။

သူက လက်ညှိုးညွှန်ပြသဖြင့် ကွမ်းချိယင်းနှင့်တောက်ထင်းက လိုက်ကြည့်လိုက်၏။

ထိုအခါမှပင် သူတို့တွေ့ချင်သောယိစူးအား တွေ့လိုက်ရ၏။

သူတို့က ထိတ်လန့်သွား၏။ ယိစူးသည် သစ်ပင်တစ်ပင်အားမှီကာ ထိုင်နေ၏။

သို့သော် မည်သည့်လှုပ်ရှားမှုမှမရှိတော့ပါ။

"ယိစူး...."

တောက်ထင်းက ကျယ်လောင်စွာ အော်လိုက်၏။ သို့သော် သူ၏အော်သံကို ယိစူးက တုံ့ပြန်ခြင်းမရှိပါ။ ထို့ပြင် ကြားနိုင်စွမ်းလည်းမရှိတော့ပါ။

အကြောင်းမှာ ယိစူးသည် အသက်နှင့်ခန္ဓာ ကင်းကွာနေသောကြောင့် ဖြစ်၏။

တောက်ထင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

သူက ယိစူး၏အလောင်းအားဖက်ကာ မြေပေါ်တွင် လဲလျောင်းသည့်အနေအထားပြုလုပ်လိုက်၏။

ထို့နောက် ယိစူး၏အင်္ကျီအားချွတ်ကာ သေဆုံးသည့်အကြောင်းရင်းကိုရှာဖွေလိုက်၏။

"ဟင်...."

သူက မျက်လုံးပြူးသွား၏။

ယိစူး၏ရင်ဝတွင် ဖြူဖွေးနေသောလက်ဝါးရာအား တွေ့လိုက်ရသောကြောင့်ဖြစ်၏။

သူက ရန်ကျားဟုန်နှင့်ကွမ်းချီယင်းအား မော့ကြည့်လိုက်၏။



ရန်ကျားဟုန်နှင့်ကွမ်းချီယင်းမှာလည်း မျက်နှာကွက်ခနဲပျက်သွားကြ၏။

ကွမ်းချီယင်းက....

"ဒါ... ရေခဲလက်ဝါးလား"

ဟု မေးလိုက်၏။

ရန်ကျားဟုန်က လက်ဝါးရာအား သေချာစွာကြည့်ကာ ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး... ရေခဲလက်ဝါးက ဖြူပေမယ့် ဒီလောက်မထင်ရှားဘူး... အခုလက်ဝါးရာက သိပ်ထင်ရှားနေတဲ့အတွက်...."

သူက စကားမဆက်ဘဲ ရပ်လိုက်၏။

ကွမ်းချီယင်းက....

"ဒါ... ဒါဖြင့် ကျောက်လက်ဝါး"

ဟု ရေရွတ်လိုက်၏။

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ကျောက်လက်ဝါးကသာ အခုလိုထင်ထင်ရှားရှား တွေ့နိုင်တာပဲ"

တောက်ထင်းမှာ အံ့အားသင့်နေ၏။

"ဘယ်လို... ကျောက်လက်ဝါးဟုတ်လား"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

တောက်ထင်းက မယုံကြည်နိုင်စွာဖြင့်....

"ကျောက်လက်ဝါးသိုင်းဟာ တောင်ပင်လယ်က ကျောက်ဖြူနန်းတော်အရှင်သခင်ရဲ့ လျှို့ဝှက်သိုင်းကွက်ပဲ... ဒီသိုင်းပညာသိုင်းလောကထဲမှာ ကွယ်ပျောက်နေတာနှစ်ပေါင်း အတော်ကြာနေပြီ"

ဟု ပြောလိုက်၏။

ကွမ်းချီယင်းက ပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်လိုက်၏။

"ဒီနေရာတစ်ဝိုက်မှာတိုက်ပွဲဖြစ်တဲ့လက္ခဏာ မတွေ့ရဘူး... ဒါကြောင့် ယီစူးက အလစ်ဝင်တိုက်ခံရတာဖြစ်မယ်"

တောက်ထင်းက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး... အခုရင်ဘတ်က လက်ဝါးရာက အလစ်ဝင်တိုက်ခံရတာမဟုတ်ဘူး... မျက်နှာချင်းဆိုင်တိုက်ခိုက်ခံရတာ"

ကွမ်းချီယင်းက....

"ဒါဖြင့် သူ့ကိုတိုက်ခိုက်တဲ့လူက သူ့ရဲ့အရင်းနှီးဆုံးမိတ်ဆွေဖြစ်နိုင်သလား"

ဟု မေးလိုက်၏။

တောက်ထင်းက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး"

ကွမ်းချီယင်းက....



"ဘာဖြစ်လို့လဲ"

တောက်ထင်းက....

"ခိုင်ဖုံးမြို့မှာ သူနဲ့ရင်းနှီးတဲ့လူ အင်မတန် နည်းပါတယ်... ပေါင်ပေ့အာမခံဌာနက ပေါင်ပေ့ပဲရှိတယ်"

ကွမ်းချီယင်းက....

"ယီစူးကိုသတ်တဲ့လူက ခိုင်ဖုံးမြို့ကလူဖြစ်ဖို့ နည်းပါတယ်"

တောက်ထင်းက....

"တစ်ခုတော့ရှိတယ်"

ကွမ်းချီယင်းက....

"ဘာများလဲ"

တောက်ထင်းက....

"မထင်မှတ်တဲ့လူ...."

ဟု တစ်လုံးချင်း ပြောလိုက်၏။ ကွမ်းချီယင်းမှာ ပါးစပ်ပိတ်သွား၏။

အတန်ကြာမှ တောက်ထင်းက....

"အခုလို ယီစူးအသတ်ခံရတဲ့သတင်း သိုင်းလောကထဲပျံ့သွားရင် မလွယ်ဘူး"

ကွမ်းချီယင်းက....

"ဟုတ်တယ်... ဒီကိစ္စကိုဘယ်လိုလုပ်ကြမလဲ"

ရန်ကျားဟုန်က အနည်းငယ်စဉ်းစားကာ....

"ကျုပ်တို့ရဲ့လှုပ်ရှားမှုကို လင်းနို့ဂိုဏ်းကသိသွားပြီလား မသိဘူး"

ကွမ်းချိယင်းက....

"မဖြစ်နိုင်ဘူး... ကျုပ်တို့ရဲ့လှုပ်ရှားမှုကို လင်းနို့ဂိုဏ်းကသိသွားရင် ကျုပ်တို့ကိုရန်လာရှာမှာ သေချာတယ်"

တောက်ထင်းက....

"ယိစူးက သူတို့ရဲ့ဌာနချုပ်ကိုတွေ့သွားလို့ အသတ်ခံရတာကော မဖြစ်နိုင်ဘူးလား"

ကွမ်းချိယင်းက ဘာမှမပြောပါ။ ရန်ကျားဟုန်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ဘာပဲဖြစ်ဖြစ်လေ... သူ့ကိုအရင်မြေမြှုပ်ဖို့အရေးကြီးတယ်... ခင်ဗျားတို့ ဘယ်လိုသဘောရသလဲ"

တောက်ထင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ယိစူးက မိသားစုမရှိဘူးဆိုတော့ ဒီမှာပဲ မြေမြှုပ်ကြတာပေါ့... နောက်မှ သူ့ဆွေမျိုးတွေကို အကြောင်းကြားတော့မယ်"

ရန်ကျားဟုန်က....

"ဒါဖြင့် ဒီနေရာမှာပဲမြှုပ်ကြမယ်"

သူကပြောပြီး ဓားအားဆွဲထုတ်ကာ ထိုနေရာတွင် တွင်းတူးလိုက်၏။



ကွမ်းချိယင်းနှင့်တောက်ထင်းကလည်း ဓားကိုယ်စီထုတ်ကာ တွင်းဝိုင်းတူးပေးလိုက်၏။

မကြာပါချေ ထိုနေရာတွင် တွင်းတစ်ခုဖြစ်ပေါ်လာ၏။

တောက်ထင်းသည် ယိစူး၏အလောင်းအားပွေ့ယူရန် ဟန်ပြင်လိုက်၏။

ထိုအချိန်မှာပင်....

"နေပါဦး... တွင်းကိုကျယ်ကျယ်တူးပါ... ဒါမှလူများများဆန့်မှာပေါ့"

ဟူသောစကားသံတစ်ခု အမှောင်ထုထဲမှထွက်လာ၏။ အသံမှာ အေးစက်စက်နိုင်လှ၏။

ရန်ကျားဟုန်တို့သုံးယောက်က အသံလာရာသို့လှည့်ကြည့်လိုက်၏။

သို့သော် တစ်စုံတစ်ယောက်ကိုမှမတွေ့ရပါ။ သူတို့က ရင်ထိတ်သွားကြ၏။

သူတို့သည် အသံထွက်ပေါ်လာရာသို့ ပြိုင်တူလှည့်ကြည့်လိုက်ပြီး ဓားကိုယ်စီဆုပ်ကိုင်ထားကြ၏။

တောက်ထင်းက အမှောင်ထုအတွင်းသို့စိုက်ကြည့်ကာ....

"ဟေ့... သတ္တိရှိရင်ထွက်ခဲ့ပါ"

ဟု အော်ငေါက်လိုက်၏။

သူ့အော်သံအဆုံးတွင်....

"ဟား... ဟား... ဟား"

ရယ်မောသံများ ဆူညံစွာ ထွက်ပေါ်လာလေတော့သည်။

"ဟား... ဟား... ဟား"

လူတစ်ယောက်တည်း၏ရယ်သံ မဟုတ်ပါ။

ရယ်သံများမှာ စူးရှပြီး ကြားရသူများအား ထိတ်လန့်စေ၏။

ရယ်သံများအဆုံးတွင် သစ်ပင်များကြားထဲမှ အနက်ရောင် ဝတ်စုံဝတ်ဆင်ထားကာ မျက်နှာဖုံးစွပ်များ ဝတ်ထားသည့်လူများ ထွက်ပေါ်လာ၏။

လင်းနို့အဖွဲ့သားများ ဖြစ်၏။ စုစုပေါင်း(၆)ယောက်တိတိ ဖြစ်၏။

လင်းနို့များလက်ထဲတွင် ဓားကိုယ်စီကိုင်ကာ ရန်ကျားဟုန် တို့အား ဝိုင်းရံထား၏။

ရန်ကျားဟုန်နှင့်ကွမ်းချိယင်းမှာ ထိတ်လန့်သွား၏။

လင်းနို့များမှာ မိမိတို့အား မှတ်မိမည်ကိုစိုးရိမ်သောကြောင့် ဖြစ်၏။

တောက်ထင်းက ထိုလူများအား ဝေ့ကြည့်ကာ....

"မင်းတို့က လင်းနို့တွေလား"



ထိုလူများအနက် အဖွဲ့ခေါင်းဆောင်ဖြစ်သူက ခေါင်းညိတ် လိုက်၏။

"ဟုတ်ပါတယ်"

တောက်ထင်းက မချိပြုံးပြုံးလိုက်၏။

"အတော်ပဲ... ကျုပ်တို့က မင်းတို့ကိုလိုက်ရှာနေတာ"

အဖွဲ့ခေါင်းဆောင်က....

"ဘာဖြစ်လို့လဲ"

တောက်ထင်းက ယိရှူး၏အလောင်းအား ညွှန်ပြကာ...

"သူ့ကို မင်းတို့သတ်လိုက်တာလား"

အဖွဲ့ခေါင်းဆောင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... အဆင့်မြင့်တဲ့လင်းနို့တစ်ယောက်က သတ် လိုက်တာပဲ"

တောက်ထင်းက ဒေါသထွက်လာ၏။

"မင်းတို့က ဘာဖြစ်လို့သတ်ရတာလဲ"

အဖွဲ့ခေါင်းဆောင်က....

"ကျုပ်တို့ကိုစုံစမ်းဖော်ထုတ်မယ့်လူကို ကျုပ်တို့က အလှ ကြည့်နေရမှာလား"

တောက်ထင်းမှာ ဒေါသခြောင်းခြောင်းထွက်လာ၏။

"ကျုပ်တို့ရဲ့မြင်းတွေကိုခိုးတာလည်း မင်းတို့လက်ချက်ပဲ မဟုတ်လား"

အဖွဲ့ခေါင်းဆောင်က ရယ်မောကာ....

"ဒီလောက်အသေးအဖွဲ့ကိစ္စကို မေးနေရသေးလားဗျာ"

သူက ဘေးမှရန်ကျားဟုန်နှင့် ကွမ်းချီယင်းအား လှည့်ကြည့်လိုက်၏။

"ခင်ဗျားတို့နှစ်ယောက်က လူစိမ်းတွေလား... နိုင်ဖုံးမြို့မှာမတွေ့ဖူးဘူး"

ထိုစကားကြောင့် ရန်ကျားဟုန်နှင့်ကွမ်းချီယင်းမှာ စိတ်သက်သာရာရသွား၏။

အဖွဲ့ခေါင်းဆောင်က ရန်ကျားဟုန်အား စိုက်ကြည့်ကာ....

"ခင်ဗျားတို့နိုင်ဖုံးမြို့ကို ဘာလာလုပ်တာလဲ"

ဟု မေးလိုက်၏။

ရန်ကျားဟုန်က မဲ့ပြုံးပြုံးကာ....

"ကျုပ်တို့က သူများခိုင်းတာ လုပ်နေရတာပါဗျာ"

ကွမ်းချီယင်းက ကြားဖြတ်ပြောလိုက်၏။

"ခြသေ့်ရဲဘိုက်က ဆုငွေထုတ်ထားတယ်... ပျောက်ဆုံးသွားတဲ့မြင်းတွေကိုပြန်ရှာပေးနိုင်ရင် ဆုငွေနှစ်ထောင်ပေးမယ်တဲ့... ဒါကြောင့် ကျုပ်တို့နိုင်ဖုံးမြို့ကိုရောက်နေကြတာပါ"

အဖွဲ့ခေါင်းဆောင်က ရယ်မောလိုက်၏။

"စုံစမ်းလို့ရပြီလား"

ကွမ်းချီယင်းက ပြုံးလိုက်၏။



"အရင်ကတော့ သဲလွန်စမရဘူး... ဒါပေမယ့် အခုတော့ တရားခံကိုသိရပြီ"

အဖွဲ့ခေါင်းဆောင်က....

"နမြောဖို့ကောင်းလိုက်တာ"

ကွမ်းချီယင်းက....

"ဘာကိုလဲ"

အဖွဲ့ခေါင်းဆောင်က....

"မင်းတို့က အခုမှသဲလွန်စရတယ်... ဒါပေမယ့် မင်းတို့ အခုပဲ သေရတော့မယ်... ဘယ်လိုလုပ်ဆုငွေရတော့မှာလဲ"

ဟု အေးတိအေးစက်ပြောလိုက်၏။

ကွမ်းချီယင်းက ပြုံးလိုက်၏။

"ဘာလဲ... ခင်ဗျားတို့က ကျုပ်တို့ကိုသေအောင်သတ်နိုင်မယ် ထင်နေလား"

အဖွဲ့ခေါင်းဆောင်က....

"သေချာတာပေါ့"

"ဟား... ဟား... ဟား"

ကွမ်းချီယင်းက ရယ်မောလိုက်၏။

"ခင်ဗျားတို့မှားပြီ ထင်တယ်"

အဖွဲ့ခေါင်းဆောင်က....

"မှားလား မှန်လားဆိုတာ အခုပဲသိရမှာပေါ့ကွာ"

သူက ယင်းသို့ပြောကာ ဓားတစ်ချက်ဝှေ့ယမ်းလိုက်၏။

"တိုက်ကြ"

သူ၏အမိန့်သံအဆုံးတွင် ကျန်လူများက ဓားများဝှေ့ယမ်းကာ ရန်ကျားဟုန်တို့သုံးယောက်အား ဝိုင်းရံတိုက်ခိုက်လိုက်၏။

ရန်ကျားဟုန်တို့သုံးယောက်ကလည်း ပြန်လည်တိုက်ခိုက်လိုက်ကြလေတော့သည်။

တစ်ခဏအတွင်းမှာပင် ပြင်းထန်သောတိုက်ပွဲတစ်ခုဖြစ်ပေါ်လာလေတော့သည်။

တိုက်ပွဲမှာ ပြင်းထန်နေ၏။

လူ(၆)ယောက်နှင့်(၃)ယောက်တိုက်ပွဲ ဖြစ်၏။

ထို့ကြောင့် လင်းနို့အဖွဲ့သားများသည် နှစ်ယောက်နှင့်တစ်ယောက်ရင်ဆိုင်နေကြ၏။

ရန်ကျားဟုန်နှင့်ကွမ်းချီယင်းသည် လက်ရှိသိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားနေသော လူစွယ်ဓားသမားများဖြစ်၏။

ထို့ကြောင့် သူတို့သည် လင်းနို့နှစ်ယောက်စီနှင့်ရင်ဆိုင်တိုက်ခိုက်နေရသော်လည်း စိုးရိမ်ခြင်းမရှိပါ။



သို့သော် သူတို့သည် ရုပ်ဖျက်ထားသဖြင့် သူတို့၏ကိုယ်ပိုင်သိုင်းကွက်များကိုအသုံးမပြုဝံ့ဘဲ အခြေအနေကိုကြည့်ကာ တိုက်ခိုက်နေရ၏။

ထို့ကြောင့် သူက ရတ်တရက် အသာစီးမရဘဲဖြစ်နေ၏။

တောက်ထင်းမှာမူ သိုင်းပညာကိုထိန်ဝှက်စရာမလိုသဖြင့် သိုင်းပညာကိုအစွမ်းကုန်အသုံးပြုနိုင်သောကြောင့် လင်းနို့နှစ်ယောက်အား အပေါ်စီးမှတိုက်ခိုက်နိုင်၏။

သို့သော် ထိုလင်းနို့နှစ်ယောက်မှာလည်း သိုင်းပညာမခေပါချေ။

ထို့ကြောင့် တောက်ထင်းက အလွယ်တကူ အနိုင်မရသေးပါ။

တိုက်ပွဲမှာ ရေရွေးတစ်အိုးဆူခန့် အချိန်ကြာလာ၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

ရန်ကျာဟုန်မှာ စိတ်မရှည်နိုင်တော့ပါ။

သူက လျှပ်တစ်ပြက် သူ၏ပျံလွှာဓားသိုင်းကွက်များကို ထုတ်ဖော်အသုံးပြုလိုက်၏။

သူက ခန္ဓာကိုယ်အား အရှေ့သို့တိုးသွားကာ ရုတ်တရက်

အပေါ်သို့ခုန်တက်လိုက်၏။

တစ်ဆက်တည်းပင် လင်းနို့နှစ်ယောက်၏နောက်ဘက်သို့ လျှပ်တစ်ပြက် ရောက်ရှိသွား၏။

လင်းနို့နှစ်ယောက်မှာထိတ်လန့်ကာ နောက်သို့ပြိုင်တူလှည့်ကြည့်လိုက်၏။

ထိုအချိန်မှာပင် ရန်ကျားဟုန်၏ဓားက သူတို့နှစ်ယောက်၏ ရင်ဝသို့ ကန့်လန့်ဖြတ်ခုတ်ချလိုက်မိ၏။

"အား...."

"အား...."

"ဝုန်း...."

စူးရှသောအော်သံများ ရုတ်တရက် ထွက်ပေါ်လာပြီး နှစ်ယောက်စလုံး မြေပေါ်သို့လဲကျသေဆုံးသွားလေတော့သည်။

"ဝုန်း...."

အသံနှင့်အတူ လင်းနို့နှစ်ယောက် မြေပေါ်သို့လဲကျသွားသည်ကိုတွေ့လိုက်ရ၏။

ကျန်လင်းနို့(၄)ယောက်မှာ သူတို့ လူ(၂)ယောက် လဲကျသေဆုံးသွားသည်ကိုတွေ့ရသောအခါ ထိတ်လန့်တုန်လှုပ်သွားကြ၏။



မယုံကြည်နိုင်စွာ ငေးကြည့်နေကြ၏။

ကွမ်းချီယင်းသည် ရရှိလာသောအခွင့်အရေးကို လက်လွှတ်မခံပါ။

သူ့ရှေ့တွင် ငေးငိုင်သွားသောလင်းနို့နှစ်ယောက်အား ရုတ်တရက် ဓားဖြင့် ခုတ်ချလိုက်၏။

"အား...."

"အား...."

လင်းနို့နှစ်ယောက်မှာ အငိုက်မိသွားသဖြင့် ကွမ်းချီယင်း၏ ဓားချက်အား မရှောင်တိမ်းနိုင်တော့ပါ။

"ဝုန်း...."

မြေပေါ်သို့လဲကျကာ သေဆုံးသွားလေတော့သည်။

ထိုအချိန်တွင် တောက်ထင်း၏လက်ထဲမှဓားက အနီးဆုံး လင်းနို့၏ကိုယ်ထဲသို့ စိုက်ဝင်သွား၏။

"အား...."

ကျန်လင်းနို့တစ်ယောက်မှာ ထိတ်လန့်တုန်လှုပ်သွား၏။

သူက ကမန်းကတန်း နောက်သို့ဆုတ်လိုက်၏။

သို့သော် သူ့လူတစ်ယောက်၏အလောင်းအား ခလုတ်တိုက်မိကာ မြေပေါ်သို့လဲကျသွား၏။

တောက်ထင်းက လက်ထဲမှဓားဖြင့် ထိုလူ၏ရင်ဝအား ထိုးစိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော် ရန်ကျားဟုန်က လက်ကာပြလိုက်၏။

"ဟေ့လူ… မလုပ်ပါနဲ့တော့… ဒီလူတစ်ယောက်တော့ ချန်ထားပါ"

ဟု ဟန့်တားလိုက်၏။

ထိုလင်းနို့မှာ ကမန်းကတန်း လဲကျရာမှ ထလိုက်၏။

"ဝုစ်…."

ရုတ်တရက် လေတိုးသံနှင့်အတူ လက်နက်ပုန်းတစ်ခုက သူ၏ရင်ဝသို့ထိမှန်သွားကာ အရုပ်ကြိုးပြတ်လဲကျသွား၏။

"ဝုန်း…."

တောက်ထင်းက အံ့အားသင့်သွား၏။

သူက လက်နက်ပုန်းထိမှန်သေဆုံးသွားသော လင်းနို့၏အလောင်းအား ငုံ့ကြည့်ကာ….

"ဘယ်သူက သူ့ကိုလက်နက်ပုန်းနဲ့ပစ်လိုက်ပါလိမ့်"

ဟု ရေရွတ်လိုက်၏။

ရန်ကျားဟုန်နှင့်ကွမ်းချီယင်းက ပတ်ဝန်းကျင်အား မျက်လုံးဝေ့ကြည့်လိုက်၏။

သို့သော် ဝန်းကျင်တစ်ခုလုံး အမှောင်ထုက စိုးမိုးထားသဖြင့်



မည်သည့်အရာကိုမှမတွေ့ရပါ။

တောက်ထင်းက ခံပြင်းလာ၏။

"ဟေ့… သတ္တိရှိရင်ထွက်ခဲ့စမ်း"

ဟု အော်ငေါက်လိုက်၏။ သို့သော် တုံ့ပြန်သံမကြားရပါ။ ရန်ကျားဟုန်က သက်ပြင်းတစ်ချက်ချလိုက်၏။

သူကနှုတ်ပိတ်ခံရသောလင်းနို့၏မျက်နှာပေါ်မှ အဝတ်စအား ဆွဲချွတ်လိုက်၏။

ထို့နောက် ဒဏ်ရာအား စစ်ဆေးလိုက်၏။

ထိုအခါ နဖူးပေါ်တွင် ကျောက်ခဲလေးတစ်လုံးစိုက်ဝင်နေသည်ကို တွေ့လိုက်ရ၏။

သူက ရင်ထိတ်သွား၏။

"ဟင်… ကျောက်ခဲလေးတစ်လုံးနဲ့ လူသတ်နိုင်တယ်ဆိုတော့ အဲ့ဒီလူရဲ့အတွင်းအားက ဘယ်လောက်ကြောက်စရာကောင်းသလဲ ကြည့်ကြစမ်းပါဦး"

ကွမ်းချီယင်းက….

"သူ့လူကိုနှုတ်ပိတ်သွားတာပဲ"

ရန်ကျားဟုန်က….

"ဟုတ်တယ်"

ကွမ်းချီယင်းက….

"ဒီလူက ဘာကြောင့်ထွက်မလာတာလဲ"

ရန်ကျားဟုန်က....

"ကျုပ်တို့သုံးယောက်ကို သူမနိုင်လို့ဖြစ်မယ်"

သူကပြောပြီး အလောင်းများအား တစ်ချက်ကြည့်လိုက်၏။

"ဒီလောက်များတဲ့အလောင်းတွေကို ဘယ်လိုလုပ်မြေမြှုပ်ရမှာလဲ"

ဟု ညည်းညူသွားလိုက်၏။

ကွမ်းချီယင်းက ခေါင်းခါယမ်းလိုက်၏။

"မလိုပါဘူးဗျာ... သူတို့လူတွေကို သူတို့ဘာသာစီမံမှာပေါ့"

သူကပြောပြီး ယီစူး၏အလောင်းအား ကြည့်လိုက်၏။

တောက်ထင်းက ယီစူး၏အလောင်းအား မြေတွင်းထဲသို့ ထည့်ကာ မြှုပ်နှံလိုက်လေတော့သည်။



## နိုင်ဖုံးမြို့တော်ဝန်

ရန်ကျားဟုန်၊ ကွမ်းချီယင်းနှင့် တောက်ထင်းတို့သည် ယီစူး၏အလောင်းအား မြေမြှုပ်လိုက်ကြ၏။

သူတို့သည် ညဉ့်နက်လာသည့်တိုင်အောင် အိပ်ချင်စိတ်မရှိကြပါ။

ထို့ကြောင့် ညလုံးပေါက်ဖွင့်သည့်လက်ဖက်ရည်ဆိုင်တွင်ဝင်ထိုင်ကာ လင်းနို့ကိစ္စကိုတိုင်ပင်စဉ်းစားကြ၏။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးလာ၏။

ကွမ်းချီယင်းက....

"ဒီကိစ္စကို မြို့တော်ဝန်ဆီတင်ပြပြီး အကူအညီတောင်းရင်ကောင်းမယ်"

ရန်ကျားဟုန်က....

"ငါတို့ပြောတာကို မြို့တော်ဝန်က ယုံကြည်ပါ့မလား"

ကွမ်းချိုယင်းက....

"ယုံကြည်လောက်ပါတယ်... ဘာဖြစ်လို့လဲဆိုတော့ သူ့သမီးလည်း ထူးဆန်းစွာပျောက်နေတယ်လေ... အဲ့ဒါလင်းနို့လက်ချက်ဖြစ်နိုင်တယ်... အန်းကူပြောခဲ့တယ်မဟုတ်လား... သူတို့ဂိုဏ်းက မိန်းမချောလေးတွေ စုဆောင်းနေတယ်လို့"

ရန်ကျားဟုန်သည် ထိုကိစ္စအား ယခုမှသတိရ၏။

"အေး... ဟုတ်တယ်... မနက်လင်းရင် ငါတို့မြို့တော်ဝန်ကို သွားတွေ့မယ်"

မကြာမီ အမှောင်ထုပျောက်ကာ လင်းလာ၏။ နေလုံးကြီး ထွက်ပေါ်လာပြီ ဖြစ်၏။

ရန်ကျားဟုန်တို့သုံးယောက်သည် လက်ဖက်ရည်ဆိုင်မှ ထွက်ကာ မြို့၏တောင်ဘက်သို့ ထွက်လာ၏။

သူတို့သည် လမ်းချိုးလေးများအတိုင်းလျှောက်ပြီးနောက် မြို့တော်ဝန်အိမ်ရှေ့သို့ရောက်လာ၏။

ကွမ်းချိုယင်းက တောက်ထင်းအား ပြုံးပြလိုက်၏။

"ကဲ... ခင်ဗျားပည်း တည်းခိုခန်းကိုမပြန်နဲ့ဦး.... ကျုပ်တို့နဲ့အတူ မြို့တော်ဝန်ဂေဟာကိုလိုက်ခဲ့ဦး"

တောက်ထင်းက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ"

သူတို့သည် မြို့တော်ဝန်နှင့်တွေ့ခွင့်တောင်းကာ မြို့တော်ဝန်



ဂေဟာထဲသို့ ဝင်ရောက်ခဲ့လေတော့သည်။

သီးသန့်ခန်း....။

ဤနေရာသည် မြို့တော်ဝန်၏သီးသန့်ခန်းဖြစ်၏။

ရန်ကျားဟုန်၊ ကွမ်းချိုယင်းနှင့်တောက်ထင်းတို့သည် ကုလားထိုင်ပေါ်တွင် အသီးသီးထိုင်နေ၏။

မြို့တော်ဝန်သည် လက်နှစ်ဖက်နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏။

သူက သုံးလေးခေါက်မျှလျှောက်ပြီးမှ ခြေလှမ်းကိုတုံ့ခနဲ ရပ်တန့်လိုက်၏။

ထို့နောက် စူးရှသောမျက်လုံးအစုံဖြင့် ရန်ကျားဟုန်တို့အား စိုက်ကြည့်လိုက်၏။

"မင်းတို့ပြောတဲ့အတိုင်းမှန်ရင်တော့ ကျုပ်အနေနဲ့ မင်းတို့လိုအပ်တဲ့အကူအညီကိုပေးပါ့မယ်"

သူက စကားဆက်လိုက်၏။

"ဒါပေမယ့် ကျုပ်သမီးက အခုအချိန်ထိ သူတို့လက်ထဲမှာရှိနေသေးတယ်ဆိုတာ သေချာရဲ့လား"

ဟု မေးလိုက်၏။

ကွမ်းချိုယင်းက ခေါင်းညိတ်လိုက်၏။

"သေချာပါတယ် မြို့တော်ဝန်မင်း... ကျွန်တော့်အမေနဲ့ညီမကိုသွားတွေ့စဉ်က မြို့တော်ဝန်မင်းရဲ့သမီးပါ သူတို့လက်ထဲမှာရှိနေပါတယ်"

ဟု ပြောလိုက်၏။

မြို့တော်ဝန်၏မျက်နှာမှာ အနည်းငယ် တင်းမာနေ၏။

"သူတို့ဌာနချုပ် ဘယ်မှာရှိတယ်ဆိုတာ မင်းတို့အခုအထိ မသိရသေးဘူးလား"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... မသိရသေးပါဘူး... ဒါပေမယ့် ကျွန်တော်တို့ကြိုးစားနေပါတယ်... နောက်သုံးလေးရက်ဆိုရင် သိရမယ်လို့ ယုံကြည်ပါတယ်"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ... လူဆိုးထိန်းဌာနကို အကြောင်းကြားပြီး လင်းနို့ဂိုဏ်းကိုဖော်ထုတ်ဖို့ ကြိုးစားခိုင်းပါ့မယ်"

ကွမ်းချိုယင်းက....

"ကျေးဇူးတင်ပါတယ်ဗျာ... ကျွန်တော်တို့ကိုပြန်ခွင့်ပြုပါဦး မြို့တော်ဝန်မင်း"

ဟု ခွင့်တောင်းလိုက်၏။

မြို့တော်ဝန်က....



"ကောင်းပြီ"

သူက စားပွဲပေါ်တွင်တင်ထားသော မီးကျည်တစ်ထုပ်အား လှမ်းပေးလိုက်၏။

"မင်းတို့က လင်းနို့ဂိုဏ်းဌာနချုပ်ကိုတွေ့တာနဲ့ ဒီမီးကျည်ကို ဖောက်လိုက်ပါ... ကျုပ်ချက်ချင်း ရဲမက်တွေလွှတ်ပြီး ကူညီပေးပါ့မယ်"

ဟု ပြောလိုက်၏။

ရန်ကျားဟုန်တို့သုံးယောက်က ဦးညွတ်ကာ...

"ကျေးဇူးတင်ပါတယ်"

ပြိုင်တူပြောလိုက်ကြ၏။

ထို့နောက် သူတို့သုံးယောက်သည် စိတ်လက်ပေါ့ပါးစွာဖြင့် မြို့တော်ဝန်ဂေဟာမှပြန်ထွက်လာကြ၏။

သူတို့သည် မြို့တော်ဝန်မင်းအား အလွန်ယုံကြည်အားကိုးမိ၏။

သူတို့က မြို့တော်ဝန်ထံမှလိုအပ်ချိန်တွင် ကူညီပေးရန် တောင်းဆိုကြ၏။

ယခုမြို့တော်ဝန်က သူတို့အပေါ်ယုံကြည်စွာဖြင့် အပြည့်အဝ ကူညီမည်ဟု ကတိပေးလိုက်သဖြင့် သူတို့က စိတ်ဓာတ်များ တက်ကြွလာ၏။

လင်းနို့ဂိုဏ်းဌာနချုပ်အား အမြန်ဆုံးရှာဖွေရန် ဆုံးဖြတ်

လိုက်လေတော့သည်။

နေရောင်ခြည်သည် နွေးနွေးထွေးထွေး ကျရောက်နေ၏။ ကောင်းကင်တစ်ခုလုံး ပြာလွင်ကာ တိမ်ကင်းစင်နေ၏။ တစ်ချက်တစ်ချက်တွင် လေနုအေးတိုက်ခတ်နေသဖြင့် စိတ်ကိုကြည်နူးလန်းဆန်းစေ၏။

ရန်ကျားဟုန်တို့သုံးယောက်သည် မြေလှမ်းမှန်မှန်ဖြင့် လျှောက်လာကြရာ မြို့ပြင်ဘက်သို့ရောက်လာ၏။

ကွမ်းချီယင်းက....

"ဟေ့... ကျုပ်တို့နောက်မှာ လူတစ်ယောက်နောက်ယောင်ခံလိုက်နေတယ်ဗျ"

ဟု တီးတိုးပြောလိုက်၏။

ရန်ကျားဟုန်က မသိမသာကြည့်လိုက်၏။ ကွမ်းချီယင်းစကားမှာ မှန်နေ၏။

သူတို့နောက်ဘက်တွင် လူတစ်ယောက်လျှောက်နေသည်ကိုတွေ့လိုက်ရ၏။

ထိုလူကလျှောက်ရင်း သူတို့ကိုအကဲခတ်နေသည်ကို သတိပြုမိ၏။



သူက အသံတိုးတိုးဖြင့်....

"ဟုတ်တယ်... ဒီလူက လင်းနို့ဂိုဏ်းကထင်တယ်"

ဟု ပြောလိုက်၏။

ကွမ်းချီယင်းက အနည်းငယ်စဉ်းစားလိုက်၏။

"ဖြစ်နိုင်တယ်... ဒီလိုလုပ်ပါ... ခင်ဗျားတို့က ဆက်လျှောက်သွား ကျုပ်ပုန်းနေခဲ့မယ်... နောက်မှကျုပ်တို့ သူ့ကိုဝင်ဖမ်းကြမယ်... မကောင်းဘူးလား"

ဟု ပြောလိုက်၏။

တောက်ထင်းက....

"ကောင်းတယ်"

တောက်ထင်းနှင့်ရန်ကျားဟုန်သည် ရှေ့သို့ဆက်လျှောက်လာ၏။

လမ်းချိုးတစ်ခုအရောက်တွင် ကွမ်းချီယင်းက သစ်ပင်တစ်ပင်နောက်သို့ ဖျတ်ခနဲဝင်ကာ ပုန်းကွယ်လိုက်၏။

ရန်ကျားဟုန်နှင့်တောက်ထင်းက ခြေလှမ်းကို အရှိန်လျော့လိုက်၏။

မကြာပါချေ။ သူတို့နောက်မှလိုက်လာသောလူသည် ထိုနေရာသို့ဖြတ်ကျော်သွား၏။

ကွမ်းချီယင်းက ပုန်းကွယ်ရာမှထွက်လိုက်၏။

"ဒီမှာ... မိတ်ဆွေ... ကျုပ်တို့နောက်ကို ဘယ်အချိန်ထိလိုက်

နေဦးမှာလဲ"

ဟု ရုတ်တရက် မေးလိုက်၏။

ထိုလူက ခြေလှမ်းတုံ့ခနဲရပ်လိုက်၏။

"ခင်ဗျား ဘာတွေပြောနေတာလဲ"

ဟု ခပ်တည်တည် ပြန်မေးလိုက်၏။

ရန်ကျားဟုန်နှင့်တောက်ထင်းကလည်း ခြေလှမ်းရပ်တန့်ကာ နောက်လှည့်လိုက်၏။

ရန်ကျားဟုန်က....

"မိတ်ဆွေ... မှန်မှန်မပြောရင် ကျုပ်ရဲ့ဓားက ခင်ဗျားဗိုက်ထဲဝင်သွားမယ်"

တောက်ထင်းကလည်း ထိုလူအား တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

ထိုလူက လုံးဝကြောက်ရွံ့ခြင်းမရှိပါ။

သူ၏စူးရှသောမျက်လုံးအစုံဖြင့် ရန်ကျားဟုန်တို့အား စိုက်ကြည့်လိုက်၏။

"ခင်ဗျားတို့က ပြောင်းပြန်ပြောနေတာလား"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"ခင်ဗျားက ဘာကိုဆိုလိုတာလဲ"

ဟု မေးလိုက်၏။

ထိုလူက သူ့အား စိုက်ကြည့်ကာ....



"ကျုပ်က ခင်ဗျားတို့နောက်ကိုလိုက်နေတာ မှန်ပါတယ်... ဒါပေမယ့် အမှန်အတိုင်းပြောသင့်တာ ခင်ဗျားတို့ပဲ"

ဟု ပြောလိုက်၏။

ကွမ်းချိယင်းက မျက်မှောင်ကုတ်ကာ....

"ဘာဖြစ်လို့လဲ"

ဟု ပြန်မေးလိုက်၏။

ထိုလူက မဲ့ပြုံးပြုံးကာ....

"ဘာဖြစ်ရမှာလဲ... ကျုပ်က ခင်ဗျားတို့ကိုမြို့တော်ဝန်ရဲ့သမီးကို ပြန်ပေးဆွဲသွားတဲ့လူတွေလို့ သံသယရှိလို့လိုက်နေတာပဲ"

သူက စကားဆက်လိုက်၏။

"ကဲ... ခင်ဗျားတို့က ဘယ်သူတွေလဲဆိုတာ အမှန်အတိုင်းပြောပါ"

ရန်ကျားဟုန်တို့သုံးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

ရန်ကျားဟုန်က ထိုလူအား ကြည့်ကာ....

"ခင်ဗျားကကော ဘယ်သူလဲ"

ထိုလူက ရင်ကော့ကာ....

"ကျုပ်က ခိုင်ဖုံးမြို့လူဆိုးထိန်းဌာနက လူဆိုးထိန်းဌာနမှူးကျန်းလီပဲ"

သူ၏စကားကြောင့် ရန်ကျားဟုန်တို့သုံးယောက်မှာ

ကြောင်အမ်းအမ်းဖြစ်သွား၏။

သူတို့သည် ယခုမှ ထိုလူအား သေချာစွာ ကြည့်မိ၏။

ထိုလူမှာ အသက်(၂၀)ကျော်ခန့်သာရှိပြီး ခန္ဓာကိုယ်ထွား ကျိုင်းကာ ရုပ်ရည်မှာတည်ကြည်ခန့်ညား၏။

ဤမျှငယ်ရွယ်သောလူငယ်မှာ လူဆိုးထိန်းဌာနမှူးဖြစ်နေ သည်ဆိုသဖြင့် သူတို့ကမယုံကြည်နိုင်ပါ။

ကွမ်းချီယင်းက....

"မင်းပြောတဲ့စကားကို ကျုပ်တို့က ယုံရမှာလား"

ရန်ကျားဟုန်ကလည်း....

"မင်းက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ လိမ်ပြောတတ်တာ ကိုး"

သူတို့၏စကားများကြောင့် ကျန်းလီမှာ မျက်နှာတစ်ခုလုံးနီ ရဲလာ၏။

"ချင်...."

သူက ခါးမှဓားအား ဆွဲထုတ်လိုက်၏။

ဓားအား ဝှေ့ယမ်းကာ....

"ကျုပ် ကျန်းလီက ဘယ်တော့မှလိမ်မပြောတတ်ဘူးဆိုတာ နားလည်ထားစမ်းပါ"

ရန်ကျားဟုန်က....

"မင်းက ဓားပညာလည်း တတ်တာပဲကိုး"



ကျန်းလီက....

"မယုံရင် စမ်းကြည့်ပေါ့"

သူကပြောပြီး ဓားကွက်တစ်ကွက်ဖော်ထုတ်ပြလိုက်၏။

ထိုဓားကွက်အား တွေ့မြင်လိုက်ရသောအခါ ရန်ကျားဟုန် နှင့်ကွမ်းချီယင်းတို့မှာ အံ့အားသင့်သွား၏။

အကြောင်းမှာ ကျန်းလီသုံးလိုက်သောဓားကွက်မှာ ရှောင် လင်ကျောင်း၏ ရွှေဓားသိုင်းကွက်ဖြစ်နေသည် မဟုတ်ပါလား။

ကွမ်းချီယင်းသည် ကျန်းလီအား အထင်မသေးဝံ့တော့ပါ။

သူက လက်ကာပြကာ....

"ကောင်းပြီ... မင်းက လူဆိုးထိန်းဖြစ်တာမှန်ရင် ကျုပ်တို့ကို အထောက်အထားပြပါ"

"ဘာဖြစ်လို့ပြရမှာလဲ"

ကွမ်းချီယင်းက ပြုံးလိုက်၏။

"မင်းကလူဆိုးထိန်းဌာနမှူးတစ်ယောက်ဖြစ်တာမှန်ရင် မြို့ တော်ဝန်ရဲ့သမီး ဘယ်မှာရှိတယ်ဆိုတာ ကျုပ်တို့ကပြောပြရမှာပေါ့"

ကျန်းလီက သူတို့အား မယုံကြည်နိုင်စွာကြည့်ပြီး....

"ခင်ဗျားတို့တကယ်ပြောနေတာလား"

ဟု မေးလိုက်၏။

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"တကယ်ပြောတာပါဗျာ"

ကျန်းလီသည် ခါးဝတ်အောက်တွင် ချိတ်ထားသော ငွေရောင်တံဆိပ်ပြားတစ်ခုအား ဖြုတ်ကာပြလိုက်၏။

ယင်းငွေပြားအားတွေ့သည်နှင့် ရန်ကျားဟုန်တို့မှာ ကျန်းလီသည် လူဆိုးထိန်းတစ်ယောက်ဖြစ်ကြောင်း ကောင်းစွာ ယုံကြည်သွားလေတော့သည်။

ရန်ကျားဟုန်က ကွမ်းချီယင်းအား ကြည့်လိုက်၏။

“ဘယ်လိုလဲ... သူက လူဆိုးထိန်းဌာနမှူးဆိုတာ မင်းယုံပြီလား”

ကွမ်းချီယင်းက ပြုံးလိုက်၏။

“အခုမှတော့ ယုံရတော့မှာပေါ့”

ရန်ကျားဟုန်က ကျန်းလီအား ကြည့်ကာ....

“လူဆိုးထိန်း... မင်းမှားနေပြီ... ကျုပ်တို့က မြို့တော်ဝန်သမီးကို ပြန်ပေးဆွဲတဲ့လူတွေ မဟုတ်ဘူး”

ဟု ပြောလိုက်၏။

ကျန်းလီက မဲ့ပြုံးပြုံးလိုက်၏။

“ဒါတွေနောက်မှရှင်းပါ... အခုတော့ ကျုပ်နဲ့လိုက်ခဲ့ပါ”

ရန်ကျားဟုန်က....



“စိတ်မရှိပါနဲ့ ကျုပ်တို့မှာ အချိန်မရှိပါလို့ပါ”

ကျန်းလီက ဒေါသခြောင်းခြောင်းထွက်လာ၏။

“ကျုပ်က ကောင်းကောင်းမွန်မွန် ပြောနေတာမရဘူးလား”

ရန်ကျားဟုန်က....

“မင်းက ဘာလုပ်ချင်လို့လဲ”

ကျန်းလီသည် ငွေပြားတံဆိပ်အား ခါးတွင်ပြန်ချိတ်ကာ ဓားအား ဝှေ့ယမ်းလိုက်၏။

“ခင်ဗျားတို့ကမလိုက်ရင်တော့ ကျုပ်က ဓားကိုအသုံးပြုရတော့မှာပဲ”

ကွမ်းချီယင်းက ရန်ကျားဟုန်အား ကြည့်လိုက်၏။

ရန်ကျားဟုန်က ပခုံးတစ်ချက်တွန့်ကာ လက်ဝါးဖြန့်ပြလိုက်၏။

ကွမ်းချီယင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

သူက ပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်ကာ အသံတိုးတိုးဖြင့်....

“ကျုပ်က ကွမ်းချီယင်းပါ... တစ်ကိုယ်တော်သိုင်းသမားပါ... အခု အခြေအနေအရ ရုပ်ဖျက်ထားလို့ပါ”

ဟု ပြောလိုက်၏။

ကျန်းလီမှာ အံ့အားသင့်သွား၏။

“ခင်ဗျားက တစ်ကိုယ်တော်သိုင်းသမား ကွမ်းချီယင်း ဟုတ်

လား"

ကွမ်းချိုယင်းက လက်ကာပြလိုက်၏။

"တိုးတိုးပြောပါ... ဒီစကား သူတို့ကြားသွားရင် ကျုပ်သေလိမ့်မယ်"

ကျန်းလီက မျက်မှောင်ကုတ်သွား၏။

"ခင်ဗျားက ဘယ်သူ့ကိုကြောက်နေတာလဲ"

ကွမ်းချိုယင်းက....

"ပြောရရင်တော့ အရှည်ကြီးပါ... လောလောဆယ် ဒီလူတွေနဲ့ အရင်မိတ်ဆက်ပေးရမယ်"

သူက ရန်ကျားဟုန်အား ညွှန်ပြကာ....

"သူကတော့ ပျံလွှားမောင်နှမထဲက ပျံလွှားဓားရန်ကျားဟုန်ပါ"

တစ်ဆက်တည်းပင် တောက်ထင်းအား ညွှန်ပြကာ....

"သူကတော့ သိုင်းသမားတောက်ထင်းပါ"

ဟု ပြောလိုက်၏။

ကျန်းလီ၏မျက်နှာတွင် အံ့အားသင့်သောဟန်မူရာ ဖြစ်ပေါ်လာ၏။

သူက ဓားအား လက်နှစ်ဖက်ဖြင့်ဆုပ်ကာ ဂါရဝပြုလိုက်၏။

"ခင်ဗျားတို့ရဲ့နာမည်တွေ ကျုပ်ကြားဖူးတာ ကြာပါပြီ"

ကွမ်းချိုယင်းကလည်း ပြန်လည်ဂါရဝပြုလိုက်၏။



"မင်းရဲ့နာမည်ကိုလည်း ကြားဖူးပါတယ်"

ကျန်းလီက....

"စောစောကမသိလို့ပြောခဲ့တာ စိတ်မရှိပါနဲ့...."

ရန်ကျားဟုန်တို့ကလည်း ပြန်လည်ဦးညွှတ်လိုက်၏။

"ကိစ္စမရှိပါဘူး"

ကျန်းလီက....

"ခင်ဗျားတို့က ခိုင်ဖုံးမြို့ကို တစုတစည်းတည်းရောက်နေတာဆိုတော့ အရေးကြီးကိစ္စရှိနေပုံ့လား"

ကွမ်းချိုယင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ကျုပ်တို့တစ်နေရာကိုသွားပြီး အေးအေးဆေးဆေး စကားပြောကြရအောင်"

ကျန်းလီက....

"ကောင်းပါတယ်"

သူတို့သည် ထိုနေရာမှရှေ့သို့ဆက်လျှောက်သွားကြလေတော့သည်။

ဤနေရာသည် မြေကွက်လပ်တစ်ခုဖြစ်၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ဝန်းကျင်တစ်ခုလုံးတွင် လူသူတစ်စုံတစ်ယောက်မှမရှိဘဲ သစ်ပင်များသာ ရှိ၏။

ရန်ကျားဟုန်တို့(၄)ယောက်သည် ထိုနေရာသို့ရောက်သည်နှင့်ထိုင်ချလိုက်၏။

ရန်ကျားဟုန်တို့သည် သူတို့တွေ့ကြုံရင်ဆိုင်နေရသည့် အကြောင်းများကို ကျန်းလီအား အသေးစိပ်ရှင်းပြလိုက်၏။

ကျန်းလီမှာ ထိုစကားများကြားလိုက်ရသောအခါ အလွန်ပင်အံ့အားသင့်သွား၏။

သူက အတန်ကြာငိုင်နေပြီးမှ....

"ဒါဖြင့် မြို့တော်ဝန်ရဲ့သမီးဟာ လင်းနို့ဂိုဏ်းလက်ထဲရောက်နေတာပေါ့"

ကွမ်းချီယင်းက....

"ဟုတ်တယ်"

ရန်ကျားဟုန်က အဓိပ္ပာယ်ပါသောမျက်လုံးများဖြင့် ကွမ်းချီယင်းအား ကြည့်လိုက်၏။

ကွမ်းချီယင်းက....

"ဒါနဲ့ မင်းက လူဆိုးထိန်းဌာနမှူးဆိုတော့ ခိုင်ဖုံးမြို့မှာ အမှုတစ်ခုခုဖြစ်လာရင် မင်းသိမှာပေါ့"

ဟု မေးလိုက်၏။

ကျန်းလီက ခေါင်းညိတ်လိုက်၏။



"ဟုတ်ကဲ့... အမှုတစ်ခုခုဖြစ်လာရင် ကျုပ်က ပထမဦးဆုံးသိရပါတယ်"

ကွမ်းချီယင်းက....

"ဒါဖြင့် မနေ့ညက မြို့အရှေ့မြောက်ဘက်မှာ လူ(၇)ယောက်အသတ်ခံရတဲ့အကြောင်း မကြားမိဘူးလား"

ဟု မေးလိုက်၏။

ကျန်းလီက ခေါင်းခါယမ်းလိုက်၏။

"မကြားမိဘူးဗျ"

ကွမ်းချီယင်းက....

"အင်း... လင်းနို့(၆)ယောက်ရဲ့အလောင်းကို သူတို့အဖွဲ့က လူတွေပြန်သယ်သွားပြီထင်တယ်"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"ဒီအတိုင်းဆိုရင်တော့ လင်းနို့ဂိုဏ်းရဲ့ဌာနချုပ်ဟာ ခိုင်ဖုံးမြို့မှာရှိနေတာ သေချာပြီဗျ"

ဟု ပြောလိုက်၏။

ကွမ်းချီယင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ဒါကြောင့်လည်း သူတို့ရဲ့လှုပ်ရှားမှုက လျှင်မြန်ပြီး သဲလွန်စရှာမရတာ"

ကျန်းလီက အနည်းငယ်စဉ်းစားကာ....

"ဪ... ကျုပ် ဒီရက်ပိုင်းမှာ သတင်းဆန်းကြားမိတယ်

ဗျာ"

ရန်ကျားဟုန်တို့သုံးယောက်က စိတ်ဝင်စားလာ၏။

"ဘာသတင်းဆန်းလဲဗျ"

ကျန်းလီက....

"အလွမ်းဥယျာဉ်မှာ ညညဆို သရဲတစ္ဆေတွေခြောက်လှန့်နေတယ်တဲ့"

ရန်ကျားဟုန်က....

"ဗျာ... အလွမ်းဥယျာဉ်မှာ သရဲတွေခြောက်လှန့်နေတယ်ဟုတ်လား"

ကျန်းလီက....

"ဟုတ်တယ်"

တောက်ထင်းက....

"အလွမ်းဥယျာဉ်က ဘာလဲဗျ"

ကျန်းလီက....

"ရှေးခေတ်ဘုရင်မင်းမြတ်နဲ့ သူ့နန်းတော်က လူတွေကိုမြှုပ်နှံထားတဲ့သင်္ချိုင်းတစ်ခုပါ"

ကွမ်းချီယင်းက....

"သရဲတွေက ဘယ်လိုခြောက်လှန့်နေတာလဲဗျ"

ကျန်းလီက....

"ညဘက်မှာ သရဲတစ္ဆေတွေက ဝတ်စုံကြီးဖားဖားနဲ့ အလွမ်း



ဥယျာဉ်ထဲမှာ လှုပ်ရှားသွားလာနေကြတယ်တဲ့... တစ်ခါတလေ ဥယျာဉ်အပြင်ကို ထွက်လာကြတယ်တဲ့"

ကွမ်းချီယင်းက လက်ဖျောက်တီးကာ....

"အဲ့ဒါသရဲတော့ မဖြစ်နိုင်ဘူး... လင်းနို့အဖွဲ့သားတွေပဲဖြစ်ရမယ်"

သူက စကားဆက်လိုက်၏။

"လင်းနို့အဖွဲ့သားတွေက ညဘက်မှာ အဲ့ဒီလိုဝတ်ရုံတွေနဲ့ လှုပ်ရှားနေကြတယ်လေ"

ကျန်းလီက ခေါင်းညိတ်လိုက်၏။

"ဩော်... ဒါကြောင့် အလွမ်းဥယျာဉ်မှာသရဲခြောက်လှန့်သောင်းကျန်းနေတယ်လို့ သတင်းဖြစ်နေတာကိုး"

ရန်ကျားဟုန်က....

"အဲ့ဒီအလွမ်းဥယျာဉ်မှာ လင်းနို့အဖွဲ့ကဌာနချုပ်လုပ်ထားတယ်လို့ ကျုပ်ထင်တယ်"

ကျန်းလီက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး... အလွမ်းဥယျာဉ်မှာ အုတ်ဂူတွေနဲ့ပန်းပင်တွေပဲရှိတာ... နားနေဆောင်ကလွဲရင် အဆောက်အအုံတစ်ခုမှမရှိဘူး"

သူက စကားဆက်လိုက်၏။

"ဒါကြောင့် မဖြစ်နိုင်ဘူးလို့ယူဆတယ်... ဒါပေမယ့် ခက်တာ

က ကျုပ်က သရဲရှိတယ်ဆိုတာမယုံကြည်ဘူးလေ"

ရန်ကျားဟုန်က....

"ဘာပဲဖြစ်ဖြစ်... ကျုပ်တို့ တစ်ခါလောက်သွားပြီး လေ့လာလိုက်ရင် သဘောပေါက်နားလည်လာလိမ့်မယ်"

ကျန်းလီက....

"ဒါလည်း ကောင်းတာပဲ"

ကွမ်းချီယင်းက...

"မင်းတို့သွားစုံစမ်းရင် ကျုပ်က တစ်ခုတော့ ပြောချင်တယ်"

ကျန်းလီက....

"ပြောပါ"

ကွမ်းချီယင်းက....

"မင်းသွားစုံစမ်းရင် လက်အောက်ငယ်သားတွေခေါ်မသွားပါနဲ့...."

ကျန်းလီက မျက်မှောင်ကုတ်ကာ....

"ဘာဖြစ်လို့လဲ"

ကွမ်းချီယင်းက....

"ကျုပ်တို့က မင်းရဲ့လက်အောက်ငယ်သားတွေအဖြစ် ဟန်ဆောင်ပြီး လိုက်ခဲ့ပါရစေ"

ရန်ကျားဟုန်ကလည်း ထိုစကားအား ထောက်ခံလိုက်၏။

"ဟုတ်ပါတယ်... ကျုပ်တို့လိုက်ခဲ့ပါရစေ"



ကျန်းလီက အနည်းငယ်စဉ်းစားကာ....

"အင်းလေ... ခင်ဗျားတို့အကြံမဆိုးပါဘူး"

သူက တောက်ထင်းဘက်လှည့်ကြည့်ကာ....

"ခင်ဗျားကော ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်၏။

တောက်ထင်းက....

"ဒီအကြံကောင်းတယ်"

ကျန်းလီက....

"ကဲ... ဒါဖြင့် သွားကြစို့"

သူတို့သည် ထိုနေရာမှထွက်ခွာလာခဲ့လေတော့သည်။

## လင်းနို့အစည်းအဝေး

ဤနေရာသည် ကျယ်ဝန်းသောခန်းမကြီးတစ်ခုဖြစ်၏။

သို့သော် မြေအောက်ခန်းတစ်ခုဖြစ်သဖြင့် အနည်းငယ်စို ထိုင်းထိုင်းဖြစ်နေ၏။

ခန်းမကြီးတစ်ခုလုံးတွင် မီးတုတ်များထွန်းညှိထားသဖြင့် လင်းထိန်နေ၏။

ခန်းမ၏တစ်နေရာတွင်ကြီးမားသော ကုလားထိုင်ကြီးတစ် လုံးရှိ၏။

ထိုကုလားထိုင်မှာ လှေကားသုံးထစ်စာခန့်မြင့်သောစင်မြင့် ပေါ်တွင်ချထားခြင်း ဖြစ်၏။

ယခု ထိုကုလားထိုင်ပေါ်တွင် လူတစ်ယောက်ထိုင်နေ၏။

ထိုလူ၏မျက်နှာပေါ်တွင် မျက်နှာဖုံးစွပ်ထား၏။

သူ၏ဝတ်ရုံပေါ်တွင် ငွေချည်ဖြင့် လင်းနို့တစ်ကောင်ပုံ ထိုး



ထား၏။

ထိုလူမှာ လင်းနို့ဂိုဏ်း၏ဂိုဏ်းချုပ်ကြီးဖြစ်၏။

သူ၏ဝဲယာတစ်ဖက်တစ်ချက်စီတွင် ထိုင်ခုံဆယ်လုံးတန်းစီ ချထား၏။

ထိုင်ခုံများပေါ်တွင် မျက်နှာဖုံးစွပ်ထားသောလင်းနို့ဆယ် ယောက်ထိုင်နေ၏။

လေးယောက်မှာ ဒုတိယအဆင့်ဖြစ်ပြီး ခြောက်ယောက်မှာ တတိယအဆင့်လင်းနို့များ ဖြစ်၏။

ထို့ပြင် အခန်း၏နံရံတစ်ဖက်တွင် စတုတ္ထအဆင့် လင်းနို့ (၃၀)ခန့်စီ တန်းရပ်နေကြ၏။

ယနေ့ လင်းနို့ဂိုဏ်း၏အရေးကြီးသော အစည်းအဝေးကျင်း ပနေခြင်းဖြစ်၏။

အခန်းတစ်ခုလုံးအပ်ကျသံကိုပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်နေ၏။

အခန်းထဲတွင် လူများစွာရှိသော်လည်း အသက်ရှူပင် ကျယ်လောင်စွာ မကြားရပါ။

လင်းနို့အဖွဲ့သားများအားလုံးသည် ဂိုဏ်းချုပ်ကြီးပြောလာ

မည့်စကားကိုနားစွင့်နေကြ၏။

အတန်ကြာမှ ဂိုဏ်းချုပ်ကြီးထံမှ အသံထွက်လာ၏။

"ကဲ... လင်းနို့တို့... ကျုပ်က အခုလို အရေးတကြီး အစည်းအဝေးခေါ်ရတဲ့အကြောင်းကတော့ ခင်ဗျားတို့ကိုဝမ်းသာစရာကောင်းတဲ့ သတင်းစကားပြောချင်လို့ပါ"

ဟု ပြောလိုက်၏။

သူ၏အသံမှာ ဩရှရှဖြစ်သဖြင့် ပင်ကိုယ်သံမဟုတ်ဘဲ အသံဖျက်ပြောခြင်းဖြစ်သည်ကို လင်းနို့အားလုံး ရိပ်မိ၏။

သို့သော် ဤနေရာတွင်ရှိသော လင်းနို့များအားလုံးသည် လင်းနို့ဂိုဏ်းချုပ် မည်သူမည်ဝါဖြစ်ည်ကိုသိသူ အလွန်ပင်နည်း၏။ လေးငါးယောက်ခန့်သာရှိ၏။

ဂိုဏ်းချုပ်ကြီးသည် ဒုတိယအဆင့်လင်းနို့(၄)ယောက်အား တစ်ချက်ဝေ့ကြည့်လိုက်၏။

"ကျုပ်တို့ရဲ့အကြံအစည် မကြာခင်အောင်မြင်ပါတော့မယ်... မနက်ဖြန်ဆိုရင် ကျုပ်တို့အထူးလျှို့ဝှက်သင်ကြားထားတဲ့ မိန်းကလေးငါးယောက်ကို သူတို့တာဝန်ထမ်းဆောင်ဖို့နေရာအသီးသီးကို လွှတ်တော့မှာ ဖြစ်တယ်"

လင်းနို့အဖွဲ့သားများအားလုံး ငြိမ်သက်စွာ နားထောင်နေကြ၏။

လင်းနို့ဂိုဏ်းချုပ်ကြီးက စကားဆက်လိုက်၏။



"ဒီတော့ သူတို့နဲ့အဆက်အသွယ်မပြတ်ဖို့ အထူးအရေးကြီးပါတယ်... ကျုပ်တို့ရဲ့မိန်းကလေးငါးယောက်ဟာ (၃)ရက်အတွင်း သူတို့ကိုပေးအပ်ထားတဲ့တာန်ကို ကျေပွန်အောင် ထမ်းဆောင်ရမှာပါ... အဲဒီလိုတာဝန်ကိုအောင်မြင်ပြီးပြန်ရောက်လာရင် ကျုပ်တို့ရဲ့လုပ်ငန်းအကြံအစည်ကိုအကောင်အထည် ဖော်နိုင်ပါပြီ... ကျုပ်တို့အားလုံးရဲ့ဆန္ဒ မကြာခင် ပြည့်ဝလာလိမ့်မယ်ဆိုတာ အားလုံးကိုဝမ်းသာရအောင် ပြောလိုက်ပါတယ်"

သူ၏စကားအဆုံးတွင် လင်းနို့အဖွဲ့သားများထံမှ ဝမ်းသာအားရအသံများထွက်ပေါ်လာ၏။

ဂိုဏ်းချုပ်ကြီးက လက်ကာပြကာ...

"အားလုံးပဲ အေးအေးဆေးဆေး နားထောင်ကြပါဦး... အခု ကျုပ်တို့ရဲ့အထူးလေ့ကျင့်ထားတဲ့လျှို့ဝှက်မိန်းကလေးတွေကို ခင်ဗျားတို့နဲ့တွေ့ဆုံနိုင်အောင် မိတ်ဆက်ပေးပါ့မယ်"

သူက စကားဆုံးသည်နှင့်လက်ခုပ်တီးလိုက်၏။

"ခွပ်... ခွပ်... ခွပ်"

လက်ခုပ်သံအဆုံးတွင် ခန်းမကြီးထဲသို့မိန်းကလေးငါးယောက် အစီအရီလှမ်းဝင်လာကြ၏။

မိန်းကလေးများမှာ ချောမောလှပသူများဖြစ်ကြ၏။

သူမတို့၏ပုံသဏ္ဌာန်မှာ သိမ်မွေ့နူးညံ့သူများဖြစ်ကြောင်း သိနိုင်၏။

သို့သော် ထိုမိန်းကလေးများမှာ သာမန်နုနယ်သောမိန်းကလေးများမဟုတ်ဘဲ သိုင်းသမားများဖြစ်သည်ကိုမူ သိနိုင်ရန်ခက်၏။

မိန်းကလေးများသည် ဂိုဏ်းချုပ်ကြီးရှေ့တွင် တန်းစီရပ်ကာ တည်ငြိမ်စွာ ဦးညွတ်လိုက်၏။

"ဟား... ဟား... ဟား"

မိန်းကလေးများအားကြည့်ကာ ဂိုဏ်းချုပ်ကြီးက သဘောကျစွာ ရယ်မောလိုက်၏။

ထို့နောက်....

"ကဲ... လင်းနို့မယ်တွေ... မင်းတို့အားလုံး ကျုပ်ခိုင်းတဲ့တာဝန်ကိုကျေပွန်အောင်ဆောင်ရွက်ကြပါ... တာဝန်ကျေရင်တော့ မင်းတို့ အားလုံးကို တစ်သက်စာမကုန်နိုင်တဲ့ဝေစုတွေ ခွဲဝေပေးပါ့မယ်"

ဟု ပြောလိုက်၏။

မိန်းကလေးများက ဦးညွတ်ကာ....

"ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီး"

မိန်းကလေးများ၏အသံမှာ သာယာလှ၏။

ဂိုဏ်းချုပ်ကြီးက မိန်းကလေးများအား လင်းနို့အဖွဲ့ဝင်များနှင့်တစ်ယောက်ချင်းစီ မိတ်ဆက်ပေးလိုက်၏။

သူက ညာဘက်အစွန်ဆုံးမှ မိန်းကလေးအား ညွှန်ပြကာ....

"သူက အမှတ်စဉ်တစ် လျှို့ဝှက်မိန်းကလေးပါ... ဘဏ္ဍာတော်ထိန်းငါးယောက်ထဲက ဘဏ္ဍာထိန်းမှူးရဲ့သမီးပါ"



မိန်းကလေးက ပြုံးကာ ဦးညွတ်လိုက်၏။ လင်းနို့အဖွဲ့သားများမှာ အံ့အားသင့်နေ၏။

ဂိုဏ်းချုပ်ကြီးက ဒုတိယတစ်ယောက်အား ညွှန်ပြလိုက်၏။

"ဒီမိန်းကလေးကတော့ ကျင်းလိန်မြို့ကကုန်သည်ကြီးကျူရဲ့ သမီးပါ... ကုန်သည်ကြီးကျူကလည်း ဘဏ္ဍာထိန်းသော့ကိုင်ငါးယောက်ထဲက တစ်ယောက်ပါ... ဒီကိစ္စကိုသိတဲ့လူ အလွန်နည်းပါတယ်"

ဟု ပြောလိုက်၏။

လင်းနို့အဖွဲ့သားများမှာ ငြိမ်သက်စွာပင် နားထောင်နေကြ၏။

ဂိုဏ်းချုပ်ကြီးက အလယ်မှမိန်းကလေးအား ညွှန်ပြကာ....

"ဒီလင်းနို့မယ်ကတော့ အားလုံးသိကြတဲ့အတိုင်း နိုင်ဖုံးမြို့တော်ဝန်ရဲ့သမီးပါပဲ... မြို့တော်ဝန်ကလည်း ဘဏ္ဍာထိန်းတစ်ယောက်ပါ"

ဟု ပြောလိုက်ပြန်၏။

မိန်းကလေးက ဦးညွတ်လိုက်၏။

ဂိုဏ်းချုပ်ကြီးက သူမဘေးမှမိန်းကလေးအား ညွှန်ပြလိုက်၏။

"သူကတော့ ဘဏ္ဍာတော်ထိန်းတစ်ယောက်ဖြစ်တဲ့ နိုင်ဖုံးမြို့ရဲ့တရားသူကြီးချုပ်ရဲ့သမီးပါပဲ"

တရားသူကြီး၏သမီးပါ လင်းနို့မယ်ဖြစ်နေသဖြင့် လင်းနို့အဖွဲ့သားများမှာ အံ့အားသင့်နေကြ၏။

ဂိုဏ်းချုပ်ကြီးက ပြုံးကာ နောက်ဆုံးတစ်ယောက်အား မိတ်ဆက်ပေးလိုက်၏။

"အမတ်ကြီးရဲ့သမီးကလည်း လင်းနို့မယ်လေးပါပဲ"

မိန်းကလေးက ဦးညွှတ်လိုက်၏။

လင်းနို့အဖွဲ့သားများအားလုံးက မိန်းကလေးများအား ဦးညွှတ်လိုက်ကြ၏။

ဂိုဏ်းချုပ်ကြီးက မိန်းကလေးငါးယောက်အား တစ်ချက်ဝေ့ကြည့်လိုက်၏။

"ကဲ... လင်းနို့မယ်တို့.... ကျုပ်ခိုင်းထားတဲ့တာဝန်ကို သေသေချာချာ မှတ်မိကြရဲ့လား"

မိန်းကလေးများက ပြိုင်တူခေါင်းညိတ်ကာ....

"မှတ်မိပါတယ်"

ဂိုဏ်းချုပ်ကြီးက....

"ဘာမေးချင်သေးလဲ"

မိန်းကလေးများက....

"မမေးတော့ပါဘူး"

ဟု ပြိုင်တူဖြေလိုက်၏။

ဂိုဏ်းချုပ်ကြီးက ကျေနပ်သွား၏။



"ကောင်းပြီ... မနက်ဖြန် မနက်မိုးလင်းတာနဲ့ ဒီနေရာက ထွက်ရမယ်... စပြီးလှုပ်ရှားရမယ်... မင်းတို့အတွက်အချိန်(၃)ရက်ပဲ ရှိတယ်... ဒီသုံးရက်အတွင်းမှာ မင်းတို့ပိပိရိရိ လှုပ်ရှားရမယ်... (၃) ရက်ပြည့်တာနဲ့ ဘဏ္ဍာတော်တိုက်ရဲ့တံခါးသော့ပုံစံကိုရအောင် ယူရမယ်... သဲလွန်စမကျန်စေနဲ့... အနှောင့်အယှက်ရှိရင် အားလုံးရှင်းခဲ့ရမယ်"

ဟု ပြောလိုက်၏။

မိန်းကလေးများက ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး"

ဂိုဏ်းချုပ်ကြီးက လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

"ကဲ... မင်းတို့သွားနိုင်ပြီ... မနက်ဖြန်အတွက် အဆင်သင့်ပြင်ထားပါ"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီး၏အမိန့်သံအဆုံးတွင် မိန်းကလေးများနှင့်ဦးညွှတ်ကာ ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

နေ့တစ်နေ့၏အစဖြစ်၏။

သို့သော် အလင်းရောင်မရှိသေးပါ။ နေလုံးကြီး ထွက်မလာ

သေးပါ။

အရုဏ်အချိန်မရောက်မီကာလသည် ညတစ်ည၏အမှောင်ဆုံးအချိန် ဖြစ်၏။

အရိပ်ငါးခု လှုပ်ရှားနေ၏။ အလွန်လျင်မြန်ဖျတ်လတ်လှ၏။

၎င်းတို့၏လှုပ်ရှားဟန်ကိုကြည့်သည်နှင့် ကိုယ်ဖော့ပညာနှင့်သိုင်းပညာအဆင့်မနိမ့်ကြောင်း သိနိုင်၏။

အဝေးဆီမှကြက်တွန်သံများ ဟိုမှသည်မှထွက်ပေါ်နေ၏။

အရိပ်ငါးခုသည် အလွမ်းဥယျာဉ်၏ အုတ်ဂူများကြားထဲမှထွက်ကာ ခိုင်ဖုံးမြို့ထဲသို့ လျှောက်သွားကြ၏။

တစတစနှင့်ကမ္ဘာမြေပေါ်သို့အလင်းရောင် ထိုးဖောက်ဝင်ရောက်လာ၏။

အလင်းရောင်ထွက်ပေါ်လာမှပင် လူရိပ်ငါးခုအား ပီပီပြင်ပြင် တွေ့မြင်လိုက်ရ၏။

မိန်းကလေးငါးယောက်ဖြစ်၏။

ထိုမိန်းကလေးများမှာ လင်းနို့အဖွဲ့၏ အထူးလျှို့ဝှက်လေ့ကျင့်ထားသော လင်းနို့မယ်များ ဖြစ်၏။

သူမတို့သည် ယနေ့လင်းနို့ဂိုဏ်းချုပ်၏ တာဝန်ပေးချက်အရ မိမိတို့၏တာဝန်များကို အသီးသီးထမ်းဆောင်ရမည်ဖြစ်၏။

မိန်းကလေးငါးယောက်သည် အလွန်လျင်မြန်စွာပင် ခိုင်ဖုံးမြို့ထဲသို့ဝင်ရောက်လာကြ၏။



သို့သော် မြို့ထဲသို့လှမ်းဝင်လိုက်သည်နှင့် သူမတို့၏ဟန်မူရာမှာ ချက်ချင်းပြောင်းလဲသွား၏။

မိန်းကလေးငါးယောက်သည် အလွန်ဝေးလံသောနေရာမှလာရသကဲ့သို့ မောဟိုက်နေကြ၏။

အဝတ်အစားများမှာ ညစ်ပတ်နေ၏။ ဆံကေသာများမှာ ရှုပ်ထွေးနေ၏။

သူမတို့၏မျက်နှာများမှာ ရက်ပေါင်းများစွာ ရေချိုးထားခြင်းမရှိသကဲ့သို့ ညစ်ထေးနေ၏။

သူမတို့၏လမ်းလျှောက်ပုံမှာ အလွန်ပင်ပန်းသဖြင့် ကိုယ့်ခြေထောက်ကိုယ် အနိုင်နိုင်သယ်နေရ၏။

မျက်လုံးများမှာ ကြောင်စီစီဖြစ်နေ၏။

၎င်းတို့အားကြည့်ရသည်မှာ အားအင်ချည့်နဲ့ကာ အနိုင်နိုင်အားတင်းလျှောက်နေရပုံနှင့်တူ၏။

သူမတို့မြို့ထဲရောက်ချိန်တွင် ဈေးဖွင့်ပြီဖြစ်၍ လူများလှုပ်ရှားသွားလာနေကြ၏။

ထိုလူများသည် မိန်းကလေးများ၏ပုံစံကို မြင်ရသောအခါအလွန်အံ့အားသင့်နေကြ၏။

ထို့နောက် မိန်းကလေးများထံ အပြေးအလွှား ရောက်သွားကာ တစ်ယောက်တစ်ပေါက်မေးမြန်းကြ၏။

သို့သော် မိန်းကလေးများမှာ စကားပြောရန်ပင် အားအင်မ

ရှိသည့်အပြင် မည်သူ့ကိုမှကောင်းစွာ မှိတ်မိဟန်မရှိပါ။

သူမတို့က စကားပြန်ပြောသော်လည်း မည်သူကမှ မကြား ရအောင် တိုးညှင်းလှပေသည်။

နိုင်ဖုံးမြို့ထဲသို့ ထိုသတင်းမှာ ချက်ချင်းပျံ့နှံ့သွား၏။

လင်းနို့ဒမဖွဲ့က ပြန်ပေးဆွဲထားသော မိန်းကလေးငါး ယောက်အား ပြန်လွှတ်ပေးလိုက်သောသတင်း ဖြစ်၏။

ထိုသတင်းသည် တစ်ယောက်စကား တစ်ယောက်နားနှင့် ချက်ချင်းပင် ပျံ့သွား၏။

ထိုအခါ မိန်းကလေးများ၏မိဘများသည် ချက်ချင်းပင် ထို နေရာသို့ အပြေးအလွှား ရောက်ရှိလာ၏။

ထိုအထဲတွင် မြို့တော်ဝန်လည်းပါ၏။

မိဘများသည် မိမိတို့၏သမီးများ ဆင်းရဲဒုက္ခရောက်ပုံကို တွေ့ရသောအခါ ပွေ့ဖက်ငိုကြွေးကာ အသီးသီးပြန်ခေါ်သွားကြလေ တော့သည်။

ဤနေရာသည် မြေအောက်ခန်းတစ်ခုဖြစ်၏။

သို့သော် စိုထိုင်းထိုင်းဖြစ်မနေဘဲ အနည်းငယ်နွေးထွေး၏။

အခန်းမှာကျယ်ဝန်းခြင်း မရှိပါ။ အခန်းဘေးပတ်လည်ရှိ



ပြတင်းပေါက်များကို သံတိုင်များဖြင့် ကာရံထား၏။

မြေအောက်အချုပ်ခန်းတစ်ခုပင် ဖြစ်၏။ ယင်းအချုပ်ခန်းထဲ တွင် မိန်းကလေးဆယ်ယောက်ခန့်ရှိ၏။

ယင်းမိန်းကလေးများထဲတွင် ရန်ချင်းဟွားလည်းပါဝင်၏။

ထို့ပြင် ဂိုဏ်းချုပ်ကြီးပြန်လွှတ်လိုက်သည့်မိန်းကလေးငါး ယောက်နှင့်ခွဲမရအောင်တူသော မိန်းကလေးငါးယောက်လည်းရှိ၏။

ထိုမိန်းကလေးငါးယောက်မှာ ဘဏ္ဍာထိန်းငါးယောက်၏သ မီးအစစ်များ ဖြစ်ကြ၏။

ဂိုဏ်းချုပ်ကြီးလွှတ်လိုက်သည့် မိန်းကလေးငါးယောက်မှာ ထိုမိန်းကလေးများ၏ ရုပ်ရည်၊ အမူအရာ၊ အသံစသည်များကို ကြာ မြင့်စွာ လေ့လာကြည့်ရှုပြီး ရုပ်ဖျက်ထားသောလင်းနို့မယ်များ ဖြစ်၏။

ရုတ်တရက် အချုပ်ခန်းအပြင်ဘက်မှ ခြေသံများကြားလိုက် ရ၏။

တစ်ဆက်တည်းပင် လှေကားပေါ်မှ လူ(၅)ယောက်ဆင်း လာသည်ကို တွေ့လိုက်ရ၏။

ရှေ့ဆုံးမှတစ်ယောက်မှာ လင်းနို့ဂိုဏ်းချုပ်ဖြစ်၏။

သူ့နောက်မှလေးယောက်မှာ ဒုတိယအဆင့်လင်းနို့များဖြစ် ၏။

ဂိုဏ်းချုပ်ကြီးက အချုပ်ခန်းရှေ့တွင် ခြေလှမ်းရပ်တန့်လိုက် ၏။

သူက အချုပ်ခန်းထဲမှမိန်းကလေးများအား တစ်ချက်ဝေ့ကြည့်လိုက်၏။

မိန်းကလေးအချို့မှာထိုင်ကာ တချို့မှာ လဲလျောင်းနေ၏။

တချို့က ငေးငိုင်ကာ တချို့က ငိုကြွေးနေ၏။

ဂိုဏ်းချုပ်ကြီးက....

"မိန်းကလေးတို့... မင်းတို့ ဘာမှစိတ်ပူစရာမလိုဘူး... မင်းတို့ကို ကျုပ်က ဒီမှာချုပ်ထားပေမယ့် ကောင်းကောင်းမွန်မွန်ကျွေးမွေးစောင့်ရှောက်ထားတာ မင်းတို့အသိပဲ... ကျုပ်က ကိစ္စတစ်ခုရှိလို့ မင်းတို့ကိုခဏထိန်းထားတာပါ... နောက်လေးငါးရက်ကြာရင် မင်းတို့အားလုံးကို ပြန်လွှတ်ပေးမှာပါ"

သူက စကားဆက်လိုက်၏။

"ဒါကြောင့် ကျုပ်တို့ကျွေးတဲ့အစာကိုစားပြီး အေးအေးဆေးဆေး နေကြပါ... မကြာခင် အိမ်ပြန်ရမယ်ဆိုတာ ကျုပ်ကတိပေးပါတယ်"

ဟု ပြောလိုက်၏။

မိန်းကလေးများက သူ့စကားအား နားထောင်နေ၏။ ဂိုဏ်းချုပ်ကြီးက ခေတ္တနားပြီးမှ စကားဆက်လိုက်၏။

"ကျုပ်တို့လုပ်ငန်းအောင်မြင်အောင်သာ ဆုတောင်းကြပါ... လုပ်ငန်းအောင်မြင်ရင် မင်းတို့အားလုံးလွတ်မြောက်မှာပါ... ဒါပေမယ့် တကယ်လို့ လုပ်ငန်းမှာတစ်စုံတစ်ခုလွဲချော်သွားခဲ့ရင်တော့ မင်းတို့



ရဲ့ကံကြမ္မာဆိုးဝါးသွားမှာပဲ... ဒါကိုမှတ်ထားကြပါ"

ဟု အေးဆေးစွာ ပြောလိုက်၏။

ထို့နောက် လက်နှစ်ဖက်နောက်ပစ်ကာ လှေကားပေါ်သို့ ပြန်တက်သွားကြ၏။

ကျန်လင်းနို့များကလည်း နောက်မှလိုက်ပါသွားကြလေတော့သည်။

လင်းနို့ဂိုဏ်းချုပ်ထွက်ခွာသွားပြီဖြစ်သည်။

ရန်ချင်းဟွားမှာ ယခုမှလက်သီးဆုပ်ကိုဖြေလိုက်၏။ သူမက ထိုင်ရာမှထရပ်လိုက်၏။

ထို့နောက် အချုပ်ခန်းထဲမှ မိန်းကလေးများအား ပြုံးပြလိုက်၏။

"ကဲ... သူငယ်ချင်းတို့... တို့ ဒီအတိုင်းနေလို့တော့မဖြစ်ဘူး"

ဟု ပြောလိုက်၏။

ကုန်သည်ကြီးကျူ၏သမီးက သူမအား ကြည့်ကာ...

"ရှင်က ဘာလုပ်ချင်လို့လဲ"

ရန်ချင်းဟွားက....

"ငါတို့ ဒီအတိုင်းနေလို့ ဘာမှဖြစ်လာမှာမဟုတ်ဘူး... ငါတို့

လွတ်မြောက်ဖို့အတွက် စုပေါင်းကြိုးစားကြမယ်”

မြို့တော်ဝန်သမီးက....

“ကျွန်မတို့က အားနွဲ့တဲ့မိန်းကလေးတွေပါ... ဘာလုပ်နိုင်မှာလဲရှင်”

ရန်ချင်းဟွားက ပြုံးလိုက်၏။

“ယောကျာ်းပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ကြိုးစားရင်တော့ ကြိုးစားတဲ့အလျောက် အောင်မြင်မှာပဲ”

မိန်းကလေးတစ်ယောက်က....

“နောက်လေးငါးရက်နေရင် ကျွန်မတို့ကိုလွှတ်ပေးမယ်လို့ ပြောသွားတယ်လေ”

ရန်ချင်းဟွားက ခါးထောက်လိုက်၏။

“မင်းတို့က သူလွှတ်ပေးမယ်လို့ပြောတဲ့စကားကို ယုံကြည်ကြသလား... မယုံပါနဲ့... သူ့စကားကိုယုံရင် သူ့လက်ခုပ်ထဲကရေဖြစ်သွားလိမ့်မယ်... ကိုယ်လွတ်မြောက်ဖို့ ကိုယ့်အားကိုယ်ကိုးရမယ်... မိန်းကလေးတွေဖြစ်ပေမယ့် သတ္တိရှိရမယ်”

အမတ်ကြီးစုံ၏သမီးက သူမအား မော့ကြည့်လိုက်၏။

“ကျွန်မတို့ ဘယ်လိုကြိုးစားရမှာလဲ”

ဟု မေးလိုက်၏။

ရန်ချင်းဟွားက ပြတင်းပေါက်မှသံတိုင်များအား ညွှန်ပြလိုက်၏။



“ဒီသံတိုင်တွေကိုဖယ်ရှားနိုင်ရင် ငါတို့အားလုံးလွတ်မြောက်နိုင်မယ်”

သူမ၏စကားကြောင့် မိန်းကလေးများက သံတိုင်များအား ကြည့်လိုက်ကြ၏။

သို့သော် အားလုံးမျက်နှာရှုံ့မဲ့သွား၏။ သူမတို့က စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်၏။

“မဖြစ်နိုင်တာပဲရှင်... ဒီသံတိုင်တွေကို ကျွန်မတို့အားနဲ့ ဘယ်လိုလုပ်ဖယ်ရှားနိုင်မှာလဲ”

ရန်ချင်းဟွားက ပြုံးလိုက်၏။

“မဖြစ်နိုင်ဘူးလို့မပြောပါနဲ့ဦး... ကျွန်မတို့အားလုံးရဲ့ အင်အားကိုစုစည်းပြီး ဒီသံတိုင်တွေကိုလှုပ်ခါရင် မကြာခင် ဒီသံတိုင်တွေ ကျွတ်ထွက်လာလိမ့်မယ်လို့ ကျွန်မယုံကြည်တယ်”

သူမက အနီးဆုံးမှမိန်းကလေးနှစ်ယောက်၏ပခုံးအား ရင်းနှီးစွာ ဆုပ်ကာ....

“လာပါ... ကျွန်မတို့အတူ ကြိုးစားကြတာပေါ့... တချို့က ကျွန်မနဲ့အတူ သံတိုင်ကိုလှုပ်ကြမယ်... မောရင် နောက်လူတွေကတစ်လှည့် လှုပ်ကြမယ်... တချို့က သူတို့ရဲ့လှုပ်ရှားမှုတွေကိုစောင့်ကြည့်မယ်ဆိုရင် ကျွန်မတို့အောင်မြင်နိုင်ပါတယ်”

သူမကပြောပြီး သံတိုင်အား လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ လှုပ်ယမ်းလိုက်၏။

မိန်းကလေး လေးယောက်ကလည်းထလာကာ သူမနှင့်အတူ လှုပ်ယမ်းလိုက်၏။

မိန်းကလေးသုံးယောက်က အချုပ်ခန်းအပေါက်ဝနားတွင် အစောင့်များကို စောင့်ကြပ်ပေး၏။

ကျန်မိန်းကလေးများကလည်း ရန်ချင်းဟွားတို့မောလာလျှင် တစ်လှည့်လှုပ်ပေးရန် အသင့်ပြင်ထားကြလေတော့သည်။

ကုန်သည်ကြီးကျူ၏ခြံဝင်းနှင့် ဂေဟာတစ်ခုလုံး မီးရောင်ထိန်ထိန်လင်းနေ၏။

ကုန်သည်ကြီးကျူသည် ကုန်သည်သူဌေးကြီးဖြစ်သကဲ့သို့ ဘဏ္ဍာထိန်းသော့ကိုင်ငါးယောက်ထဲမှ တစ်ယောက်လည်းဖြစ်၏။

သူဘဏ္ဍာထိန်းဖြစ်သည်ကိုသိရှိသူ အလွန်နည်း၏။ ယနေ့ ကုန်သည်ကြီးကျူမှာ အလွန်ပြုံးရွှင်နေ၏။

လင်းနို့ဂိုဏ်းလက်ထဲရောက်သွားသောသမီးဖြစ်သူ ပြန်လည်လွတ်မြောက်လာသဖြင့် သူတို့တစ်မိသားစုလုံး အလွန်ဝမ်းသာနေကြ၏။

သမီးဖြစ်သူကံကောင်းထောက်မစွာ ပြန်ရောက်လာသဖြင့် ကုန်သည်ကြီးကျူက ဝမ်းသာကာ အစားအသောက်များ အလျှံပယ်



ချက်ပြုတ်၍ရောက်လာသမျှ လူများအား ကျွေးမွေးဧည့်ခံ၏။

ကုန်သည်ကြီးကျူ၏ဂေဟာမှ လူများအားလုံးသည် မိမိတို့သခင်မလေးပျောက်ဆုံးသွားသဖြင့် စိုးရိမ်သောကဖြစ်နေရာမှ ယခုပြန်ရောက်လာသောအခါ အလွန်ပျော်ရွှင်နေကြ၏။

ကုန်သည်ကြီးကျူသည် သမီးဖြစ်သူအား သမားတော်ပင့်ကာ ကုသပေး၏။

သို့သော် သမီးဖြစ်သူထံတွင် မည်သည့်ဝေဒနာမှမရှိပါ။

သူက သမီးဖြစ်သူအား လင်းနို့များဖမ်းဆီးထားသောနေရာ, နှင့် ပြန်လွတ်လာပုံအကျိုးအကြောင်းများကိုမေးမြန်းသော်လည်း သမီးဖြစ်သူမှာ ဘာကိုမှသတိမရသဖြင့် ပြန်မပြောနိုင်ပေ။

အလွန်ပင်ပန်းနွမ်းနယ်ဟန်ရှိနေသဖြင့် သူက ဘာမှဆက်မမေးတော့ပေ။

သမီးဖြစ်သူ ကောင်းစွာ ကျန်းမာလာမှမေးမြန်းရန် ဆုံးဖြတ်လိုက်၏။

ထိုစဉ် အိမ်တော်ထိန်းရောက်ရှိလာကာ....

"သခင်ကြီး... ဧည့်သည်နှစ်ယောက်ရောက်နေပါတယ်"

ကုန်သည်ကြီးကျူက....

"ဘယ်သူတွေလဲ"

အိမ်တော်ထိန်းက....

"နာမည်မပြောပါဘူး... သခင်ကြီးကိုပဲတွေ့ခွင့်တောင်းနေ

ပါတယ်"

ကုန်သည်ကြီးကျူက အနည်းငယ်စဉ်းစားကာ....

"ခဏစောင့်နိုင်းတာပါ... ကျုပ်လာခဲ့မယ်"

အိမ်တော်ထိန်းက ပြန်လည်ထွက်ခွာသွားလေတော့သည်။

ဧည့်ခန်း....။

ကုန်သည်ကြီးကျူက ဧည့်ခန်းထဲဝင်လိုက်သည်နှင့် လူနှစ်ယောက်အား တွေ့လိုက်ရ၏။

သူက မျက်မှောင်ကုတ်ကာ....

"မင်းတို့က...."

ဧည့်သည်နှစ်ယောက်မှာ ရန်ကျားဟုန်နှင့်ကွမ်းချီယင်းဖြစ်၏။

ကွမ်းချီယင်းက....

"ကျွန်တော်က တစ်ကိုယ်တော်သိုင်းသမားကွမ်းချီယင်းပါ"

သူက ရန်ကျာဟုန်အား ညွှန်ပြကာ....

"သူကတော့ ပျံလွှားသိုင်းသမားရန်ကျားဟုန်ပါ"

ကုန်သည်ကြီးကျူက....

"ဩော်... မင်းတို့ကို... ကျုပ်က လေးစားပါတယ်... ဒါနဲ့



မင်းတို့လာရတဲ့ကိစ္စက...."

ကွမ်းချီယင်းက....

"သူဌေးကြီးရဲ့သမီး လွတ်လာတဲ့အကြောင်းကိုသိချင်လို့လာခဲ့တာပါ"

ကုန်သည်ကြီးကျူက မျက်မှောင်ကုတ်ကာ....

"မင်းတို့က ဒီကိစ္စကို ဘယ်လိုလုပ်သိတာလဲ"

ကွမ်းချီယင်းက....

"မြို့တော်ဝန်ပြောတာပါ"

"ဩော်...."

ကွမ်းချီယင်းက စကားဆက်လိုက်၏။

"ဒီလိုပါ မြို့တော်ဝန်ရဲ့သမီးကလည်း သူဌေးကြီးရဲ့သမီးလိုပဲ လင်းနို့တွေလက်ထဲက လွတ်မြောက်ခဲ့ပါတယ်... ဒါပေမယ့် သူလွတ်လာတဲ့အကြောင်းရင်းနဲ့ လင်းနို့ဂိုဏ်းရဲ့နေရာကိုမေးတဲ့အခါ မဖြေနိုင်ဘဲ ငေးငေးငိုင်ငိုင်ဖြစ်နေတာ တွေ့ရပါတယ်"

သူက ခေတ္တနားပြီးမှစကားဆက်လိုက်၏။

"ဒါကြောင့် မြို့တော်ဝန်က သူဌေးကြီးရဲ့သမီးဆီမှာ တွေ့ကြုံလာတဲ့အကြောင်းရင်းကိုမေးမြန်းစုံစမ်းဖို့ ကျွန်တော်တို့ကိုလွှတ်လိုက်တာပါ"

ကုန်သည်ကြီးကျူက သက်ပြင်းတစ်ချက်ချလိုက်၏။

"စိတ်မကောင်းပါဘူးကွယ်... ဘယ်လိုအခြေအနေနဲ့ကြုံခဲ့ရ

သလဲ မသိဘူး... ကျုပ်သမီးကိုလည်း အဲဒီအကြောင်းတွေမေးလို့မရလို့ အမတ်ကြီးစုံဆီကို ကျုပ်လည်း လူလွှတ်ပြီး မေးခိုင်းထားရတယ်"

ဟု ပြောလိုက်၏။

ရန်ကျားဟုန်နှင့်ကွမ်းချိယင်းမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၏။

ထို့နောက် သူဌေးကြီးကျူအား နှုတ်ဆက်ကာ ပြန်လာခဲ့လေတော့သည်။

ရန်ကျားဟုန်နှင့်ကွမ်းချိယင်းသည် မြို့တော်ဝန်ဂေဟာသို့ ပြန်လည်ရောက်ရှိလာ၏။

သူတို့က အကျိုးအကြောင်းအား ရှင်းပြလိုက်၏။ မြို့တော်ဝန်က စိတ်ဓာတ်ကျသွား၏။

သူက သက်ပြင်းတစ်ချက်ချကာ....

"အင်း... ဒီအတိုင်းဆိုရင်တော့ လင်းနို့အဖွဲ့ရဲ့ လှုပ်ရှားမှုဟာ ကြောက်စရာကောင်းအောင်ကို လျှို့ဝှက်နေပြီ"

ဟု ပြောလိုက်၏။

သူက ကွမ်းချိယင်းအား ကြည့်ကာ....

"ဒါနဲ့ မင်းညီမလေးကော လွတ်လာပြီလား"



ဟု ရုတ်တရက် မေးလိုက်၏။

ကွမ်းချိယင်း၏မျက်နှာမှာ ညှိုးငယ်သွား၏။

"အခုထိတော့ လွတ်လာတာမတွေ့သေးပါဘူး"

မြို့တော်ဝန်က ရန်ကျားဟုန်အား ကြည့်ကာ....

"မင်းညီမကော...."

ရန်ကျားဟုန်က ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော့်ညီမလည်း လွတ်လာတာမတွေ့သေးဘူး"

မြို့တော်ဝန်က စိတ်မကောင်းဖြစ်သွား၏။

"စိတ်မကောင်းပါဘူးကွာ... ဒါပေမယ့် မကြာခင် လွှတ်ပေးလိမ့်မယ်ထင်တယ်"

ကွမ်းချိယင်းက....

"ကျွန်တော်တစ်ခု စဉ်းစားမိတယ်"

မြို့တော်ဝန်က....

"ပြောပါဦး"

ကွမ်းချိယင်းက....

"မြို့တော်ဝန်ရဲ့သမီးလွတ်လာတယ်ကြားတော့ ကျွန်တော့် အမေနဲ့ညီမလည်း လွတ်လာမယ်လို့ထင်နေတာ... ဒါပေမယ့် မတွေ့ဘူး"

မြို့တော်ဝန်က ဘာမှပြန်မပြောပါ။ ကွမ်းချိယင်းက စကားဆက်လိုက်၏။

"သူတို့က ဘာကြောင့် မိန်းကလေးငါးယောက်ကိုပဲ လွှတ်တာလဲ"

မြို့တော်ဝန်က....

"ကျန်တဲ့မိန်းကလေးတွေကိုလည်း မကြာခင် ထပ်လွှတ်မယ်ထင်ပါတယ်"

ကွမ်းချီယင်း....

"ကျွန်တော်ကတစ်ခုစဉ်းစားနေတာ"

မြို့တော်ဝန်က....

"ဘာစဉ်းစားနေတာလဲ"

ကွမ်းချီယင်းက....

"သူတို့က ဘာကြောင့် အဲ့ဒီမိန်းကလေးတွေကို ပြန်လွှတ်ပေးလိုက်တာလဲ"

မြို့တော်ဝန်က....

"ဟုတ်ပြီ... မင်း ဘယ်လိုသဘောရသလဲ"

ကွမ်းချီယင်းက....

"ကျွန်တော်ထင်တာတော့ မိန်းကလေးတွေရဲ့မိဘတွေက သူတို့တောင်းတဲ့ငွေကို ဘယ်သူမှမသိအောင် တိတ်တိတ်ကလေး သွားပေးကြလို့လားလို့ ထင်တယ်"

မြို့တော်ဝန်က ပြုံးလိုက်၏။

"တခြားလူတွေတော့ မသိဘူး... ငါကတော့ ဘာမှသွားမပေးဘူး... ငါ့သမီးကမွေးစားတားတာဆိုပေမယ့် သမီးအရင်းလိုပဲ ငါတို့ချစ်ကြတယ်... ဒါပေမယ့် သူ့ကိုကယ်ဖို့ ဘယ်သူကမှမဆက်သွယ်ခဲ့သလို ငါကလည်း ဘာတစ်ခုမှသွားမပေးဘူးဆိုတာ ယုံကြည်ပါ"



ကွမ်းချီယင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... မြို့တော်ဝန်မင်းကို ကျွန်တော်ယုံကြည်ပါတယ် ... ဒါပေမယ့် သူတို့က ဒီမိန်းကလေးငါးယောက်ကို အကြောင်းမဲ့လွှတ်တာမဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်၏။

"အဲ့ဒါလည်း ဟုတ်တာပဲ... ဖမ်းပြီးပြန်လွှတ်ရအောင် သူတို့က အရူးမှမဟုတ်တာ"

ကွမ်းချီယင်းက....

"ဟုတ်ပါတယ်... ဒါကြောင့် သူတို့ကမိန်းကလေးတွေကိုပြန်လွှတ်တာ အကြောင်းရှိပါလိမ့်မယ်"

မြို့တော်ဝန်က မျက်မှောင်ကုတ်ကာ....

"ဟုတ်တယ်... ငါလည်း သမီးပြန်လွှတ်လာလို့ဝမ်းသာပေမယ့် ဘာကြောင့်မှန်းမသိဘူး စိတ်ထဲမှာထင့်နေတယ်"

သူက ကွမ်းချီယင်းအား စိုက်ကြည့်ကာ....

"နေပါဦး... မင်းက ဘာတွေးထားလို့လဲ"

ဟု မေးလိုက်၏။

ကွမ်းချီယင်းက....

"တွေးလို့မရလို့ခက်နေတာပေါ့ဗျာ"

သူက သက်ပြင်းတစ်ချက်ချကာ မြို့တော်ဝန်အား ဦးညွှတ်လိုက်၏။

"ကျွန်တော်တို့ပြန်လိုက်ပါဦးမယ်"

သူကပြောပြီး ရန်ကျားဟုန်အား ခေါင်းညိတ်ပြကာ ထရပ်လိုက်၏။

သို့သော် ရန်ကျားဟုန်က မထဘဲ ဆက်ထိုင်ကာ မျက်မှောင်ကုတ်၍....

"ကျွန်တော်ကတော့ တစ်ခုတွေ့ထားတယ်ထင်တယ်"

ကွမ်းချီယင်းနှင့်မြို့တော်ဝန်မှာ ပြန်ထိုင်သွား၏။

မြို့တော်ဝန်က....

"ပြောပါဦး... မင်းက ဘာတွေ့ထားလို့လဲ"

ရန်ကျားဟုန်က....

"ကျွန်တော်လွတ်လာတဲ့မိန်းကလေးငါးယောက်ကို သေသေချာချာ လေ့လာကြည့်တယ်... တူညီတဲ့အချက်နှစ်ချက်ကို သတိပြုမိပါတယ်"

မြို့တော်ဝန်က....

"မြန်မြန်ပြောပါကွာ"

ရန်ကျားဟုန်က....

"ပထမအချက်ကတော့ အခုလွတ်လာတဲ့မိန်းကလေးငါး



ယောက်ရဲ့မိဘတွေဟာ အလွန်ချမ်းသာပြီး ရာထူးအာဏာရှိတဲ့လူတွေပါ"

မြို့တော်ဝန်က....

"ဟုတ်ပြီ... ဒုတိအချက်ကကော...."

ရန်ကျားဟုန်က....

"ဒုတိယအချက်ကတော့ သိတဲ့လူနည်းပါတယ်"

သူက တည်ကြည်စွာဖြင့် တစ်လုံးချင်းပြောလိုက်၏။

"မိန်းကလေးငါးယောက်ရဲ့ဖခင်တွေအားလုံးတော့ နေပြည်တော်ရဲ့ဘဏ္ဍာတော်ထိန်းသော့ကိုင်တွေ ဖြစ်ကြပါတယ်"

မြို့တော်ဝန်၏မျက်နှာကွက်ခနဲ ပျက်သွား၏။

"အေး... မင်းပြောတဲ့အချက်ကို ငါခုမှပဲ သတိပြုမိတော့တယ်"

ရန်ကျားဟုန်က....

"ဟုတ်ကဲ့... အလွန်အရေးကြီးတဲ့အချက်ပါ... မြို့တော်ဝန်မင်းက သတိပြုမိပြီဆိုရင် အားလုံးသတိထားပြီးနေသင့်ပါတယ်... သူတို့ရဲ့ဦးတည်ချက်က ဘဏ္ဍာတော်တိုက်ကို ဦးတည်နေတယ်လို့ ကျွန်တော်ကတော့ ယူဆတယ်"

သူက ထရပ်ကာ ဦးညွှတ်လိုက်၏။

"မြို့တော်ဝန်မင်း အနားယူပါဦး... ကျွန်တော်တို့ပြန်လိုက်ပါဦးမယ်"

သူတို့က မြို့တော်ဝန်အား နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာလာခဲ့လေတော့သည်



## ဘဏ္ဍာထိန်းသော့ကိုင်များ

နေပြည်တော်ဘဏ္ဍာတိုက်....။

နေပြည်တော်၏ ဘဏ္ဍာတော်ငွေတိုက်သည် အလွန်ခိုင်ခန့်၏။

တိုက်၏လေးဘက်လေးတန်အား မီးခံတုတ်များဖြင့် အခိုင်အမာတည်ဆောက်ထားပြီး သံမဏိများဖြင့် ထပ်မံကာရံထား၏။

ထို့ပြင် ဘဏ္ဍာတော်တိုက်၏အောက်ခြေနှင့်မျက်နှာကျက်ကိုလည်း သံမဏိပြားများဖြင့်ပင် ပြုလုပ်ထား၏။

ဘဏ္ဍာတော်တိုက်၏တံခါးများမှာလည်း ထူထဲခိုင်ခန့်သော သံမဏိတံခါးများသာ ဖြစ်၏။

ထို့ကြောင့် ပေါက်ခွဲဖျက်ဆီးရန်မှာ မဖြစ်နိုင်ပေ။

ဘဏ္ဍာတော်တိုက်သို့သွားရန် တံခါးမကြီးအပါအဝင် တံခါးငါးချပ်အား ဖြတ်ကျော်ရမည်ဖြစ်၏။

တံခါးတိုင်းတွင် ကြီးမားသော သံမဏိသော့ခလောက်များဖြင့် ခတ်ထား၏။

ထိုသော့များမှာ တစ်စုံတစ်ယောက်၏လက်ထဲတွင်မရှိဘဲ ယုံကြည်စိတ်ချရသော လူငါးယောက်လက်ထဲတွင် တစ်ယောက်တစ်ချောင်းစီရှိ၏။

ဘဏ္ဍာတော်တိုက်အားဖွင့်လိုလျှင် ထိုဘဏ္ဍာထိန်းသော့ကိုင်ငါးယောက်တို့က တစုတစည်းတည်းရောက်ရှိကာ မိမိတို့၏သော့များဖြင့် ပြိုင်တူဖွင့်ရ၏။

ထိုအတိုင်းပင် ပိတ်လျှင်လည်း ငါးယောက်ကတစ်ပြိုင်တည်းပိတ်ရ၏။

ဘဏ္ဍာတော်ထိန်းသော့ကိုင်(၅)ယောက်သည် ထိုသော့များအား ရှင်ဘုရင်ကိုပင် ပြခွင့်မရဘဲ လုံခြုံစွာသိမ်းဆည်းရ၏။

ဤစနစ်အား နှစ်ပေါင်းများစွာကြာအောင်ပင် အသုံးပြုခဲ့၏။

ထိုစနစ်ကျင့်သုံးသည့်အခါမှစကာ ဘဏ္ဍာတော်ငွေအခိုးခံရသည့်အဖြစ် လုံးဝမဖြစ်ပေါ်တော့ပါ။

ထို့ကြောင့် အာဏာပိုင်များသည် ထိုစနစ်အားကျင့်သုံးလာခဲ့သည်မှာ ဘုရင်မင်းနှစ်ဆက်တိုင်ခဲ့ပြီဖြစ်လေသည်။



(၃)ရက်....။

(၃)ရက်ဟူသောအချိန်မှာ တိုတောင်းလှ၏။

ကုန်သည်ကြီးကျူသည် သမီးဖြစ်သူပြန်ရောက်လာသည့်အတွက် ဝမ်းသာကာ ညှော်ခံပွဲကိုသုံးရက်ဆက်တိုက်ကျင်းပပြီး ကျွေးမွေးညှော်ခံ၏။

ယနေ့(၃)ရက်မြောက်ညတွင် အားလုံးမှာ ပျော်ပါးပင်ပန်းခဲ့သဖြင့် နှစ်ခြိုက်စွာပင် အိပ်မောကျနေကြ၏။

သို့သော် မအိပ်နိုင်သူတစ်ယောက်ရှိ၏။ ယင်းမှာ ကုန်သည်ကြီးကျူ၏ သမီးပင်ဖြစ်၏။

သူမသည်(၃)ရက်လုံးလုံး ဘာကိုမှအမှတ်မရဟန်ဖြင့် တစ်အိမ်လုံးကိုဝင်ထွက်ကာ လေ့လာခဲ့၏။

ထို့ကြောင့် ဖခင်ဖြစ်သူက ဘဏ္ဍာတော်ငွေတိုက်၏သော့ကိုမည်သည့်နေရာတွင်ထားသည်ကို ကောင်းစွာသိရှိထား၏။

ယခုည သူမလှုပ်ရှားရမည်ဖြစ်၏။

သူမသည် အိပ်ရာပေါ်တွင်လဲလျောင်းရင်း အချိန်ကိုစောင့်နေ၏။

ယနေ့ သူမအခန်းအားစောင့်သည့်လူများကို အေးအေးဆေးဆေး အနားယူကြရန် အမိန့်ပေးထား၏။

ထိုစဉ်....

"ဒေါင်... ဒေါင်... ဒေါင်"

အုန်းမောင်းခေါက်သံသုံးချက်တိတိ ထွက်ပေါ်လာ၏။

မိန်းကလေးက ပြုံးလိုက်၏။ အိပ်ရာပေါ်မှ ပေါ့ပါးစွာ ခုန်ထလိုက်၏။

ထို့နောက် ပေါ့ပါးလျင်မြန်စွာပင် ပြတင်းပေါက်မှကျော်ထွက်လိုက်၏။

တစ်ဆက်တည်းမှာပင် ခေါင်မိုးပေါ်သို့ခုန်တက်လိုက်၏။

သူမ၏လှုပ်ရှားမှုမှာ အလွန်ပေါ့ပါးပြီး လျင်မြန်လှ၏။

သူမသည် ခေါင်မိုးပေါ်မှတစ်ဆင့် ကုန်သည်ကြီးကျူ၏ သီးသန့်ခန်းအပေါ်သို့ ပြေးလွှားသွား၏။

ထို့နောက် အုတ်ကြွပ်ပြားတစ်ချပ်အား အသာလှပ်ကာ ချောင်းကြည့်လိုက်၏။

သီးသန့်ခန်းထဲတွင် မည်သူမျှမရှိမှ သူမက အတွင်းသို့ခုန်ဝင်လိုက်၏။

ထို့နောက် နံရံတစ်ဖက်တွင် ချိတ်ထားသည့်ကြီးမားသည့် ပန်းချီကားရှေ့တွင် ရပ်လိုက်၏။

ထိုပန်းချီကားမှာ ကုန်သည်ကြီးကျူ၏ ပုံတူပန်းချီကားဖြစ်၏။



သူမသည် ပန်းချီကားအား အသာဖြုတ်ကာ အရှင်ပြုလုပ်ထားသည့်အုတ်သုံးခုအား ဖယ်လိုက်၏။

ထိုအခါ လေးထောင့်သဏ္ဌာန်အပေါက်ဖြစ်ပေါ်လာ၏။ သူမက အပေါက်ထဲသို့လက်နှိုက်လိုက်၏။

လက်ပြန်ရုပ်လိုက်သောအခါ ယွန်သေတ္တာလေးပါလာ၏။

ယွန်းသေတ္တာလေးအား ဖွင့်လိုက်သောအခါ ဝင်းလက်နေသောသံမဏိသော့တံတစ်ချောင်းအား တွေ့မြင်လိုက်ရ၏။

မိန်းကလေးက တွေဝေခြင်းမရှိပါ။

သူမက လက်ထဲတွင် အသင့်ကိုင်ဆောင်ထားသော အဝါရောင်စက္ကူပေါ်တွင် လက်ဖြင့် ပုံစံအမျိုးမျိုးရအောင် နှိပ်လိုက်၏။

သူမက ကျေနပ်အောင်ပြုလုပ်ပြီးမှ သော့အားယွန်းသေတ္တာထဲပြန်ထည့်လိုက်၏။

ယွန်းသေတ္တာအား အပေါက်ထဲထည့်လိုက်၏။

တစ်ဖန် အုတ်ခဲများ ပြန်စီလိုက်၏။ ပြီးမှ ပန်းချီကားအား ပြန်ချိတ်လိုက်၏။

သူမ၏လှုပ်ရှားမှုမှာ လျင်မြန်သွက်လက်ပြီး ပိရိလှ၏။

ထို့နောက် ပြတင်းပေါက်မှပြန်လည်ခုန်ထွက်ကာ ပြတင်းပေါက်အား ပြန်ပိတ်လိုက်၏။

သူမက ခေါင်မိုးပေါ်ပြန်တက်ကာ အုပ်ကြွပ်ပြားအား ပြန်

ပိတ်လိုက်၏။

သူမ၏လှုပ်ရှားမှုမှာ စနစ်ကျကာ သဲလွန်စမတွေ့ရပါ။

သူမက ခေါင်မိုးစွန်းတွင် ခြေထောက်ချိတ်ကာ ခန္ဓာကိုယ်တွဲလောင်းအနေအထားဖြင့် အစောင့်များအား ကြည့်လိုက်၏။

အစောင့်များ ကင်းရှင်းမှ ကျွမ်းတစ်ပတ်ပစ်၍ မြေပြင်ပေါ်သို့ဆင်းလိုက်၏။

တစ်ဆက်တည်းပင် အလွမ်းဥယျာဉ်ရှိရာသို့ဦးတည်ကာ ပြေးလွှားသွားလေတော့သည်

အေးစိမ့်သောလေ တိုက်ခတ်နေ၏။

နေရောင်ခြည်နွေးနွေး ကျရောက်နေ၏။ အလွန်သာယာလှသောနေ့ဖြစ်၏။

ကြက်တွန်သံများ ဟိုမှသည်မှထွက်ပေါ်နေ၏။ ကျေးငှက်ကလေးများ၏အော်မြည်သံ ဆူညံနေ၏။

ကလေးငယ်များသည် လမ်းမပေါ်တွင် အုပ်စုလိုက်ဆော့ကစားနေ၏။

အဘိုးအို၊ အဘွားအိုများသည် ရေနွေးပန်းကန်ကိုယ်စီဖြင့် အိမ်ရှေ့ရှိခုံများပေါ်တွင်ထိုင်ကာ ကလေးများအား ကြည့်နေ၏။



လက်ဖက်ရည်ဆိုင်များတွင်လည်း လူများ စည်ကားနေ၏။

ယနေ့ လက်ဖက်ရည်ဆိုင်များထဲတွင် ထူးခြားသောအကြောင်းအရာတစ်ခုကို ငြင်းခုံပြောဆိုနေကြ၏။

ထိုသတင်းအား စတင်သယ်ဆောင်လာသူမှာ 'စာကလေး' ဖြစ်၏။

စာကလေးမှာ ငှက်မဟုတ်ပါ။ လူတစ်ယောက်၏အမည်ဖြစ်၏။

ထိုလူသည် သူများတကာထက် သတင်းထူးများကို စိတ်ဝင်စားကာ လိုက်စုံစမ်းနေသူဖြစ်၏။

ယနေ့လည်း သူက လက်ဖက်ရည်ဆိုင်၏ ပြတင်းပေါက်အနီးမှစားပွဲဆီတွင် ဝင်ထိုင်လိုက်၏။

"ဟေ့... စောစောစီးစီး ငါ သတင်းထူးတစ်ခုကြားလာတယ်"

ထိုစားပွဲတွင် လူ(၄)ယောက်ထိုင်နေ၏။

အဘိုးအိုတစ်ယောက်က ဆေးတံရှည်သောက်နေရာမှ မီးခိုးများကိုမှုတ်ထုတ်ပြီး...

"ဟုတ်လား... ပြောပါဦး... မင်းက အမြဲတမ်း သတင်းထူးတွေ ရတတ်တော့..."

ထိုလူက အီကြာကွေးတစ်ချောင်းအား ဖဲ့၍စားပြီးမှ...

"ဟိုနေ့က လင်းနို့ဂိုဏ်းက မိန်းကလေးငါးယောက်လွတ်

လာတာကြားတယ် မဟုတ်လား"

အရပ်ရှည်သောလူက....

"အေး... ဘာဖြစ်လို့လဲ"

ထိုလူက....

"ဘာဖြစ်ရမှာလဲ... အဲ့ဒီမိန်းကလေးငါးယောက်လုံး မနေ့ညကပဲ ပျောက်သွားလို့ကွ"

"ဟေ...."

အဘိုးအိုက မျက်လုံးပြူးသွား၏။

"မင်းကတော့ ကြဲကြဲဖန်ဖန် လျှောက်ပြောနေတယ်"

အရပ်ရှည်သောလူက....

"မင်းက တခြားသတင်းပြောစရာမရှိလို့ လုပ်ကြံသတင်းလွှင့်နေတာလား"

ထိုလူက....

"လုပ်ကြံသတင်းလွှင့်နေတာ မဟုတ်ဘူး... တိတိကျကျ သိတာ"

အဘိုးအိုက....

"ဘယ်ကကြားလာတာလဲ"

ထိုလူက....

"ကုန်သည်ကြီးကျွီအိမ်ကပေါ့... အဲ့ဒီအိမ်ကထမင်းချက်နဲ့ ကျူပ်က ခင်တယ်လေ... ဒီမနက်ဈေးထဲမှာတွေ့လို့ပြောသွားတာ"



အဘိုးအိုက....

"ဒါဆိုရင်တော့ ယုံပါပြီ... ကဲပါကွာ... အဲ့ဒီအကြောင်းတွေပြောနေရင် ဆုံးတော့မှာမဟုတ်ဘူး... ကိုယ့်ဘာသာကိုယ် စိတ်ချမ်းချမ်းသာသာနဲ့ လက်ဖက်ရည်သောက်တာပဲ ကောင်းမယ်"

၎င်းတို့ဘေးမှစားပွဲတွင် ထိုင်နေသောလူနှစ်ယောက်မှာ သူတို့ပြောစကားများကို နားစွင့်နေကြ၏။

ထိုလူနှစ်ယောက်မှာ ရန်ကျားဟုန်နှင့်ကွမ်းချီယင်းဖြစ်၏။ သူတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၏။

ကွမ်းချီယင်းက....

"သူတို့ပြောတာ ဖြစ်နိုင်သလား"

ရန်ကျားဟုန်က ပခုံးတစ်ချက်တွန့်ကာ....

"လက်ဖက်ရည်သောက်ပြီးရင် မြို့တော်ဝန်မင်းကိုသွားမေးကြတာပေါ့"

သူကပြောပြီး လက်ဖက်ရည်ပန်းကန်အား မော့ကာသောက်လိုက်၏။

ထိုစဉ် ဆိုင်ထဲသို့လှမ်းဝင်လာသူအား တွေ့မြင်လိုက်ရ၏။

သူက ရင်ထိတ်သွား၏။ ထိုလူကလည်း သူတို့အား တွေ့မြင်သွားကာ ခြေလှမ်းကျဲ ကျဲဖြင့် လျှောက်လာလေေ့သည်။

ထိုလူမှာ ကျန်းလီဖြစ်၏။

ကျန်းလီ၏မျက်နှာပေါ်တွင် အလွန်စိတ်ရှုပ်ထွေးဟန်မူရာ ဖြစ်ပေါ်နေ၏။

ကွမ်းချီယင်းက ပြုံးပြကာ....

"ထိုင်ဦးလေ"

ကျန်းလီက....

"မထိုင်တော့ဘူးဗျ"

သူက အသံတိုးတိုးဖြင့်....

"မြို့တော်ဝန်မင်းက ခင်ဗျားတို့ကိုရှာခိုင်းလိုက်လို့...."

ကွမ်းချီယင်းက....

"ဘာအရေးကြီးကိစ္စရှိလို့လဲ"

ကျန်းလီက....

"ခင်ဗျားတို့ သူ့ဆီရောက်ရင်သိရမှာပေါ့... အခုပဲ လိုက်ခဲ့ပါဗျာ... တိုင်ပင်စရာရှိလို့တဲ့"

"ကောင်းပြီလေ... သွားကြတာပေါ့"

ကွမ်းချီယင်းတို့သည် ကျသင့်ငွေရှင်းကာ ဆိုင်ထဲမှလျင်မြန်စွာ ထွက်ခွာသွားကြလေတော့သည်။



မြို့တော်ဝန်၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်နေ၏။

သူကလက်နှစ်ဖက်နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏။

အတန်ကြာမှ သူက ခြေလှမ်းကိုရပ်လိုက်၏။

ထို့နောက် သူ့အားကြည့်နေသည်မှာ ကွမ်းချီယင်း၊ ရန်ကျားဟုန်နှင့်ကျန်းလီတို့အား ကြည့်ကာ...

"မနေ့က ညနက်တဲ့အထိ ကျုပ်နဲ့သမီးတို့စကားပြောနေကြတယ်... အခုမနက်မိုးလင်းတော့ ကျုပ်သမီးမရှိတော့ဘူး... လင်းနို့ဂိုဏ်းကပြန်ဖမ်းသွားသလား မသိဘူး"

ကွမ်းချီယင်းက....

"ကျွန်တော်တို့လည်း အဲဒီသတင်းကြားလို့ တိုင်ပင်နေတုန်း ကျန်းလီရောက်လာလို့လိုက်လာတာပါ"

မြို့တော်ဝန်က....

"မင်းတို့ ဘယ်လိုထင်သလဲ"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"သူတို့လိုတာရလို့ ပြန်ဖမ်းသွားတာလားမသိဘူး"

မြို့တော်ဝန်က....

"သူတို့က ဘာလိုချင်လို့လဲ"

ရန်ကျားဟုန်က အနည်းငယ်စဉ်းစားကာ....

"ဒါနဲ့မြို့တော်ဝန်မင်းရဲ့ဘဏ္ဍာတော်သော့ရှိသေးရဲ့လား ခင်ဗျာ"

မြို့တော်ဝန်က....

"ကျုပ်လည်း မင်းသတိပေးကတည်းက သတိထားနေတာ... ဒါကြောင့် မနက်ကပြန်စစ်ကြည့်တယ်... သော့ကရှိပါတယ်... ခြေရာလက်ရာတောင်မပျက်ဘူး"

ရန်ကျားဟုန်က....

"ဒါဆိုရင်တော့ စဉ်းစားစရာပဲ"

ကွမ်းချီယင်းက....

"ကျုပ်တို့လင်းနို့ဂိုဏ်းဌာနချုပ်ကိုသိဖို့ အရေးကြီးတယ်"

မြို့တော်ဝန်က....

"ကျုပ်အတွက်ကတော့ သမီးလေးကို ဘယ်သူဖမ်းသွားတယ်ဆိုတာသိဖို့ ပိုအရေးကြီးပါတယ်"

ရန်ကျားဟုန်က....

"ဒီလိုပါ... မြို့တော်ဝန်မင်း မိန်းကလေးတွေကိုပြန်ဖမ်းသွားရင် လင်းနို့က သူ့ရဲ့ဌာနချုပ်မှာပဲထားမှာပါ... ဒါကြောင့် ဌာနချုပ်ကိုသိဖို့ အရေးကြီးပါတယ်"



မြို့တော်ဝန်က သက်ပြင်းတစ်ချက်ချလိုက်၏။

သူက ကုလားထိုင်တွင် စိတ်ပျက်လက်ပျက်ထိုင်ကာ....

"မင်းတို့ပဲကောင်းသလို စီစဉ်ကြပါ... ကျုပ်သမီးကိုလင်းနို့ဂိုဏ်းလက်ထဲကရအောင် ကယ်ပေးပါလို့ မေတ္တာရပ်ခံပါတယ်"

ရန်ကျားဟုန်က....

"စိတ်ချပါခင်ဗျာ... သူတို့ရဲ့ဌာနချုပ်ကိုတွေ့ရင် မိန်းကလေးတွေအားလုံးကို ကယ်တင်နိုင်မှာပါ"

သူတို့သည် မြို့တော်ဝန်အား နှုတ်ဆက်ကာ ဂေဟာထဲမှပြန်ထွက်လာခဲ့လေတော့သည်။

ည....။

တိတ်ဆိတ်ငြိမ်သက်နေ၏။

ကောင်းကင်ပေါ်တွင် လကွေးလေးရှိနေသော်လည်း တိမ်တစ်ဆုပ်က ဖုံးအုပ်ထား၏။

အမှောင်ထုနှင့်အတူ မြူခိုးများကလည်း ဇာပဝါပါးပမာ တလောကလုံးကိုလွှမ်းခြုံထား၏။

ထိုအချိန်တွင် ခိုင်ဖုံးမြို့ထဲမှမြင်းဆယ်ကောင်သည် ခြေလှမ်းမှန်မှန်ဖြင့် လှမ်းထွက်လာ၏။

မြင်းပေါ်တွင် လူ(၁၀)ယောက် လိုက်ပါလာ၏။

မြို့ပြင်သို့ရောက်သည်နှင့် လျင်မြန်သောအဟုန်ဖြင့် ပြေးထွက်သွားကြ၏။

မကြာပါချေ။ သူတို့သည် အလွမ်းဥယျာဉ်သို့ရောက်ရှိလာ၏။

အလွမ်းဥယျာဉ်သည် အလွန်လှပသောနေရာဖြစ်၏။

စိမ်းလန်းသောသစ်ပင်များဖြင့် လှပဝေဆာအောင်ပြုပြင်ထားသဖြင့် သချိုင်းမြေဖြစ်သောအလွမ်းဥယျာဉ်မှာ ကဗျာဆန်ဆန်နှင့်လှနေ၏။

မြင်းများသည် ဥယျာဉ်အဝတွင် ရပ်တန့်လိုက်၏။

ကွယ်လွန်သွားသောဘုရင်နှင့် မိဖုရားများကိုလေးစားသည့်အနေနှင့်လူ(၁၀)ယောက်သည် မြင်းပေါ်မှဆင်းလိုက်ကြ၏။

ထို့နောက် ကျောက်ပြားများခင်းကျင်းထားသောလမ်းအတိုင်း အတွင်းဘက်သို့လျှောက်ဝင်သွား၏။

ယင်းအဝင်ဝလမ်းပေါ်တွင် ခြင်္သေ့ရုပ်များ၊ နဂါးရုပ်များ၊ ဇာမဏီငှက်ရုပ်များ ပုံထွင်းထုထားသောကျောက်တုံးများမှာ အလွန်လက်ရာမြောက်လှ၏။

ထို့ပြင် လူရုပ်များနှင့်နတ်သမီးရုပ်များလည်း ထွင်းထုထား၏။

အုတ်ဂူများအနက် အကြီးမားဆုံးမှာ ရှေးခေတ်ဘုရင်မင်း



မြတ်၏အုတ်ဂူပင်ဖြစ်၏။

ယင်းအုတ်ဂူမှာ တောင်ပူစာတစ်လုံးပမာ အလွန်ကြီးမားလှ၏။

အဝင်ဝမှ ယင်းဂူအထိ ကျောက်တုံးများဖြင့် လမ်းတစ်ခုခင်းကျင်းထား၏။

လမ်း၏တစ်ဖက်တစ်ချက်တွင် ကျောက်တုံးများ၊ နတ်ကွန်းများနှင့်လူအများ အပန်းဖြေရန် ကျောက်ထိုင်ခုံများ အစီအရီရှိနေသည်ကိုတွေ့မြင်လိုက်ရ၏။

ယင်းဂူတစ်ခုလုံး၏တန်ဖိုးမှာ မည်မျှရှိသည်ကိုမခန့်မှန်းနိုင်အောင်ပင် ကြီးကျယ်လှ၏။

လူဆယ်ယောက်သည် တန်းစီကာ ထိုဂူထဲသို့ဝင်သွားကြ၏။

မကြာမီ သူတို့သည် ထိုအုတ်ဂူကြီးအနီးသို့ ရောက်ရှိသွား၏။

ယင်းလူ(၁၀)ယောက်အနက် ရှေ့ဆုံးမှဦးဆောင်လာသူမှာ ကျန်းလီဖြစ်၏။

၎င်းနောက်မှ ရန်ကျားဟုန်၊ ကွမ်းချီယင်း၊ တောက်ထင်းနှင့် တပ်သား(၆)ယောက်တို့ လိုက်ပါလာ၏။

သူတို့သည် ကျန်းလီ၏အကူအညီဖြင့် ဤနေရာသို့လာရောက်စုံစမ်းလေ့လာခြင်းဖြစ်၏။

သူတို့သည် အုတ်ဂူသို့ရောက်သောအခါ ကျန်းလီက သူ့လူများအား အချက်ပြလိုက်၏။

တပ်သားများသည် တွေဝေခြင်းမရှိဘဲ အုတ်ဂူတစ်ခုလုံးအား ရှာဖွေလိုက်ကြလေတော့သည်။

ကျန်းလီတို့လူစုသည် ဝန်းကျင်အနှံ့ရှာဖွေသော်လည်း ထူးခြားမှုတစ်စုံတစ်ရာကို မတွေ့ရပါ။

သူက ဓားရိုးဖြင့် ကျောက်တုံးတစ်တုံးအား ခေါက်လိုက်၏။

ထိုအခါ အတွင်းဘက်၌ လိုဏ်သံထွက်ပေါ်နေသည်ကို ကြားလိုက်ရ၏။

သူက မျက်မှောင်ကုတ်ကာ အတန်ကြာ စစ်ဆေးလိုက်၏။

ပြီးမှ ရန်ကျားဟုန်အား ပြသလိုက်၏။

"အစ်ကိုရန်... ဒီမှာကြည့်... ဒီကျောက်တုံးဟာ တခြားကျောက်တုံးတွေလို အသေကပ်မထားဘဲ လေးဘက်လေးပ၂န်မှာ နည်းနည်းဟနေတယ်ဗျ"

ရန်ကျားဟုန်က သေချာစွာကြည့်ကာ....

"ဒီနေရာဖြစ်နိုင်တယ်"

ကျန်းလီက ဓားရိုးဖြင့် ထပ်မံခေါက်ကြည့်လိုက်၏။



"ဟုတ်တာတော့ ဟုတ်နေပြီဗျ... ဒါပေမယ့် ဘယ်လိုလုပ်ဖွင့်ရမလဲ မသိဘူး"

ရန်ကျားဟုန်က စဉ်းစားနေ၏။

ကွမ်းချီယင်းက မဲ့ပြုံးပြုံးကာ....

"လွယ်ပါတယ်... ရိုက်ခွဲလိုက်ပေါ့"

ကျန်းလီက မျက်လုံးပြူးသွား၏။

"မလုပ်ပါနဲ့ဗျာ... ဘုရင့်အုတ်ဂူကိုဖျက်ဆီးရင် သေဒဏ်အပြစ်ပေးခံရမှာဗျ"

ရန်ကျားဟုန်က....

"ဟုတ်တယ်... မလောကြပါနဲ့... ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့"

ကျန်းလီက ပြုံးလိုက်၏။

"ကဲ... ခင်ဗျားပဲ ဆက်စဉ်းစားကြည့်ပါဦး"

ရန်ကျားဟုန်က ဘာမှမပြောဘဲ ဓားမြှောင်တစ်လက်ခါးကြားမှဆွဲထုတ်ကာ ကျောက်တုံးကြားထဲသို့စိုက်သွင်းလိုက်၏။

ထို့နောက် ဓားမြှောင်အား ဖြည်းညင်းစွာရွှေ့လျားကာ စူးစမ်းနေ၏။

မကြာမီ သူက ပြုံးကာ....

"တွေ့ပြီ... ဒီကျောက်တုံးက တံခါးပေါက်ပဲ... အထဲကနေ မင်းတုပ်ချထားတယ်"

သူက ဓားအား ပြန်ဆွဲထုတ်ကာ အောက်မှအပေါ်သို့အရှိန်ဖြင့် လွှန်ချလိုက်၏။

"ဝှန်း....."

အသံနှင့်အတူ ကျောက်တုံးအနည်းငယ် လှုပ်သွား၏။ သူက ကျောက်တုံးအား လက်နှစ်ဖက်ဖြင့် တွန်းလိုက်၏။

ကျောက်တုံးမှာ အတွင်းဘက်သို့ရွှေ့လျားသွား၏။ ရန်ကျားဟုန်တို့မှာ ဝမ်းသာသွား၏။

ယင်းအပေါက်အား ကြည့်လိုက်ရာ ကျဉ်းမြောင်းသောလမ်းတစ်ခုရှိနေသည်ကို တွေ့လိုက်ရ၏။

လမ်းကလေးမှာ ခြေသုံးလှမ်းစာခန့်ရှိပြီး အောက်သို့ဆင်းရန် လှေကားထစ်များရှိနေသည်ကို တွေ့လိုက်ရ၏။

သို့သော် အလွန်မှောင်မဲနေသဖြင့် မည်သည့်အရာကိုမှမတွေ့ရပါ။

ရန်ကျားဟုန်က ကျေနပ်စွာ ပြုံးလိုက်၏။

"ဒီနေရာကို လင်းနို့ဂိုဏ်းက ဌာနချုပ်အဖြစ်အသုံးပြုနေတာဖြစ်မယ်"

ကွမ်းချီယင်းက....

"ကျုပ်တို့အောင်မြင်တော့မယ်"

ကျန်းလီက အောက်သို့ဆင်းရန် ဟန်ပြင်လိုက်၏။

"ခဏနေဦး"



ရန်ကျားဟုန်က ဟန့်တားလိုက်၏။

ကျန်းလီက....

"ဘာဖြစ်လို့လဲ"

ရန်ကျားဟုန်က....

"အရမ်းမဆင်းနဲ့... တော်ကြာ အထဲမှာယန္တရားတွေတပ်ဆင်တပ်ထားမှာ...."

ကျန်းလီက ပြုံးကာ သတိရသွား၏။

"ကျေးဇူးတင်ပါတယ်ဗျာ"

ရန်ကျားဟုန်ကကျောက်တုံးလေးတစ်ခုအား ရှာကာအောက်သို့ပစ်ချလိုက်၏။

ကျောက်တုံးလေးသည် လှေကားထစ်များအတိုင်းအောက်သို့လိမ့်ဆင်းသွားကာ ရုတ်တရက် အသံများ မြည်ဟီးလာ၏။

အသံများ တိတ်သွားပြီးနောက် မည်သည့်တုံ့ပြန်လှုပ်ရှားမှုကိုမှမကြားရပါ။

ရန်ကျားဟုန်က ဓားအားဆွဲထုတ်ကာ ရှေ့ဆုံးမှဆင်းလာ၏။ ကျန်လူများက နောက်မှလိုက်ဆင်းလာ၏။

သူတို့အားလုံးလှေကားထစ်အောက်သို့ရောက်သောအခါ စကြံလမ်းလေးတစ်ခုအား တွေ့မြင်လိုက်ရ၏။

သူတို့သည် ဓားကိုယ်စီဖြင့် စကြံလမ်းအတိုင်းလျှောက်လာရာ အဆုံးတွင် အခန်းတစ်ခုအားတွေ့မြင်လိုက်ရ၏။

ယင်းအခန်းအားတွန်းလိုက်သောအခါ မြေအောက်ခန်းတစ်ခုအား တွေ့မြင်လိုက်ရလေတော့သည်။

ကျန်းလီ၏တပ်သားများသည် နံရံပေါ်တွင် မီးတုတ်များစိုက်ထူလိုက်၏။

ယခုမှပင် သူတို့ရောက်ရှိနေသောမြေအောက်ခန်းမှာ အလွန်ကျယ်ဝန်းသည်ကို တွေ့လိုက်ရ၏။

မီးတုတ်အလင်းရောင်ဖြင့် အခန်းတစ်ခုလုံးအား ထင်ထင်ရှားရှား တွေ့မြင်လိုက်ရ၏။

အခန်းထဲတွင် ပရိဘောဂပစ္စည်းများ သူနေရာနှင့်သူရှိနေသဖြင့် တစ်စုံတစ်ယောက်နေထိုင်ကြောင်း ခန့်မှန်းမိ၏။

သို့သော် ယခုမူ တစ်စုံတစ်ယောက်မှမတွေ့ရပါ။

ကျန်းလီသည် ခမ်းနားသောပရိဘောဂပစ္စည်းများအား မျက်လုံးဝေ့ကြည့်ကာ....

"ဒါ... ဘယ်သူနေတာလဲမသိဘူး"

သူကပြောရင်း ဖုန်မတက်ဘဲ ပြောင်လက်နေသောစားပွဲတစ်လုံးအား လက်ဖြင့်ပွတ်သပ်လိုက်၏။

ရန်ကျားဟုန်က ပြုံးလိုက်၏။



"ဒါ လင်းနို့ဂိုဏ်းချုပ်နေတဲ့အခန်းပဲ ဖြစ်ရမယ်"

ကျန်းလီက....

"အခု သူကော...."

ကွမ်းချီယင်းက....

"ကျုပ်တို့ကိုအသံကြားလို့ပုန်းနေတာလား မသိဘူး"

ထိုစဉ် ရန်ကျားဟုန်၏မျက်လုံးများ ဝင်းလက်လာ၏။

"ဟင်... ဟိုသံပြားက တံခါးတစ်ချပ်များဖြစ်နေမလား"

သူက ပြောပြောဆိုဆိုဖြင့် ထိုသံပြားအား ကြည့်လိုက်ရာ တံခါးတစ်ချပ်ဖြစ်ကြောင်း သိလိုက်၏။

သို့သော် ထိုသံတံခါးအား အပြင်ဘက်မှပိတ်ထားသဖြင့် ဖွင့်၍မရပါ။

ထိုစဉ်အချိန်မှာပင်....

"ဝုန်း...."

ဟူသောကျယ်လောင်သည့်အသံနှင့်အတူ သူတို့ဝင်လာသောကျောက်တံခါးမှာ ပြန်ပိတ်သွား၏။

အားလုံးမှာ ထိတ်လန့်တုန်လှုပ်သွား၏။

သူတို့သည် ကျောက်တံခါးရှိရာသို့ပြိုင်တူပြေးသွားကာ ကျောက်တံခါးအား ဆွဲဖွင့်ရန် ကြိုးစားကြ၏။

သို့သော် ကျောက်တံခါးမှာ တုပ်တုပ်မျှမလှုပ်ပေ။

သူတို့က အင်အားအပြည့်သုံးကာ ဆွဲဖွင့်ကြသော်လည်း တံ

ခါးမှလုံးဝရွေ့လျားခြင်း မရှိတော့ပါချေ။

လူအားလုံးမှာ ထိတ်လန့်တုန်လှုပ်သွား၏။

သူတို့သည် တံခါးအားဖွင့်နိုင်ရန် ခလုတ်ရှိမည်ဟု နားလည်ထားသဖြင့် အခန်းတွင်း၌လှည့်ပတ်ရှာဖွေလိုက်၏။

သို့သော် မည်သို့မျှရှာမတွေ့ပေ။

ကျောက်တံခါးအားကြည့်ရင်း ကျန်းလီက မောပန်းစွာ ထိုင်ချလိုက်၏။

"ဒုက္ခပဲ... ကျုပ်တို့တော့ ထောင်ချောက်ထဲတိုးဝင်နေမိပါပေါ့လား"

သူ့စကားအဆုံးတွင် အပြင်ဘက်မှရယ်မောသံကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"ဟား... ဟား... ဟား"

ရန်ကျားဟုန်တို့မှာ မျက်လုံးပြူးသွား၏။

အသံမှာ ကျောက်တံခါးအပြင်ဘက်မှထွက်ပေါ်လာခြင်းမဟုတ်ဘဲ နံရံတစ်ဖက်ရှိ တံခါးနောက်အပြင်ဘက်မှထွက်ပေါ်လာခြင်းဖြစ်၏။

ရန်ကျားဟုန်တို့သည် သံတံခါးအနားသို့ပြေးကပ်သွား၏။



တံခါးအပြင်ဘက်မှ....

"ဟုတ်တယ်... မင်းတို့ အခု ကျုပ်တို့ရဲ့ထောင်ချောက်ထဲမှာမိနေပြီကွ"

ကျန်းလီက မျက်နှာကွက်ခနဲပျက်သွားကာ....

"ခင်ဗျား ဘယ်သူလဲ"

ဟု မေးလိုက်၏။

သံတံခါးအပြင်ဘက်မှအသံရှင်က....

"မင်းတို့က ကျုပ်ကိုလာရှာတာမဟုတ်လား... ဘာကြောင့်ထပ်မေးနေရတာလဲ"

ကျန်းလီက....

"ခင်ဗျားက လင်းနို့ဂိုဏ်းချုပ်လား"

အသံရှင်က....

"ဟုတ်တယ်... မင်းမဆိုးဘူး... ကျုပ်တို့ဂိုဏ်းကို လူသိပ်မသိသေးဘူး... ဒါပေမယ့် မင်းကသိနေပြီ"

ကျန်းလီက....

"သိရုံတင်မဟုတ်ဘူး... ခင်ဗျား ဘာတွေလုပ်မယ်ဆိုတာတောင် ကျုပ်သိနေပြီ"

အသံရှင်က....

"တယ်ဟုတ်ပါလား... ပြောပါဦး"

ကျန်းလီက....

"ခင်ဗျားတို့က ဘဏ္ဍာတော်ငွေတိုက်ကိုဖောက်ဖို့ ကြံစည်နေတယ် မဟုတ်လား"

ဟု ပြောလိုက်၏။

သံတံခါးအပြင်ဘက်မှ အသံတိတ်သွား၏။

ကျန်းလီက....

"ဟေ့လူ... ခင်ဗျား ရှိသေးလား"

သူ့အသံဆုံးမှ အသံရှင်၏အသံထွက်ပေါ်လာ၏။

"ဟုတ်တယ်... မင်းသာ ကျုပ်လက်အောက်ကိုဝင်လာမယ်ဆိုရင် မင်းကိုငွေအလုံအလောက်ပေးမယ်... ဘယ်လိုလဲ"

ကျန်းလီက....

"ကျုပ်က ခင်ဗျားလိုလောဘမကြီးဘူးဗျ... ခင်ဗျားဖမ်းထားတဲ့မိန်းကလေးတွေ ဘယ်မှာလဲ"

အသံရှင်က....

"ငါက မပြောဘူးဆိုရင် မင်းက ဘာလုပ်မလဲ"

ကျန်းလီက....

"မပြောရင်တော့ ခင်ဗျားတို့ကိုဖမ်းရမှာပဲ"

"ဟား... ဟား... ဟား"

အသံရှင်က ရယ်မောကာ....

"မင်းက အခုအချိန်ထိ အခြေအနေကိုနားမလည်သေးဘဲကိုး... ဒီနေရာမှာသေရမှာ မင်းတို့ဆယ်ယောက်ပဲ... ဒီနေရာက မ



ထွက်နိုင်ရင် မင်းက ကျုပ်တို့ကိုဘယ်လိုဖမ်းမှာလဲ"

ကျန်းလီက ခံပြင်းလာ၏။

"ခင်ဗျားကပြေးလွတ်မယ် ထင်သလား"

အသံရှင်က....

"လွတ်ရမှာပေါ့ကွာ... ကျုပ်က လျှို့ဝှက်ပေါက်ကနေထွက်သွားလို့ရတယ်... မင်းတို့ကသာ အစာငတ်ရေငတ်နဲ့ ဒီနေရာမှာသေဖို့စောင့်ပေတော့"

ထိုစကားကို ကျန်းလီစိုးရိမ်မိ၏။

သူက ရန်ကျားဟုန်နှင့်ကွမ်းချီယင်းဘက်လှည့်ကာ အသံတိုးတိုးဖြင့်....

"သူပြောတာဖြစ်နိုင်တယ်... ကျွန်တော်တို့အမြန်ဆုံး ထွက်ပေါက်ရှာပြီး ဒီနေရာကထွက်နိုင်မှဖြစ်မယ်"

တောက်ထင်းက သူတို့အနားသို့ကပ်ကာ အသံတိုးတိုးဖြင့်....

"စိတ်မပူပါနဲ့ဦး... သူနဲ့စကားရှာပြီးပြောပါ... နောက်ပြီး ဖမ်းထားတဲ့မိန်းကလေးတွေအကြောင်းကိုလည်း စကားနှိုက်ကြည့်ပါဦး"

ကျန်းလီက ခေါင်းညိတ်လိုက်၏။

"ဟေ့... လင်းနို့ဂိုဏ်းချုပ်ကြီး... ကျုပ်တို့မသိတာတစ်ခုတော့ ပြောပါဦး"

အသံရှင်က....

"ဘာပြောရမှာလဲ"

ကျန်းလီက....

"ကျုပ်တို့မှာပြေးပေါက်မရှိတာ ခင်ဗျားယုံကြည်ရင် မိန်းကလေးလေးတွေကို ဘယ်မှာဖယ်းထားတယ်ဆိုတာ ပြောပြပါ"

အသံရှင်က ရယ်မောလိုက်၏။

"ဘာလဲ... ကိုယ့်ကိုယ်ကို သေတော့မယ်ဆိုတာ လက်ခံလို့နောက်ဆုံးအခွင့်အရေး တောင်းနေတာလား"

ကျန်းလီက....

"ခင်ဗျားက မပြောရဲဘူးလား"

အသံရှင်က....

"ကောင်းပြီ... သေရတော့မယ့်လူကို နောက်ဆုံးအခွင့်အရေးအနေနဲ့ပြောပြမယ်... မင်းသိချင်တာ မေးပါ"

ကျန်းလီက....

"ခင်ဗျားတို့မိန်းကလေး ဘယ်နှစ်ယောက်ကိုဖမ်းထားသလဲ"

အသံရှင်က....

"ဆယ်ယောက်...."

ကျန်းလီက....

"ဘာဖြစ်လို့ ဖမ်းထားတာလဲ"

ဟု မေးလိုက်၏။



အသံရှင်က....

"ငါးယောက်ကတော့ အသုံးချစရာရှိလို့... ကျန်ငါးယောက်ကတော့ လူငါးယောက်ကိုထိန်းချုပ်ချင်လို့"

ကျန်းလီက....

"ဘယ်သူတွေကိုထိန်းချုပ်ချင်လို့လဲ"

အသံရှင်က....

"ကျုပ်တို့ဂိုဏ်းနာမည်ကျော်အောင် သိုင်းလောကရဲ့ထိပ်တန်းသိုင်းသမား(၅)ယောက်ကို ချုပ်ကိုင်ထားချင်လို့ သူတို့ရဲ့အရင်းနှီးဆုံးပတ်သက်တဲ့ မိန်းကလေးငါးယောက်ကို ထိန်းချုပ်ထားရတာပေါ့... ဥပမာပြရရင် ရန်ကျားဟုန်ကိုချုပ်ကိုင်ချင်လို့ ရန်ချင်းဟွားကိုဖမ်းထားရတာပေါ့"

ရန်ကျားဟုန်က ထိတ်လန့်သွား၏။

သူရုပ်ဖျက်ထားသည်ကိုရိပ်မိသဖြင့် လင်းနို့ဂိုဏ်းချုပ်ကပြောခြင်းလော။

ကျန်းလီက....

"ဒါဖြင့် ကျန်တဲ့မိန်းကလေးငါးယောက်ကို ဘယ်လိုအသုံးချမှာလဲ"

အသံရှင်က....

"သူတို့ရဲ့မျက်နှာတွေကိုဖန်တီးပြီး သူတို့ရဲ့လှုပ်ရှားမှုကိုလေ့လာဖို့ပါ"

ကျန်းလီက....

"ဗျာ... ဘယ်လို... နားမလည်ဘူး"

အသံရှင်က....

"ကျုပ်တို့ အထူးလေ့ကျင့်ထားတဲ့ မိန်းကလေးငါးယောက်ကို သူတို့နဲ့တူအောင်ရုပ်ဖျက်ပြီး သူတို့ရဲ့ မိဘတွေဆီ ပြန်လွှတ်လိုက်တယ် ... ရှင်းရှင်းပြောရရင်တော့ ဘဏ္ဍာတော်တိုက်ရဲ့ တံခါးသော့ကို ဘဏ္ဍာတော်ထိန်းငါးယောက်ဆီက လိုချင်လို့ပဲ"

ဟု ပြောလိုက်၏။

ကျန်းလီက ရင်ထိတ်သွား၏။

"အခု ခင်ဗျားလိုချင်တဲ့သော့တွေရပြီလား"

"ဟား... ဟား... ဟား"

အသံရှင်က ကျယ်လောင်စွာ ရယ်မောလိုက်၏။

"ဟုတ်တယ်... ကျုပ်တို့က အခုညပဲ ဘဏ္ဍာတော်တိုက်ကို သွားဖောက်တော့မယ်... ခင်ဗျားတို့ဆယ်ယောက်ကတော့ ဒီထဲမှာပဲ သေပေတော့"

ကျန်းလီမှာ ခေါင်းငိုက်စိုက်ကျသွား၏။

အသံရှင်သည် ရယ်မောရင်း ထွက်ခွာသွားသည်ကိုကြားလိုက်ရလေတော့သည်။



## စပေါင်းအင်အား

သံတံခါး....။

ရန်ကျားဟုန်သည် သံတံခါးအား အတန်ကြာစိုက်ကြည့်နေ၏။

ကျန်လူများကလည်း သူ့အတိုင်းပင် သံတံခါးအား စိုက်ကြည့်နေကြ၏။

ရန်ကျားဟုန်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ကဲ... ဒီတံခါးကို ကျုပ်တို့ကြိုးစားပြီးဖွင့်ကြရအောင်"

သူကပြောပြီး သံတံခါးအား အတွင်းအားထည့်ကာ ကန်လိုက်၏။

"ဝုန်း...."

ကျန်လူများကလည်း ပြိုင်တူကန်လိုက်ကြ၏။

"ဝုန်း...."

သံတံခါးမှာ အနည်းငယ်လှုပ်သည်မှလွဲ၍ မပွင့်ပါချေ။ ရန်ကျားဟုန်က အံတင်းတင်းကြိတ်လိုက်၏။

"ငါတို့အတွင်းအားထည့်ပြီး ပြိုင်တူတွန်းကြမယ်"

သူတို့သည် အတွင်းအားထည့်ကာ ပြိုင်တူတွန်းဖွင့်ကြ၏။

"ဝုန်း...."

သို့သော် သံတံခါးမှာ ရွေ့ပင်မရွေ့ပါ။ ရန်ကျားဟုန်က စိတ်ဓာတ်ကျလာ၏။

"ဒုက္ခပဲ... ဒီအတိုင်းဆိုရင်တော့ ကျုပ်တို့အချိန်မီတားနိုင်မှာမဟုတ်ဘူး"

တောက်ထင်းက ကျောက်တံခါးအားကြည့်ကာ....

"ကျုပ်တို့ဝင်ခဲ့တဲ့ ကျောက်တံခါးဆိုရင်ကော...."

ကျန်းလီက ကျောက်တံခါးအား စိုက်ကြည့်လိုက်၏။

"ဒီကျောက်တံခါးက(၈)လက်မလောက် ထူလိမ့်မယ်... ကိုယ်နဲ့တိုက်ဖွင့်ဖို့တော့ မဖြစ်နိုင်ဘူး"

သူကပြောပြောဆိုဆို လက်ထဲမှဓားနှင့်ကျောက်တံခါးအား အရှိန်ပြင်းစွာ ခုတ်ချလိုက်၏။

"ချွင်...."

ကျောက်တံခါးမှကျောက်စများ အနည်းငယ်ပဲ့ထွက်လာ၏။

ကျန်းလီ၏မျက်လုံးများ တောက်ပလာ၏။

"ဟာ... ကျုပ်အကြံရပြီ"



တောက်ထင်းက....

"ဘာအကြံလဲ"

ကျန်းလီက ကျောက်တံခါး၏အလယ်တွင် ကန့်လန့်ဖြတ်ခြစ်ရာတစ်ခု ဓားဖြင့်ခြစ်လိုက်၏။

"ဒီဓားခြစ်ထားတဲ့နေရာကို ကျုပ်တို့အားလုံး ဓားနဲ့ခုတ်ကြမယ်... အလှည့်ကျခုတ်ကြမယ်"

ဟု ပြောလိုက်၏။

ရန်ကျားဟုန်နှင့်ကွမ်းချီယင်းမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၏။

ထို့နောက် အတွင်းအားစုစည်းကာ ထိုနေရာသို့ဓားဖြင့် အရှိန်ပြင်းစွာ ခုတ်ချလိုက်၏။

ကျောက်စလေးများ ပဲ့လာ၏။ သူတို့သည် တစ်ယောက်တစ်ချက်စီ အလှည့်ကျခုတ်နေကြ၏။

မကြာမီ တံခါး၏အလယ်တွင် နက်ရှိုင်းသောသုံးလက်မခန့်မြောင်းကလေးတစ်ခု ဖြစ်ပေါ်လာ၏။

သူတို့အားလုံး အားတက်လာကြ၏။ တောက်ထင်းက ပြုံးလိုက်၏။

"ကောင်းတယ်... ဒီအတိုင်းသာ ဆက်လုပ်ရင် ဒီတံခါးထက်ပိုင်းကျိုးနိုင်တယ်"

သူ၏အားပေးစကားကြောင့် ကျန်လူများသည် အင်အားအ

ပြည့်အဝသုံးကာ အားကြိုးမာန်တက်ခုတ်နေကြ၏။

သူတို့သည် မောဟိုက်သောအခါ နားပြီး တစ်ယောက်တစ်လှည့်စီခုတ်လာရာ မကြာမီ ကျယ်ဝန်းသောမြောင်းကြီးတစ်ခုရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

"ဒုတ်...."

"ချွင်...."

လူ(၁၀)ယောက်၏အင်အားမှာ မသေးလှပါ။

ရန်ကျားဟုန်တို့(၁၀)ယောက်သည် အလှည့်ကျကျောက်တံခါး၏ခါးလယ်အား ဖြတ်ခုတ်နေကြ၏။

အချိန်ကြာလာသောအခါ ကျောက်တံခါး၏အလယ်တွင် တစ်လက်အအထုလောက်သာ ဖြတ်ရန်ကျန်တော့၏။

ကျန်းလီက....

"ကဲ... အားလုံးအနားယူကြပါဦး... ကျုပ်တို့မိမှာပါ"

သူတို့၏တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်နေ၏။ အားလုံးက ကြမ်းပြင်ပေါ်တွင်ထိုင်ကာ အနားယူလိုက်၏။

တောက်ထင်းက....

"မင်းက နောက်ဆုံးအကြိမ် ကြိုးစားတော့မယ်ပေါ့ ဟုတ်လား"



ကျန်းလီက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ဒါကြောင့် ခင်ဗျားတို့က အားပြည့်အောင် ခဏအနားယူလိုက်ပါဦး... ကျုပ်တို့ ဒီထဲကလွတ်ရင် တိုက်ပွဲဖြစ်ချင်ဖြစ်နိုင်တယ်... အားလုံးအားပြည့်မှဖြစ်မယ်"

သူ၏စကားကြောင့် အားလုံးက ကြမ်းပြင်ပေါ်တွင် ခြေပစ်လက်ပစ်လဲလျောင်းလိုက်ကြလေတော့သည်။

"ချွင်...."

"ဝုန်း..."

ကျယ်လောင်သောအသံနှင့်အတူ ကျောက်တံခါးကြီးမှာ ကျိုးပျက်သွား၏။

ကျန်းလီသည် ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။ ထို့နောက် ကျန်လူများကိုဝေ့ကြည့်လိုက်၏။

လူအားလုံးမှာပင်ပန်းထားကြသော်လည်း စိတ်ဆောင်နေသဖြင့် အားလုံးက အားအင်ပြည့်နေဟန်ရှိ၏။

သူတို့သည် ကျိုးပဲ့သွားသောတံခါးအားကြည့်ကာ တစ်ယောက်ပြီးတစ်ယောက် အပေါ်သို့ပြန်တက်သွား၏။

ကံကောင်းထောက်မစွာပင် လင်းနို့ဂိုဏ်းချုပ်သည် သူတို့ဝင်ခဲ့သည့်ကျောက်တုံးကြီးအား ပြန်ပိတ်ခဲ့ရန်မေ့သွားဟန်တူ၏။

သူတို့သည် အုတ်ဂူအပြင်ဘက်သို့ထွက်ကာ လေကောင်းလေသန့်ရှူလိုက်ကြ၏။

ကောင်းကင်ပေါ်တွင် အလင်းရောင်မတွေ့ရသေးသဖြင့် မိုးမလင်းသေးမှန်း ခန့်မှန်းမိ၏။

ကျန်းလီက....

"ကျုပ်တို့လွတ်လာတာ သူတို့မသိဘူးထင်တယ်"

တောက်ထင်းက....

"ဒီမှာ သူတို့အဖွဲ့သားတွေလည်းမရှိဘူးထင်တယ်"

ရန်ကျားဟုန်က မျက်မှောင်ကုတ်၍ အနည်းငယ်စဉ်းစားကာ....

"ကျုပ်တို့မြေအောက်ခန်းမှာ အချုပ်ခံရတာ တော်တော်ကြာနေပြီ... အဲဒီအချိန်မှာ သူတို့ကဘဏ္ဍာတော်တိုက်ကို သွားဖောက်ပြီထင်တယ်"

ဟု စိုးရိမ်စွာ ပြောလိုက်၏။

ကျန်းလီက ခုန်ထလိုက်၏။

"ဟုတ်တယ်... ဟုတ်တယ်... ကျုပ်တို့အချိန်မီသွားပြီး ဟန့်တားမှပဲ"

တောက်ထင်းက ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ်... အခုအချိန်သွားရင်တော့ အချိန်မီနိုင်မယ်ထင်တယ်"

သူကပြောပြီး ထိုင်ရာမှထလိုက်၏။

ထို့နောက် သူတို့အားလုံးသည် ကျောက်ပြားခင်းထားသော လမ်းကလေးအတိုင်း ပြေးထွက်သွားကြ၏။

သို့သော် သူတို့သည် အလွမ်းဥယျာဉ်အပေါက်ဝသို့ရောက်သောအခါ သူတို့၏မြင်းများကို လုံးဝမတွေ့ရတော့ပါချေ။

မြင်းတစ်ကောင်မှ မရှိတော့ပါ။

ကျန်းလီတို့အားလုံးမှာ ဒေါသခြောင်းခြောင်းထွက်ကာ ခြေလှမ်းကိုရပ်တန့်လိုက်၏။

သို့သော် ရန်ကျားဟုန်က မရပ်ပါ။

"ဟော့... မြန်မြန်လာကြ... နောက်ကျသွားမယ်"

သူကအော်ပြောရင်း ဆက်ပြေးသွား၏။ ကျန်းလီကလည်း နောက်မှပြေးလိုက်သွား၏။

ကျန်လူများကလည်း သူတို့နောက်မှပြေးလိုက်သွားကြ၏။

သူတို့သည် ခိုင်ဖုံးမြို့ထဲသို့ဦးတည်၍ ပြေးလွှားသွားနေကြ၏။

ထိုအချိန်မှာပင် မြို့ထဲမှ အုန်းမောင်းခေါက်သံ(၅)ချက် ထွက်ပေါ်လာသည်ကို ခပ်ဝါးဝါးကြားလိုက်ရလေတော့သည်။

ရန်ကျားဟုန်တို့(၁၀)ယောက်သည် အားကုန်ပြေးလွှားသွားနေကြ၏။

သူတို့သည် လင်းနို့တို့က ဘဏ္ဍာတော်ငွေတိုက်ကို ဖောက်သွားမည်ကိုဟန့်တားနိုင်ရန် ပြေးလွှားနေကြ၏။

မကြာမီ သူတို့သည် ဘဏ္ဍာတော်ငွေတိုက်နှင့် နီးကပ်လာပြီဖြစ်၏။

ထိုစဉ် ဘဏ္ဍာတော်ငွေတိုက်ဆီမှ တိုက်ခိုက်သံသဲ့သဲ့ကိုကြားလိုက်ရ၏။

သူတို့သည် ငွေတိုက်စောင့်များနှင့် လင်းနို့အဖွဲ့တို့တိုက်ခိုက်နေကြပြီကို နားလည်လိုက်၏။

ယင်းကြောင့်လည်း ပြေးလွှားနေသောအရှိန်ကို ပို၍ မြင့်တင်လိုက်၏။

မကြာမီ သူတို့သည် ငွေတိုက်အား တွေ့မြင်လိုက်ကြရလေတော့သည်။

ဘဏ္ဍာတော်ငွေတိုက်၏တံခါးများ မဖွင့်ရသေးပါ။



ဘဏ္ဍာတော်တိုက်ရှေ့တွင် အလုံပိတ်ထားသောမြင်းလှည်းတစ်စီးရပ်ထား၏။

ငွေတိုက်ရှေ့တွင် လူများတိုက်ခိုက်နေ၏။ လင်းနို့အဖွဲ့သားများနှင့် ငွေတိုက်အစောင့်များ ဖြစ်၏။

ရန်ကျားဟုန်တို့(၁၀)ယောက်သည် တွေဝေခြင်းမရှိပါ။

"ယား..."

မာန်သွင်းအော်ဟစ်ကာ တိုက်ပွဲအတွင်းသို့ပြေးဝင်ပြီး လင်းနို့အဖွဲ့သားများအား တိုက်ခိုက်လိုက်၏။

လင်းနို့တစ်ယောက်နှင့် တိုက်ခိုက်နေသော ရဲမက်များမှာ ရန်ကျားဟုန်တို့လူစုရောက်လာသဖြင့် တိုက်ပွဲအတွင်းမှထွက်ကာ အချက်ပေးခေါင်းလောင်းကို ပြေးလှုပ်လိုက်၏။

မကြာပါချေ။ အစောင့်ရဲမက်များ အချိန်မီရောက်လာကြ၏။

လင်းနို့အဖွဲ့သားတချို့အား လက်ရဖမ်းမိကာ တချို့မှာ သေဆုံးသွားကြ၏။

ထိုစဉ် အခြေအနေအား စောင့်ကြည့်နေသောမြင်းလှည်းပေါ်မှလူသည် မြင်းလှည်းအား အရှိန်ပြင်းစွာ မောင်းနှင်ထွက်ခွာသွားလေတော့သည်။

နံနက်ခင်း....။

နိုင်ဖုံးမြို့တစ်မြို့လုံးတွင် လူများလှုပ်လှုပ်ရွရွဖြစ်နေ၏။

ဘဏ္ဍာတော်ငွေတိုက်အား လင်းနို့ဂိုဏ်းကဖောက်ထွင်းရန် ကြိုးစားသည့်သတင်းသည် နိုင်ဖုံးမြို့တစ်ခုလုံးအား ပျံ့နှံ့သွား၏။

ဘဏ္ဍာတော်ငွေများ ဆုံးရှုံးမသွားပါ။

သို့သော် သက်ဆိုင်ရာအာဏာပိုင်တို့မသိအောင် မည်သို့မျှ နှုတ်ပိတ်၍မရတော့ပါချေ။

လင်းနို့ဂိုဏ်းအား ရှာဖွေရန် အမိန့်ထုတ်လိုက်လေတော့သည်။

ညနေဆည်းဆာ....။

ကောင်းကင်တစ်ခုလုံး သာယာလှပနေ၏။

သို့သော် ကြည်နူးမှုသဘာဝတရားကို လူတစ်စုက မခံစားနိုင်ပါ။



ထိုလူစုမှာ ကျန်းလီတို့လူစုဖြစ်၏။

ကျန်းလီ၊ ရန်ကျားဟုန်၊ ကွမ်းချီယင်းနှင့်တောက်ထင်းတို့သည် မြင်းကိုယ်စီဖြင့် အလွမ်းဥယျာဉ်ဘက်သို့ဦးတည်ကာ ထွက်ခဲ့၏။

သူတို့သည် အလွမ်းဥယျာဉ်အနီးသို့ရောက်လာ၏။ ကွမ်းချီယင်းက ပတ်ဝန်းကျင်အား ဝေ့ကြည့်လိုက်၏။

လူသူတစ်စုံတစ်ယောက်၏အရိပ်အယောင်ကိုမှ မတွေ့ရပါ။

သူက ရန်ကျားဟုန်အား ကြည့်လိုက်၏။ ရန်ကျားဟုန်က ခေါင်းညိတ်ပြလိုက်၏။

ကွမ်းချီယင်းသည် အင်္ကျီလက်ထဲတွင်ဝှက်ယူလာသော ခိုအား ထုတ်ယူကာ ကောင်းကင်ပေါ်သို့ပစ်တင်လိုက်၏။

ဤခိုသည် စတုဗ္ဗမြောက်ခိုဖြစ်၏။

ခိုကလေးသည် တောင်ပံတဖျပ်ဖျပ်ခတ်ကာ ကောင်းကင်ပေါ်သို့ပျံတက်သွား၏။

ထို့နောက် စက်ဝိုင်းသဏ္ဍာန်ပတ်ကာ မြောက်ဘက်သို့ဦးတည်ပျံသန်းသွား၏။

အလွမ်းဥယျာဉ်အား ဖြတ်ကျော်သွား၏။ ရန်ကျားဟုန်က အံ့အားသင့်သွား၏။

"ချီယင်း... အလွမ်းဥယျာဉ်က သူတို့ရဲ့ဌာနချုပ်မဟုတ်ဘူး" ဟု ပြောလိုက်၏။

ကွမ်းချီယင်းက....

"ဟုတ်တယ်... အံ့သြစရာပဲ"

ရန်ကျားဟုန်က ကျန်းလီဘက်လှည့်ကာ....

"ကျန်းလီ... အဲ့ဒီဘက်မှာ ဘာရှိသလဲ"

ဟု မေးလိုက်၏။

ကျန်းလီက ပျံသွားသောခိုအား ကြည့်ကာ....

"အဲ့ဒီဘက်မှာတော့ 'မိဖုရားတံတား'ပဲ ရှိတယ်ဗျ"

ရန်ကျားဟုန်က....

"ထူးဆန်းတယ်"

ကွမ်းချီယင်းက....

"ကဲ... ခင်ဗျား အခု ဘာဆက်လုပ်မလဲ"

ရန်ကျားဟုန်က....

"ကဲ... ကျန်းလီ... ခင်ဗျားတို့သွားစရာရှိရင် သွားနှင့်ပါ... ကျုပ်တို့တစ်နေရာ ခဏသွားလိုက်ဦးမယ်"

ကျန်းလီက ခေါင်းညိတ်လိုက်၏။ ထို့နောက် တောက်ထင်းနှင့်အတူ ထွက်ခွာသွား၏။

ရန်ကျားဟုန်က....

"ကဲ... ချီယင်း... ငါတို့ပန်းချီဆရာမာလု ပြန်ရောက်ပြီလား မရောက်သေးဘူးလားဆိုတာ သွားကြည့်ကြမယ်"

ကွမ်းချီယင်းက....

"မိဖုရားတံတားဘက်ကို သွားမကြည့်ဘူးလား"



ဟု မေးလိုက်၏။

ရန်ကျားဟုန်က ခေါင်းခါယမ်းလိုက်၏။

"မနက်ဖြန်ကျမှသွားမယ်"

သူတို့နှစ်ယောက်သည် ပန်းချီဆရာမာလု၏ဆိုင်သို့ ဦးတည်သွားကြလေတော့သည်။

ရန်ကျားဟုန်နှင့်ကွမ်းချီယင်းသည် ပန်းချီဆရာမာလု၏ဆိုင်ရှေ့သို့ ရောက်ရှိလာ၏။

ဆိုင်ထဲတွင် မှောင်မည်းနေ၏။ ရန်ကျားဟုန်က မျက်မှောင်ကုတ်သွား၏။

"ကြည့်ရတာတော့ ပန်းချီဆရာမာလု မရောက်သေးဘူး ထင်တယ်"

ကွမ်းချီယင်းက ဆိုင်နောက်ဘက်သို့ကြည့်လိုက်၏။

ထိုအခါ ဆိုင်နောက်ဘက်တွင် မီးဖိုဆောင်ရှိပြီး မီးဖိုဆောင်ထဲ၌ မီးလင်းနေသည်ကို တွေ့လိုက်ရ၏။

ကွမ်းချီယင်းသည် ရန်ကျားဟုန်အားခေါ်ကာ ထိုနေရာသို့ လျှောက်သွား၏။

သူတို့က အတွင်းဘက်သို့ချောင်းကြည့်လိုက်၏။

ထိုအခါ ပထမအကြိမ် ပန်းချီဆိုင်တွင်တွေ့ရသည့်လူနှင့် အမျိုးသမီးတစ်ယောက်ထိုင်ကာ ညစာစားသောက်နေသည်ကို တွေ့ရ၏။

သူတို့က အသံမပြုဘဲ တိတ်ဆိတ်စွာ နားစွင့်လိုက်၏။

အမျိုးသမီးက....

"အခုတလော ပန်းချီဆရာကိုလာရှာတဲ့လူတွေ များလှချည်လား"

ထိုလူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်.. မနေ့ကလည်း ခြသေ့်ရဲတိုက်က လူတစ်ယောက်ထပ်လာရှာသေးတယ်... ပြီးတော့ မှာသွားတယ်"

အမျိုးသမီးက....

"ဟုတ်လား... ဘာမှာသွားတာလဲ"

ထိုလူက....

"ပန်းချီဆရာပြန်လာရင် သူတို့ဆီကိုအကြောင်းကြားပါလို့ အရေးတကြီးမှာသွားတယ်"

အမျိုးသမီးက အံ့သြသောလေသံဖြင့်....

"ဘယ်လိုဖြစ်တာလဲ... ရှင်ပြောတော့ ပန်းချီဆရာက ခြသေ့်ရဲတိုက်မှာ ပန်းချီသွားဆွဲတယ်ဆို...."

ထိုလူက....

"ဟုတ်တယ်... ပထမတော့ ခြသေ့်ရဲတိုက်ကိုသွားတာ တ



ကယ်အမှန်ပါပဲ... ဒါပေမယ့် နောက်ကျမှ သူခရီးလွန်နေတဲ့အကြောင်း ကျုပ်ဆီကိုစာရေးပြီး အကြောင်းကြားတယ်လေ"

အမျိုးသမီးက....

"ဒါဖြင့် အခု သူက ဘယ်ရောက်နေသလဲ"

ထိုလူက....

"အဲ့ဒါတော့ ကျုပ်လည်း မသိဘူး... ဒါပေမယ့် သူ ဘာမှတော့ မဖြစ်နိုင်ဘူးထင်ပါတယ်"

ထိုစကားကြားရသောအခါ ရန်ကျားဟုန်နှင့်ကွမ်းချီယင်းတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဆိုင်ထဲမှအသာပြန်ထွက်သွား၏။

ထို့ကြောင့် သူတို့အား လှောင်ပြုံးဖြင့်ကြည့်နေသော အမျိုးသမီးနှင့် ထိုလူ၏မျက်လုံးများကို မတွေ့မြင်လိုက်ရတော့ပါ။

ရန်ကျားဟုန်နှင့်ကွမ်းချီယင်းသည် လမ်းမပေါ်သို့ရောက်လာ၏။

ကွမ်းချီယင်းက....

"ခင်ဗျားကြားလိုက်တယ် မဟုတ်လား"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ကြားပါတယ်"

ကွမ်းချီယင်းက....

"ဒါဖြင့် ကျုပ်တို့ဘာဆက်လုပ်ကြမလဲ"

ရန်ကျားဟုန်က ပခုံးတစ်ချက်တွန့်လိုက်၏။

"အချိန်စောသေးတာပဲ... မိဖုရားတံတားဘက်ကို ဆက်သွားရင် မကောင်းဘူးလား"

ကွမ်းချီယင်းက....

"မနက်ဖြန်မှသွားမယ်ဆို"

ရန်ကျားဟုန်က ခေါင်းခါယမ်းလိုက်၏။

"ဒီနေ့အချိန်စောသေးတာပဲ... စောစောသွားတာလည်း ကောင်းပါတယ်ကွာ"

ကွမ်းချီယင်းက ဘာမှစောဒကမတက်တော့ပါချေ။

ရန်ကျားဟုန်နှင့်ကွမ်းချီယင်းသည် မိဖုရားတံတားသို့ လျှောက်လာကြ၏။

ယင်းမိဖုရားတံတားမှာ ဘုရင်မင်းမြတ်က 'ရှမ်းကျင်း' မိဖုရားအား အလွန်မြတ်နိုးသဖြင့် မိဖုရားကွယ်လွန်သောအခါ ထိုတံတားအား အမှတ်တရတည်ဆောက်ခဲ့ခြင်းဖြစ်၏။



လရောင်အောက်တွင် မိဖုရာတံတားမှာ အလွန်ပင်သာယာလှပ၏။ စိတ်ကြည်နူးဖွယ်ကောင်း၏။

သူတို့သည် တံတားပေါ်မှဖြတ်ကျော်ကာ မြောက်ဘက်ဆီသို့ဦးတည်လျှောက်လာခဲ့ကြ၏။

ခိုကလေးက ဤဘက်သို့ပျံသန်းသဖြင့် သူတို့က လင်းနို့ဂိုဏ်း၏ဌာနချုပ် ထိုနေရာတွင်ရှိမည်ဟုယူဆကာ ရောက်လာကြခြင်းဖြစ်၏။

သူတို့သည် သတိကြီးစွာဖြင့် ဝန်းကျင်တစ်ခုလုံးအား အကဲခတ်လာ၏။

ထိုနေရာတွင် လူနေအိမ်မရှိပါ။

သို့သော် ခန့်ညားသောအိမ်ကြီးတစ်လုံးရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

ရန်ကျားဟုန်က ကွမ်းချီယင်းဘက်သို့လှည့်ကြည့်လိုက်၏။

"ဒီနေရာက လင်းနို့ဂိုဏ်းဌာနချုပ်များ ဖြစ်နေမလား"

ကွမ်းချီယင်းက ဟန်မူရာကင်းမဲ့စွာဖြင့်....

"အခြေအနေကိုကြည့်ပြီး အကဲခတ်ပေါ့"

သူကပြောပြီး ခပ်ဝေးဝေးမှ အဆောက်အအုံအား အကဲခတ် ကြည့်လိုက်၏။

အိမ်မှာ အလွန်ကြီးမားခြင်းမရှိသော်လည်း သပ်ရပ်လှပစွာဆောက်လုပ်ထားသဖြင့် ကြည့်ကောင်းလှ၏။

ရန်ကျားဟုန်နှင့်ကွမ်းချီယင်းတို့ကြည့်နေစဉ်မှာပင် အိမ်တံခါးပွင့်လာသည်ကိုတွေ့လိုက်ရ၏။

အိမ်ထဲမှ အဘိုးအိုတစ်ယောက်ထွက်လာ၏။

သို့သော် အဘိုးအိုက အဝေးသို့ထွက်သွားခြင်းမရှိဘဲ ပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်ကာ အဆောက်အဦးထဲသို့ပြန်ဝင်သွား၏။

ရန်ကျားဟုန်က ဆက်လက်စောင့်ကြည့်နေမိ၏။

ကွမ်းချီယင်းက ပခုံးတစ်ချက်တွန့်ကာ....

"ကဲ... ကျုပ်တို့ပြန်ကြပါစို့ဗျာ... ဘာမှလည်း မထူးပါဘူး"

ဟု ပြောလိုက်၏။

ရန်ကျားဟုန်က စိတ်ထဲတွင် ဘဝင်မကျပါ။

သူက ဘာမှမပြောတော့ဘဲ ကွမ်းချီယင်းနှင့်အတူ ပြန်ခဲ့လေတော့သည်။

နောက်တစ်နေ့....

ရန်ကျားဟုန်၊ ကွမ်းချီယင်းနှင့်ကျန်းလီတို့သည် မိဖုရားတံတားတစ်ဝိုက်အား သေချာစွာ ရှာဖွေကြ၏။

ထိုနေရာတစ်ဝိုက်တွင် တခြားလူနေအိမ်များကို မတွေ့ရပါ။



စိုက်ခင်းတချို့သာ ရှိ၏။

ရန်ကျားဟုန်သည် ခပ်လှမ်းလှမ်းတွင်တွေ့မြင်ရသော အဆောက်အအုံအားကြည့်ကာ ရင်ထဲတွင်ဘဝင်မကျနိုင်ဖြစ်နေ၏။

သူက ကျန်းလီအား ကြည့်ကာ....

"ကျန်းလီ... ကျုပ်ရင်ထဲမှာမရှင်းတာ မင်းကိုပဲမေးရတော့မှာပဲ"

ဟု ပြောလိုက်၏။

ကျန်းလီက....

"မေးလေ"

ရန်ကျားဟုန်က အဆောက်အအုံအား ညွှန်ပြကာ....

"ဒီအိမ်က ဘယ်သူ့အိမ်လဲဗျ"

ကျန်းလီက အိမ်အား ကြည့်ကာ....

"ဪ... ဒီအိမ်က သူဌေးရှီရဲ့အိမ်ပါ"

ရန်ကျားဟုန်က....

"သူက ဘာလုပ်သလဲ"

ကျန်းလီက....

"သူက မြို့စားအနွယ်ဝင်ဗျ... အခုတော့ ဘာမှမလုပ်ဘူး"

ရန်ကျားဟုန်က....

"ဟင်... ဘာမှမလုပ်ရင် ဘယ်လိုလုပ်ငွေရှိမှာလဲ"

ကျန်းလီက....

"သူတို့အတွက် အာဏာပိုင်တွေက နှစ်စဉ်ပုံမှန်ထောက်ပံ့ကြေးပေးရတယ်... ဘာမှလုပ်စရာမလိုအောင် မိဘအမွေအနှစ်လည်း ရှိတယ်"

ရန်ကျားဟုန်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"မင်း... သူ့ကိုတွေ့ဖူးလား"

ကျန်းလီက....

"တွေ့ဖူးပါတယ်"

ရန်ကျားဟုန်က....

"ဘယ်လိုသဘောရလဲ"

ကျန်းလီက....

"သူက သဘောကောင်းတယ်... မင်းမျိုးမင်းနွယ်ဖြစ်ပေမယ့် မာန်မာနမရှိဘူး... ဒါပေမယ့် ငွေတော့ အသုံးအစွဲကြီးတယ်"

ရန်ကျားဟုန်က မျက်မှောင်ကုတ်သွား၏။

"သူက သိုင်းပညာတတ်သလား"

ကျန်းလီက ခေါင်းခါယမ်းလိုက်၏။

"အဲ့ဒါတော့ မကြားဖူးဘူး... သူက ဒီမှာနေတာမဟုတ်ဘူး... နေပြည်တော်မှာနေတာ"

ရန်ကျားဟုန်က....

"သူက ဒီမှာမနေရင် ဘာကြောင့် ငွေကုန်ခံပြီး ဒီလိုနေရာမှာ အိမ်ဆောက်ထားရတာလဲ"



ကျန်းလီက သူ့အား စိုက်ကြည့်လိုက်၏။

"နေပါဦး... ခင်ဗျားက သူ့ကိုသံသယရှိနေလို့လား"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ကျုပ်တို့လွှတ်လိုက်သမျှ ခိုတွေက ဒီဘက်ကိုပဲ ပျံသန်းသွားတယ်... ဒါကြောင့် ဒီနားတစ်ဝိုက်မှာ လင်းနို့ဂိုဏ်းရဲ့ဌာနချုပ်ရှိလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်"

ကျန်းလီက ခေါင်းညိတ်လိုက်၏။

"ဒါကြောင့် ခင်ဗျားက ဒီအိမ်ကိုသံသယဝင်နေတာပေါ့"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ကျန်းလီက....

"ကောင်းပြီ... ခင်ဗျားက ဘာလုပ်ချင်သလဲ"

ရန်ကျားဟုန်က....

"ကျုပ်တို့အခုပဲ အလွမ်းဥယျာဉ်ကိုသွားကြမယ်... တစ်စုံတစ်ခုထူးခြားမယ်လို့ ကျုပ်ထင်နေတယ်"

ကျန်းလီက....

"ကောင်းပါပြီ... ဒါဖြင့် သွားကြတာပေါ့"

သူတို့သည် ချက်ချင်းပင် ထိုနေရာမှထွက်ခွာသွားလေတော့သည်။

## လင်းနို့ဝတ်စုံ

ရန်ကျားဟုန်၊ ကွမ်းချီယင်းနှင့်ကျန်းလီတို့သည် အလွမ်းဥယျာဉ်သို့ ဒုတိယအကြိမ် ထပ်မံရောက်ရှိလာ၏။

သူတို့သည် ကျောက်ပြားခင်းထားသော လမ်းအတိုင်း လျှောက်လာခဲ့ကြ၏။

ဤတစ်ကြိမ် သူတို့သည် လမ်းဘေးတစ်ဖက်တစ်ချက်၌ ကျောက်များဖြင့်ထုလုပ်ထားသော အရုပ်များအား သေချာစွာ အကဲခတ်ကြ၏။

ယင်းရုပ်ထုများသည် အလွန်သေသပ်သော ပန်းချီဆရာ၏ လက်ရာမြောက်ရုပ်ထုများ ဖြစ်၏။ သက်ရှိဟုပင် ထင်မှတ်မှားနိုင်၏။

လူရုပ်များ၊ နတ်သမီးရုပ်များအပြင် ကျား၊ ခြင်္သေ့၊ မြင်း၊ နဂါး၊ ဓာမဏိငှက်စသည်ရုပ်ထုများ ဖြစ်၏။

ရန်ကျားဟုန်တို့သည် ယင်းရုပ်ထုများအား တစ်ခုပြီးတစ်ခု



သေချာစွာ စမ်းသပ်ကြည့်ရှုကာ ရှေ့သို့လျှောက်သွားကြ၏။

ရန်ကျားဟုန်သည် ခြင်္သေ့ရုပ်ထုတစ်ခုအား ကြည့်ပြီး မျက်မှောင်ကုတ်သွား၏။

အကြောင်းမှာ ရုပ်ထု၏အောက်ခြေမြေကြီးပေါ်တွင် ရွှေ့လျားနေသောအရာများကို အမှတ်မထင် တွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။

သူက ထိုခြင်္သေ့အား လက်ဖြင့်တွန်းလိုက်၏။

သူက အားနှင့်တွန်းသော်လည်း အနည်းငယ်မျှပင် ရွှေ့လျားခြင်းမရှိပါ။

ထို့ကြောင့် သူက ဝဲဘက်သို့တွန်းကြည့်ရာ ကျောက်ခြင်္သေ့ရုပ်မှာ တဖြည်းဖြည်းရွှေ့လျားသွားသည်ကို တွေ့ရ၏။

ထိုအခါ မြေအောက်သို့ဆင်းရန် လူတစ်ယောက်ဝင်စာ အပေါက်တစ်ခုကိုတွေ့လိုက်ရ၏။

သူက ဝမ်းသာသွား၏။

"ဟေ့... ဒီမှာလာကြည့်ကြစမ်း"

ဟု ဝမ်းသာအားရအော်လိုက်၏။

ကျန်းလီနှင့်ကွမ်းချီယင်းက ပြေးလွှားရောက်ရှိလာ၏။

"ဘာတွေ့လို့လဲ"

ရန်ကျားဟုန်က အပေါက်အား ညွှန်ပြလိုက်၏။

ကျန်းလီက အပေါက်အား ကြည့်ကာ....

"ဒါ... မြေအောက်ဂူထဲကိုဝင်နိုင်တဲ့လျှို့ဝှက်ဝင်ပေါက်ပဲဖြစ်မယ်"

ရန်ကျားဟုန်က....

"မင်းတို့ ခဏနေဦး... ကျုပ် အရင်ဝင်ကြည့်လိုက်ဦးမယ်"

သူက ဝင်ပေါက်အနီးသို့ဒူးထောက်ကာ အောက်သို့ငုံ့ကြည့်လိုက်၏။

အတန်ကြာနားစွင့်သော်လည်း မည်သည့်အသံမှမကြားရပါ။ သူက လှေကားထစ်အတိုင်း တစ်ထစ်ချင်း ဆင်းလိုက်၏။

လှေကားထစ်ဆုံးသွားသောအခါ ကျဉ်းမြောင်းသောလမ်းကလေးတစ်ခုကိုတွေ့လိုက်ရ၏။

လမ်းကလေးတစ်လျှောက်လုံး မည်းမှောင်နေ၏။

ရန်ကျားဟုန်သည် ဓားအား ဝှေယမ်းကာ လျှောက်သွားလိုက်၏။

သူက ခြေလှမ်း(၁၅)လှမ်းခန့် လှမ်းလိုက်မိသောအခါ ပျော့အိအိအရာများအား နင်းမိ၏။

သူက လက်ဖြင့်စမ်းလိုက်ရာ အဝတ်အစားများဖြစ်နေသည်ကိုသိရှိလိုက်၏။

ယင်းနေရာသည် လင်းနို့အဖွဲ့သားများလှူပ်ရှားသွားလာသည့်နေရာဖြစ်ကြောင်း ပို၍ ယုံကြည်လာ၏။

သူက ဆက်၍လျှောက်သွားရာ ခြေလှမ်း(၅၀)ခန့် လျှောက်



မိသောအခါ...

"ထောက်...."

သူ၏ဓားက ရှေ့မှအရာဝတ္ထုတစ်ခုအား ထောက်မိလိုက်၏။ သူက လက်ဖြင့်စမ်းလိုက်၏။ သံတံခါးတစ်ခု ဖြစ်နေ၏။

သူက လက်ဖြင့်စမ်းကာ မင်တုပ်အား ဖွင့်လိုက်၏။ ထိုအခါမှ မျက်စိထဲတွင် အလင်းရောင်ကိုတွေ့လိုက်ရ၏။

ထိုအခန်းမှာ ပထမအကြိမ် မိမိတို့ပိတ်မိခဲ့သောမြေအောက်ခန်းဖြစ်နေ၏။

မိမိတို့ရိုက်ဖွင့်ခဲ့သည့် ကျောက်တံခါးအကျိုးအပဲ့များနှင့်နံရံပေါ်မှ မီးတုတ်မှာ မိမိတို့ထားခဲ့သည့်အတိုင်းပင်ရှိနေ၏။

သူက နံရံပေါ်မှ မီးတုတ်အား ဖြုတ်ယူလိုက်၏။ ထို့နောက် လာလမ်းအတိုင်း ပြန်လည်လျှောက်လာခဲ့၏။

မီးတုတ်မှအလင်းရောင်ဖြင့် စကြံလမ်းတစ်ခုလုံးအား ထင်ထင်ရှားရှား တွေ့မြင်လိုက်ရ၏။

စင်္ကြံလမ်းပေါ်တွင် ကျနေသောအဝတ်အစားများမှာ လင်းနို့တို့၏ဝတ်စုံများ ဖြစ်၏။

ရန်ကျားဟုန်သည် ထိုဝတ်စုံများအား ကောက်ယူကာ အပြင်သို့ ပြန်ထွက်လာခဲ့လေတော့သည်။

ရန်ကျားဟုန်သည် အပေါက်ဝမှငုံ့ကာ ထွက်လာ၏။

သူ့အား တွေ့သည်နှင့်ကျန်းလီက....

"အထဲမှာ ဘာတွေတွေ့ခဲ့သလဲ"

ဟု မေးလိုက်၏။

ရန်ကျားဟုန်က တွေ့ခဲ့သမျှအား ပြောပြလိုက်၏။

ထို့နောက် လက်ထဲမှဝတ်စုံများအား ဖြန့်ကြည့်လိုက်၏။ ဝတ်စုံမှာ နှစ်စုံဖြစ်၏။

သူတွေ့မြင်ဖူးသည့်လင်းနို့ဂိုဏ်းချုပ်၏ဝတ်စုံနှင့် ဒုတိယအဆင့်လင်းနို့၏ဝတ်စုံများ ဖြစ်၏။

"ဒီဝတ်စုံက လင်းနို့ဂိုဏ်းချုပ်ရဲ့ဝတ်စုံဗျ"

ကျန်းလီက....

"ခင်ဗျားတွေ့ဖူးတယ် မဟုတ်လား"

"ဟုတ်တယ်"

ကွမ်းချိုယင်း....

"ကျုပ်တို့မြေအောက်ခန်းမှာ ပိတ်လှောင်ခံထားရတုန်းက သံတံခါးအပြင်ဘက်ကနေ စကားပြောတာ လင်းနို့ဂိုဏ်းချုပ်ပဲ ဖြစ်ရမယ်"



"ဖြစ်နိုင်တယ်"

ကျန်းလီက ဝတ်စုံများအား လှမ်းယူလိုက်၏။

"ဒီဝတ်စုံတွေက တစ်နေ့မှာ သက်သေခံတွေဖြစ်လာနိုင်တယ်... ဒါကြောင့် ကျုပ် သိမ်းထားတယ်"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

ကွမ်းချိုယင်းက....

"ဒါနဲ့အထဲမှာ ခိုလှောင်အိမ်တွေ့သေးလား"

ရန်ကျားဟုန်က....

"မတွေ့မိဘူးဗျ"

ကွမ်းချိုယင်းက....

"ဒါဖြင့် ခိုတွေလွှတ်တဲ့နေရာဟာ ဒီနေရာမဟုတ်ဘူးဆိုတာ သေချာနေပြီပေါ့"

ကျန်းလီက....

"ဒါဖြင့် ခိုတွေအဆက်အသွယ်လုပ်တာ ဘယ်နေရာလို့ထင်သလဲ"

ကွမ်းချိုယင်းက ပခုံးတစ်ချက်တွန့်ကာ လက်ခါပြလိုက်၏။

ရန်ကျားဟုန်က တည်ကြည်စွာဖြင့်....

"ကျုပ်ကတော့ မိဖုရားတံတားဘက်က သူဌေးရှီရဲ့အိမ်လို့ထင်တယ်... အဲ့ဒီအိမ်ကို ကျုပ် သံသယရှိတယ်"

ကွမ်းချိုယင်းက....

"ဖြစ်နိုင်ပါ့မလား"

ကျန်းလီက ပြုံးလိုက်၏။

"ကဲပါဗျာ... သေချာအောင် အဲ့ဒီကိုနောက်တစ်ခေါက် ထပ်သွားကြတာပေါ့ဗျာ"

ဟု ပြောလိုက်၏။

ထို့နောက် သူတို့သည် ခိုင်ဖုံးမြို့ထဲသို့ပြန်ခဲ့ကြလေတော့သည်။

ရန်ကျားဟုန်၊ ကွမ်းချိုယင်းနှင့်ကျန်းလီတို့သည် ခိုင်ဖုံးမြို့ထဲသို့ပြန်လည်ရောက်ရှိလာ၏။

သူတို့သည် ကျားပျံတည်းခိုခန်းသို့ရောက်ရှိလာ၏။

ရန်ကျားဟုန်က ကျန်းလီအား ကြည့်ကာ....

"ခင်ဗျား ဘယ်လိုလုပ်မလဲ"

ကျန်းလီက....

"ကျုပ် အိမ်ပြန်ဦးမှဖြစ်မယ်ဗျ"

ကွမ်းချိုယင်းက....

"ကောင်းပါပြီ... မနက်ဖြန်ကျမှထပ်တွေ့ကြတာပေါ့"



ရန်ကျားဟုန်က....

"ဪ... ကျန်းလီ... ကျုပ်တို့ကို ဒီဝတ်စုံတွေ ခဏငှားပါလား"

ကျန်းလီက မျက်မှောင်ကုတ်ကာ....

"ဘာလုပ်မလို့လဲဗျ"

ရန်ကျားဟုန်က ပြုံးကာ....

"ကျုပ် တစ်ခုစမ်းကြည့်ချင်လို့ပါ"

ကျန်းလီက....

"ကောင်းပြီလေ... ခင်ဗျားသုံးပြီးရင်တော့ ပြန်ပေးပါ"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ကျေးဇူးတင်ပါတယ်ဗျာ"

ကျန်းလီက နှုတ်ဆက်ကာထွက်သွားမှ သူက ကွမ်းချိုယင်းနှင့်အတူ တည်းခိုခန်းထဲသို့လှမ်းဝင်လိုက်လေတော့သည်။

ညဉ့်နက်နေပြီဖြစ်၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်မှောင်မိုက်နေ၏။

လူရိပ်နှစ်ခုသည် လျှင်မြန်စွာပင် မိဖုရားတံတားရှိရာသို့ ပြေးလွှားသွား၏။

သူတို့သည် မိဖုရားတံတားအား ဖြတ်ကျော်ပြီးသည်နှင့် သစ်ပင်တစ်ပင်နောက်သို့ ဝင်ရောက်ပုန်းအောင်းလိုက်၏။

ထို့နောက် အသင့်ယူလာသောဝတ်စုံများကို လဲလှယ်ဝတ်ဆင်လိုက်၏။

မျက်နှာဖုံးတစ်ခုစီလည်း တပ်ဆင်လိုက်ကြ၏။

သူတို့သစ်ပင်နောက်မှ ပြန်ထွက်လာသောအခါ လင်းနို့ဝတ်စုံများဝတ်ဆင်ထားသည့် လင်းနို့ဂိုဏ်းချုပ်ကြီးနှင့် ဒုတိယအဆင့် လင်းနို့တစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

သူတို့နှစ်ယောက်သည် မီးလင်းနေသောအိမ်ကြီးဆီသို့ ဦးတည်ကာ သွားနေ၏။

သူတို့သည် အိမ်တံခါးဝသို့ရောက်သောအခါ ခြေလှမ်းရပ်တန့်လိုက်၏။

ထိုအခါ အိမ်ထဲမှ မီးများငြိမ်းသွား၏။ တစ်ဆက်တည်းပင် လူတစ်ယောက်ပြေးထွက်လာ၏။

အဘိုးအိုတစ်ယောက်ဖြစ်၏။

သူသည် ဓားတစ်လက်ကိုင်ဆောင်ထားသဖြင့် သိုင်းသမားတစ်ယောက်ဖြစ်မှန်း သိနိုင်၏။

ထိုလူမှာ သူဌေး၏အိမ်အား စောင့်ရှောက်ရန် တာဝန်ယူထားရသောအဘိုးအိုပင်ဖြစ်၏။

ထိုအဘိုးအိုမှာ မနေ့ကတွေ့ခဲ့ရသော အဘိုးအိုဖြစ်၏။



သို့သော် ယနေ့သူ၏လှုပ်ရှားမှုမှာ မနေ့ကနှင့်လုံးဝကွာခြားနေ၏။

အဘိုးအိုက လျင်မြန်စွာပင်....

"ဘယ်သူလဲ"

ဟု အော်ဟစ်မေးလိုက်၏။

လင်းနို့ဂိုဏ်းချုပ်က နှာခေါင်းရှုံ့လိုက်သံနှင့်....

"ကျုပ်...."

အဘိုးအိုသည် ယခုမှပင် လင်းနို့ဂိုဏ်းချုပ်အား တွေ့လိုက်၏။

သူ၏ခန္ဓာကိုယ်တစ်ချက်တုန်သွားကာ ဒူးထောက်လိုက်၏။

"ဂိုဏ်းချုပ်ရောက်လာတာမသိလို့ အခုလို ပြောမိတာပါ.. ခွင့်လွှတ်ပါ"

လင်းနို့ဂိုဏ်းချုပ်က ရယ်မောကာ....

"ခင်ဗျားက ကျုပ်ကိုဘယ်လိုခေါ်လိုက်တာလဲ"

အဘိုးအိုက....

"ဂိုဏ်းချုပ်ကြီးလို့ခေါ်တာပါ"

လင်းနို့ဂိုဏ်းချုပ်က....

"ဘာဂိုဏ်းချုပ်ကြီးလဲ"

အဘိုးအိုက ယခုမှပင် ခေါင်းမော့ကြည့်လိုက်၏။ သူ၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူလျော်ဖြစ်သွား၏။

အကြောင်းမှာ သူ့ရှေ့တွင်ရပ်နေသောလူများမှာ လင်းနို့ဂိုဏ်းချုပ်နှင့် ဒုတိယအဆင့်လင်းနို့မဟုတ်ဘဲ နေ့လည်နှင့်မနေ့ညက တွေ့ခဲ့သော လူရွယ်နှစ်ယောက်ဖြစ်သည်ကို တွေ့မြင်လိုက်ရ၏။

အဘိုးအိုသည် အခြေအနေမဟန်မှန်းသိလိုက်သဖြင့် ရုတ်တရက် လေထဲသို့ခုန်တက်လိုက်၏။

သို့သော် ရန်ကျားဟုန်က သူ့ထက်ပိုလျင်မြန်ကာ သူ၏လက်ကောက်ဝတ်အား ဖမ်းဆုပ်ထားပြီးဖြစ်၏။

"ခင်ဗျားက လင်းနို့အဖွဲ့ဝင်မဟုတ်လား... မှန်မှန်ပြောစမ်း"

အဘိုးအိုက မလိမ်ဝံ့တော့ပါ။

"ဟုတ်... ဟုတ်ပါတယ်"

ရန်ကျားဟုန်က....

"ဘယ်လိုအဆင့်လဲ"

အဘိုးအိုက....

"တတိယအဆင့်ပါ"

ရန်ကျားဟုန်က....

"ခင်ဗျားက သူဌေးရှီရဲ့အိမ်ကိုစောင့်ရှောက်ဖို့ တာဝန်ယူထားရတဲ့လူမဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျားနာမည် ဘယ်သူလဲ"

အဘိုးအိုက....



"ရှီထိန်ပါ...."

ရန်ကျားဟုန်က....

"ဒီအိမ်က လင်းနို့ဂိုဏ်းရဲ့ဌာနချုပ်လား"

ရှီထိန်က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူး"

ရန်ကျားဟုန်က....

"ဒါဖြင့် သူဌေးရှီက ဒီမှာမနေဘဲ ဘာကြောင့် ဒီမှာအိမ်ဆောက်ထားရတာလဲ"

ရှီထိန်က....

"ကျုပ်မသိဘူး... ဒါပေမယ့် သူဌေးရှီက လင်းနို့ဂိုဏ်းနဲ့ ဘယ်လိုမှမပတ်သက်ဘူးဆိုတာ ကျုပ်ပြောရဲပါတယ်"

ရန်ကျားဟုန်က....

"ခင်ဗျာက လင်းနို့အဖွဲ့သားတစ်ယောက်ဖြစ်တယ်ဆိုတာ သူ မသိဘူးလား'

ရှီထိန်က ခေါင်းခါယမ်းလိုက်၏။

"မသိပါဘူး"

ရန်ကျားဟုန်က အနည်းငယ်စဉ်းစားကာ....

"သူဌေးရှီကိုကော လင်းနို့ဂိုဏ်းက အဆက်အသွယ်လုပ်လား"

ရှီထိန်က....

"မလုပ်ပါဘူး"

ရန်ကျားဟုန်က....

"ခင်ဗျားက ဘာဖြစ်လို့ လင်းနို့ဂိုဏ်းသားဖြစ်နေတာလဲ"

နှီထိန်က....

"ဒီလိုပါ... ကျုပ်ရဲ့သူဌေးက တစ်နှစ်လုံးမှာ နွေရာသီတစ်ချိန်ပဲ ဒီမှာလာနေပါတယ်... ကျန်တဲ့အချိန်တွေမှာ လုံးဝမလာပါဘူး... သူ့ရဲ့အိမ်နဲ့ပန်းဥယျာဉ်ကိုပြုပြင်ထိန်းသိမ်းဖို့ ကျုပ်ကိုတာဝန်ပေးထားတာပါ"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

နှီထိန်က စကားဆက်လိုက်၏။

"ဒါပေမယ့် ဒီနှစ်နွေရာသီကုန်လို့ ကျုပ်သူဌေးပြန်သွားချိန်မှာ လင်းနို့ဂိုဏ်းက ကျုပ်ကိုဆက်သွယ်ခဲ့ပါတယ်... ကျုပ်ကိုလတိုင်းထောက်ပံ့ကြေးပေးမယ်တဲ့... သူတို့ခိုင်းစရာရှိရင် ဆက်သွယ်မယ်လို့ ပြောတယ်... ဒါကြောင့် ကျုပ် လက်ခံလိုက်တာ"

ရန်ကျားဟုန်က....

"ဒီလိုဆိုရင်တော့ ခင်ဗျားရဲ့အဖြစ်က ဘာမှမပြောပလောက်ပါဘူး... ဒါပေမယ့် ကျုပ်တို့နဲ့ပူးပေါင်းမှရမယ်"

နှီထိန်က....

"ဘယ်လိုပူးပေါင်းရမှာလဲ"

ရန်ကျားဟုန်က....



"လင်းနို့ဂိုဏ်းရဲ့ဌာနချုပ် ဘယ်မှာလဲ... ဂိုဏ်းချုပ်က ဘယ်သူလဲဆိုတာ ပြောပြပါ"

နှီထိန်က မချိပြုံးပြုံးလိုက်၏။

"ကျုပ်ကိုသတ်မယ်ဆိုရင်တောင် ဒီမေးခွန်းကိုမဖြေနိုင်ပါဘူးဗျာ... ဘာဖြစ်လို့လဲဆိုတော့ ကျုပ်မှမသိတာ"

ရန်ကျားဟုန်က မဲ့ပြုံးပြုံးလိုက်၏။

"နှီထိန်... ခင်ဗျားအသက်မငယ်တော့ပါဘူး... အများပြည်သူအတွက် ကောင်းကျိုးပြုသင့်ပါတယ်ဗျာ"

နှီထိန်က....

"ကျုပ်လည်း အကျိုးပြုချင်ပါတယ်"

ရန်ကျားဟုန်က....

"ဒါဆိုရင် အမှန်အတိုင်း ပြောပါဗျာ"

နှီထိန်က....

"စိတ်မကောင်းပါဘူး... ကျုပ် တကယ်မသိတာပါ"

ရန်ကျားဟုန်က....

"ဒါဖြင့် ခင်ဗျား ဘာသိသလဲ"

နှီထိန်က....

"လင်းနို့ဂိုဏ်းချုပ်က ကျုပ်ကိုသတင်းပို့တဲ့ခိုတွေမွေးခိုင်းထားပါတယ်... အခုတလော ခိုတွေရောက်လာပါတယ်... ဒီတစ်ခါ ခိုတွေမှာပါတဲ့စာက ရန်ကျားဟုန်ရဲ့လှုပ်ရှားမှုကိုသတင်းပို့ထားတဲ့ခို

တွေပါ"

ကွမ်းချိယင်းက ရန်ကျားဟုန်အား တစ်ချက်ကြည့်လိုက်၏။

ရန်ကျားဟုန်က....

"အခု အဲ့ဒီခိုတွေ ဘယ်မှာလဲ"

ရှီထိန်က....

"ဒီအိမ်ရဲ့ အနောက်ဘက်မှာ ထားပါတယ်"

ရန်ကျားဟုန်က....

"ခင်ဗျားက စာတွေရရင် ဘယ်မှာသွားပေးရသလဲ"

ရှီထိန်က....

"သူမှာထားတဲ့အတိုင်း ခိုတစ်ကောင်ရောက်လာရင် မိဖုရားတံတားရဲ့ တောင်ဘက်လမ်းနံဘေးမှာ ကျောက်ခဲလေးငါးခုကိုစက်ဝိုင်းပုံ ချထားပေးရပါတယ်... သူတို့က အဲ့ဒီလိုချလိုက်တာနဲ့ညဘက်ရောက်လာပြီး ခိုမှာပါတဲ့စာကိုလာယူကြပါတယ်"

ကွမ်းချိယင်းက....

"ခင်ဗျားခိုတွေမွေးတာကို သူဌေးရှီသိလား"

"သိပါတယ်"

"ဘာပြောသလဲ"

"ဝါသနာပါလို့မွေးရင် အနောက်ဘက်မှာပဲမွေးပါတဲ့... အိမ်ထဲကိုမသွင်းပါနဲ့လို့ မှာပါတယ်"

ရန်ကျားဟုန်က....



"အခုတလော သူတို့ရောက်လာကြသေးသလား"

ရှီထိန်က....

"ရောက်လာပါတယ်... ဒါပေမယ့် အရင်လတုန်းကပါ"

ရန်ကျားဟုန်က စိတ်ဝင်စားလာ၏။

"ဘာလာလုပ်တာလဲ"

ရှီထိန်က....

"အစည်းအဝေးလာလုပ်တာပါ"

ရန်ကျားဟုန်က....

"ဘာတွေစည်းဝေးတိုင်ပင်တာလဲ"

ရှီထိန်က....

"ဒါတော့ ကျုပ် မသိဘူး... ကျုပ်က အစည်းအဝေးတက်ခွင့်မရှိဘူး"

ရန်ကျားဟုန်က အနည်းငယ်စဉ်းစားကာ....

"အစည်းအဝေးလာတက်တဲ့လူတွေက ဘယ်သူတွေလဲ"

ရှီထိန်က....

"မသိဘူး.. သူတို့က ညဘက်ရောက်လာပြီး ဝတ်ရုံတွေ မျက်နှာဖုံးတွေနဲ့ဆိုတော့ ကျုပ် မသိဘူး"

ရန်ကျားဟုန်က ခေါင်းတဆတ်ဆတ်ညိတ်ကာ....

"သူတို့က အဲ့ဒီလိုအစည်းအဝေးလုပ်ရင် ခင်ဗျားကိုကြို ပြောသလား"

ဋ္ဌိထိန်က ခေါင်းခါယမ်းလိုက်၏။

"မပြောပါဘူး"

ရန်ကျားဟုန်က....

"တကယ်လို့ ခင်ဗျားက ဂိုဏ်းချုပ်ကြီးကိုတစ်စုံတစ်ခု အရေးကြီးသတင်းပို့ချင်ရင် သူ့ကိုဘယ်လိုအကြောင်းကြားသလဲ"

ဋ္ဌိထိန်က....

"မိဖုရားတံတားရဲ့တောင်ဘက်မှာ ကျောက်ခဲငါးလုံးကို တန်းစီချထားရင် ညဘက်မှာ ကျုပ်ဆီကို လူတစ်ယောက်လာတွေ့ပါတယ်"

ကွမ်းချီယင်းက သူ့အား အကဲခတ်ကြည့်လိုက်၏။

"ဒီမှာဋ္ဌိထိန်... ခင်ဗျားက လင်းနို့ဂိုဏ်းဝင်ဖြစ်နေတာ သူဌေးကြီးရှိသိသွားရင် ခင်ဗျားကို ဘယ်လိုအပြစ်တင်မယ်ဆိုတာ သိလား"

ဋ္ဌိထိန်၏မျက်နှာမည်းသွား၏။

"သူက ကျုပ်ကိုသက်ဆိုင်ရာ အာဏာပိုင်တွေဆီပို့မှာပေါ့"

ရန်ကျားဟုန်က....

"ဟုတ်တယ်... ဒါကြောင့် ခင်ဗျားက ကျုပ်တို့နဲ့ပူးပေါင်းပြီး လင်းနို့ဂိုဏ်းကိုဖြိုခွဲမယ်ဆိုရင် ခင်ဗျားရဲ့အပြစ်လွတ်မှာပါ"

ဋ္ဌိထိန်က....

"ဟုတ်ကဲ့... ကျုပ် နောင်တရပါပြီ"



ရန်ကျားဟုန်က သူ့အား ပြုံးပြလိုက်၏။

"ကဲ... ခင်ဗျား ခဏလောက် အနားယူလိုက်ပါဦး"

သူကပြောပြီး အဘိုးအို၏သွေးကြောတစ်နေရာအား လက်ဖြင့် ထောက်လိုက်၏။

အဘိုးအို၏ခန္ဓာကိုယ်တစ်ချက်တုန်ခါသွားကာ ချက်ချင်းပင် အိပ်ပျော်သွားလေတော့သည်။

* * *

ရန်ကျားဟုန်နှင့်ကွမ်းချီယင်းသည် ဋ္ဌိထိန်အား သယ်ကာ အိမ်ထဲသို့ဝင်လိုက်၏။

သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၏။

ရန်ကျားဟုန်က....

"ဘယ်လိုလဲ.. သူပြောတဲ့စကားကို မင်းယုံလား"

ကွမ်းချီယင်းက....

"တစ်ဝက်ပဲ ယုံတယ်"

ရန်ကျားဟုန်က....

"ကျုပ်တို့ ဘာဆက်လုပ်ရင်ကောင်းမလဲ"

ကွမ်းချီယင်းက....

"ကျန်းလီနဲ့တောက်ထင်းကိုသွားခေါ်ရင် မကောင်းဘူးလား"

ရန်ကျားဟုန်က....

"ကောင်းတယ်... ငါသွားခေါ်မယ်... မင်းစောင့်နေ...."

သူက ချက်ချင်းပင် ထိုနေရာမှပြေးထွက်သွား၏။

ထမင်းတစ်အိုးကျက်ခန့်အကြာတွင် ရန်ကျားဟုန်ပြန်လည်ရောက်ရှိလာ၏။

သူနှင့်အတူ ကျန်းလီနှင့်တောက်ထင်းလည်း ပါလာ၏။

ကွမ်းချီယင်းက ကျန်းလီအား ကြည့်ကာ....

"ဘယ်လိုလဲ... သိပြီးပြီလား"

ကျန်းလီက....

"လမ်းမှာ အစ်ကိုရန်ပြောလို့သိပြီးပါပြီ"

ကွမ်းချီယင်းက....

"ခင်ဗျား ဘယ်လိုလုပ်ချင်လဲ"

ကျန်းလီက....

"ကျုပ်ကတော့ သူ့ကိုရုံးခေါ်သွားပြီး ချုပ်ထားရင် ကောင်းမယ်ထင်တယ်"

ကွမ်းချီယင်းက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်သေးဘူးဗျ... ဒီလိုဆိုရင် ကျုပ်တို့က လင်းနှိဂိုဏ်းကိုစုံစမ်းနိုင်မယ့် အခွင့်အရေးပျောက်သွားမှာပေါ့"



တောက်ထင်းက....

"ဟုတ်တယ်... လင်းနှိဂိုဏ်းက သူတို့လူကိုဖမ်းသွားတာသိရင် ခြေရာဖျောက်သွားမှာပေါ့"

ကျန်းလီက....

"ခင်ဗျားတို့ပြောတာ ကျုပ် နားလည်ပါတယ်... ဒါပေမယ့် ဥပဒေဆိုရင်တော့...."

ကွမ်းချီယင်းက....

"ဥပဒေကို ခဏမေ့ထားပါဗျာ... အခု ကျုပ်တို့ကလည်း ဥပဒေကိုဆန့်ကျင်တာ မဟုတ်ပါဘူး... ငါးအကြီးရဖို့ ငါးအသေးနဲ့မျှားတဲ့ သဘောပါ"

ကျန်းလီက အနည်းငယ် စဉ်းစားကာ....

"ကောင်းပြီလေ... ခင်ဗျားတို့သင့်တော်သလိုလုပ်ပါ"

ဟု သဘောတူလိုက်၏။

ကွမ်းချီယင်းက....

"ဒါဖြင့် မနက်ဖြန်မနက် ခင်ဗျားတို့လူတွေကို မိဖုရားတံတားအနီးမှာပုန်းခိုင်းထားပါ... မနက်ဖြန် သူ့ကိုကျောက်တုံးငါးတုံးနဲ့ လင်းနှိဂိုဏ်းသားတွေကို မျှားလိုက်ပါ့မယ်... လင်းနှိဂိုဏ်းသားတွေကိုဖမ်းမိရင် ဂိုဏ်းရဲ့ဌာနချုပ်ကို စုံစမ်းလို့ရပါလိမ့်မယ်"

ကျန်းလီက....

"ခင်ဗျားပြောတာတော့ ဟုတ်ပါတယ်... ဒါပေမယ့် သူက

တကယ်မလုပ်ရင်ကော...."

ကွမ်းချီယင်းက ပြုံးလိုက်၏။

"ဒါက လွယ်ပါတယ်... မနက်ဖြန် ခင်ဗျားက ရပ်ဖျက်ပြီး သွားကြည့်ပေါ့... ကျောက်တုံးငါးတုံးချထားတယ်ဆိုရင် သူက ကျုပ်တို့နဲ့တကယ်ပူးပေါင်းတယ်ဆိုတာ သိနိုင်ပါတယ်"

ကျန်းလီက....

"ကောင်းပြီ... ကျုပ်တို့ပြောတဲ့အတိုင်းမလုပ်ရင်တော့ ချက်ချင်းဖမ်းပြီး စစ်ဆေးမယ်"

"ခင်ဗျားသဘောပါ"

ကျန်းလီက....

"ကျုပ် သူ့ကိုတွေ့ချင်တယ်"

ကွမ်းချီယင်းက သူ့အား အိမ်ထဲသို့ခေါ်လိုက်၏။

ရန်ကျားဟုန်က ရှီထိန်၏သွေးကြောအား ပြန်ဖွင့်ပေးလိုက်၏။

"ကဲ... ရှီထိန်... ခင်ဗျားပြောတဲ့စကားတွေကို ကျုပ်တို့က ယုံကြည်တယ်... ဒါကြောင့် ခင်ဗျား ကျုပ်တို့နဲ့ရိုးရိုးသားသား ပူးပေါင်းပါ"

ရှီထိန်က....

"ကျုပ် ဘာလုပ်ရမှာလဲ"

ရန်ကျားဟုန်က....



"မနက်ဖြန် ခင်ဗျားက အရင်လိုပဲ ကျောက်တုံးကလေးတွေ ချထားပေးဖို့ပါပဲ"

ရှီထိန်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ကောင်းပါပြီ... ကျုပ် လုပ်ပါ့မယ်"

ရန်ကျားဟုန်က ကျေနပ်သွား၏။

"ကဲ... ကျေးဇူးတင်ပါတယ်... ခင်ဗျားစိတ်ချလက်ချ ပြန်အိပ်လိုက်ပါ"

သူက အိပ်သည့်သွေးကြောအား ထောက်လိုက်၏။

ကွမ်းချီယင်းက....

"ကျုပ်တို့အပြင်ကနေ စောင့်ကြည့်နေရင် ကောင်းမယ်"

ထို့နောက် သူတို့သည် အိမ်ထဲမှပြန်ထွက်လာခဲ့ကြ၏။

ယင်းအချိန်လေးမှာပင် လူရိပ်တစ်ခုက အိမ်ထဲသို့ချဉ်းကပ်သွားသည်ကို မည်သူကမှ သတိမထားမိကြပါချေ။

## ခြေတစ်လှမ်းဦးသူ

အရုဏ်ဦး၏အလင်းရောင် ထွက်ပေါ်လာ၏။

ကြက်တွန်သံများ ဟိုမှသည်မှထွက်ပေါ်လာ၏။

ရန်ကျားဟုန်၊ ကွမ်းချီယင်း၊ ကျန်းလီနှင့်တောက်ထင်းတို့သည် ပုန်းအောင်းနေရာမှထွက်လာ၏။

သူတို့သည် တစ်ညလုံးမအိပ်ဘဲ သူဌေးရှိ၏အိမ်အား စောင့်ကြည့်နေ၏။

မနက်အာရုဏ်တက်ချိန်အထိ ရှီထိန်သည် ထိုအိမ်ထဲမှမထွက်ဘဲရှိနေခဲ့၏။

သူတို့သည် တစ်စုံတစ်ယောက်က လာရောက်ဆက်သွယ်ခြင်းမရှိသည်ကိုတွေ့ရသဖြင့် အိမ်ထဲသို့ဝင်လာခဲ့၏။

ရှီထိန်အား ပိတ်ထားသောသွေးကြောကိုပြန်ဖွင့်ပေးရန် ဖြစ်



သို့သော် အိမ်ထဲရောက်သောအခါ သူတို့အားလုံးမျက်လုံးပြူးသွားကြ၏။

အကြောင်းမှာ ရှီထိန်သေဆုံးနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

ကျန်းလီတို့(၄)ယောက်သည် တွေဝေငြိမ်သက်သွားကြ၏။

အတန်ကြာမှ ရန်ကျားဟုန်က သက်ပြင်းတစ်ချက်ချလိုက်၏။

“ဒုက္ခပဲ... ကျုပ်တို့သဲလွန်စတစ်ခုပျောက်သွားပြီ”

ကွမ်းချီယင်းက....

“သူ့ကိုယ်သူ သတ်သေလိမ့်မယ်လို့ မထင်ခဲ့မိဘူး”

တောက်ထင်းက....

“သူ့ကိုအိပ်ပျော်အောင်သွေးကြောပိတ်ထားခဲ့တယ် မဟုတ်လား... ဘယ်လိုလုပ်သတ်သေနိုင်မှာလဲ”

ကွမ်းချီယင်းက....

“ဒါဖြင့် ဘာကြောင့်သေသွားရတာလဲ”

တောက်ထင်းက....

"ဒါတော့ ကျုပ် မသိဘူး"

ရန်ကျားဟုန်မှာ သက်ပြင်းရှိုက်လိုက်၏။ ထိုစဉ် တောက်ထင်းသည် အခန်းတံခါးဝမှခြေရာတစ်ခုကို သတိပြုမိ၏။

"ဟော့... ဒီမှာ ဘယ်သူ့ခြေရာလဲ"

ရန်ကျားဟုန်က ခြေရာအား ကြည့်လိုက်၏။

"ဒီခြေရာမှာ မီးသွေးမှုန့်တွေပါနေတယ်... တစ်ယောက်ယောက် အနောက်ဘက်ကဝင်လာတာပဲ"

ကျန်းလီက....

"တစ်စုံတစ်ယောက်က သတ်သွားတာပေါ့"

ရန်ကျားဟုန်က ဘာမှမပြောတော့ပါ။ သူက ၠ္ဓိထိန်၏ခန္ဓာကိုယ်တွင် ဒဏ်ရာကိုရှာဖွေလိုက်၏။

ထိုအခါ ၠ္ဓိထိန်၏ရင်ဝတွင် လက်ဝါးရာကိုတွေ့လိုက်ရ၏။

"ကျောက်လက်ဝါး...."

ဟု လွှတ်ခနဲ ရေရွတ်လိုက်၏။

တောက်ထင်းက လက်သီးတင်းတင်း ဆုပ်လိုက်၏။

"ဒါ... လင်းနို့ဂိုဏ်းချုပ်ရဲ့လက်ချက်ပဲဖြစ်မယ်"

ကွမ်းချီယင်းက တက်ခေါက်လိုက်၏။

"တောက်... တစ်နေ့နေ့တော့ ကျုပ်လက်နဲ့သတ်ပြမယ်"

ရန်ကျားဟုန်က သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း... တော်တော်ထူးဆန်းနေပြီ... လင်းနို့ဂိုဏ်းချုပ်က



အမြဲတမ်း ကျုပ်တို့ထက်ခြေတစ်လှမ်း ဦးနေတယ်"

သူ၏စကားကြောင့် ကွမ်းချီယင်းမှာ မျက်နှာကွက်ခနဲပျက်သွားလေတော့သည်။

ရန်ကျားဟုန်၊ ကွမ်းချီယင်း၊ ကျန်းလီနှင့်တောက်ထင်းတို့သည် ဘာစကားမှမပြောနိုင်ကြဘဲ ငေးငိုင်နေ၏။

အတန်ကြာမှ ရန်ကျားဟုန်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ဒီအတိုင်းဆိုရင်တော့ လင်းနို့ဂိုဏ်းချုပ်က ကျုပ်တို့ရဲ့လှုပ်ရှားမှုတွေကို အားလုံးသိထားတဲ့သဘောပဲ"

ကွမ်းချီယင်းက....

"ဟုတ်တယ်... ဒါကြောင့် သူက ကျုပ်တို့ထက်ခြေတစ်လှမ်း ဦးနေတာပေါ့"

တောက်ထင်းက....

"အဲ့ဒီလင်းနို့ဂိုဏ်းချုပ်က ကျုပ်တို့သိတဲ့တစ်ယောက်ယောက်များ ဖြစ်နေမလား"

ကွမ်းချီယင်းက ပါးစပ်ပိတ်ထား၏။

ကျန်းလီက သက်ပြင်းတစ်ချက်ချကာ...

"မနေ့ကညနေက ကျုပ်ကိုဘဏ္ဍာတော်ငွေတိုက်က အာဏာပိုင်တွေက ခေါ်တွေ့တယ်"

ဟု ကောက်ကာငင်ကာ ပြောလိုက်၏။

ရန်ကျားဟုန်က....

"ဟုတ်လား... ဘာကိစ္စလဲ"

ကျန်းလီက....

"ငွေတိုက်အစောင့်တွေကို မျက်နှာဖုံးစွပ်ထားတဲ့လူတစ်စုက ဝင်တိုက်တယ်တဲ့"

သူက ကြမ်းပြင်အား စိုက်ကြည့်ကာ စကားဆက်လိုက်၏။

"ဒါပေမယ့် အချိန်မီပြန်တိုက်နိုင်လို့ ဘဏ္ဍာတော်ကိုမဖောက်နိုင်ဘူး... တရားခံကတော့ လင်းနို့ဂိုဏ်းကလို့ သိရတယ်"

ကွမ်းချီယင်းက....

"အဲဒါ ကျုပ်တို့သိတယ်လေ... ကျုပ်တို့တောင် ဝင်တိုက်ခဲ့ပေးသေးတယ်"

ကျန်းလီက....

"ဟုတ်ပါတယ်... အာဏာပိုင်တွေကတော့ ငွေတိုက်ကို လင်းနို့အဖွဲ့က ဖောက်ထွင်းမယ်လို့ယုံကြည်နေတယ်"

ကွမ်းချီယင်းက....

"အဲဒါပြောစရာလိုသေးလို့လား"

ကျန်းလီက....



"ဒါပေမယ့် တော်ရုံတန်ရုံလူက ဘဏ္ဍာတော်ငွေတိုက်ကို ဖောက်ဖို့မလွယ်ဘူးဗျ"

ရန်ကျားဟုန်က....

"ဟုတ်တယ်... တံခါးအဆင့်ဆင့်နဲ့ပိတ်ထားတယ် မဟုတ်လား"

သူကပြောရင်း မျက်မှောင်ကုတ်ကာ....

"ဒါနဲ့ မြို့တော်ဝန်က ဘဏ္ဍာတော်ထိန်းငါးယောက်ထဲမှာ တစ်ယောက်အပါအဝင်မဟုတ်လား"

ကျန်းလီက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ဒါတင်မကဘူး... မကြာမီရက်ပိုင်းက ပြန်လွတ်လာပြီး ပြန်ပျောက်သွားတဲ့မိန်းကလေးငါးယောက်ရဲ့ဖခင်တွေဟာ ဘဏ္ဍာတော်ထိန်းသော့ကိုင်တွေဖြစ်တယ်လို့ ကျုပ်ကိုအာဏာပိုင်တွေက တရားဝင်ပြောတယ်"

ရန်ကျားဟုန်က....

"အင်း... ကျုပ်ထင်တဲ့အတိုင်းတော့ ဖြစ်နေပြီ... ဒါနဲ့ခင်ဗျား ဘဏ္ဍာတော်တိုက်ကို လူတော်တော်များများနဲ့ အစောင့်ချထားမှာပေါ့နော်"

ကျန်းလီက ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး... ကျုပ်လည်း အဲဒီလိုအကြံပေးပါတယ်... ဒါပေမယ့် အာဏာပိုင်တွေက ဒီအတိုင်းပဲထားပါတဲ့"

ရန်ကျားဟုန်က အံ့အားသင့်သွား၏။

"ဘာဖြစ်လို့လဲဗျ"

ကျန်းလီက....

"သူတို့ကတော့ ပုံစံပြောင်းပြီး အစောင့်ချထားရင်တစ်ဘက်ရန်သူက ရိပ်မိသွားနိုင်တယ်လို့ ယူဆနေတယ်... ဒါကြောင့် တခြားနည်းလမ်းကိုသုံးပါလို့ ကျုပ်ကိုမှာလိုက်တယ်"

တောက်ထင်းက....

"ခင်ဗျား ဘာဆက်လုပ်မလဲ"

ကျန်းလီက....

"ကျုပ်လည်း မကြံတတ်လို့ ခင်ဗျားတို့နဲ့လာတိုင်ပင်တာပေါ့"

သူတို့သည် ငြိမ်သက်စွာပင် စဉ်းစားနေကြ၏။

တစ်ခဏကြာမှ တောက်ထင်းက....

"ကျုပ်ကတော့ တစ်ခုစဉ်းစားမိတယ်"

"ဘာစဉ်းစားမိတာလဲ"

တောက်ထင်းက သူ၏အကြံအား ပြောပြလိုက်၏။

"ခင်ဗျား အကြံမဆိုးဘူး".

သူ၏စကားကို ရန်ကျားဟုန်တို့သုံးယောက်က ထောက်ခံလိုက်လေတော့သည်။



နေလုံးကြီးပျောက်ကွယ်သွားပြီ ဖြစ်၏။

အမှောင်ထုသည် အချိန်မှန်အတိုင်းပင် ဝင်ရောက်လာ၏။

ရန်ကျားဟုန်၊ ကွမ်းချီယင်းနှင့်တောက်ထင်းသည် အခန်းထဲတွင်ဝိုင်းဖွဲ့ကာ ထိုင်နေ၏။

အခန်းထဲတွင် မီးရောင်များလင်းထိန်နေသဖြင့် အပြင်ဘက်မှကြည့်လျှင် ပြတင်းပေါက်မှတစ်ဆင့် သူတို့သုံးယောက်ထိုင်နေခြင်းကို တွေ့မြင်လိုက်ရ၏။

တစ်ယောက်ကနောက်ကျောမှီကာ သက်သောင့်သက်သာထိုင်နေ၏။ တစ်ယောက်က စာအုပ်ဖတ်နေ၏။

ကျန်တစ်ယောက်ကမူ စစ်တုရင်ကွက်ကိုတစ်ယောက်တည်း ကစားရင်း အကွက်ရွှေ့ရန် စဉ်းစားနေ၏။

တဖြည်းဖြည်းနှင့်ညဉ့်နက်လာလေတော့သည်။

မြေအောက်ခန်း....။

အလွှမ်းဥယျာဉ်အတွင်းရှိ အုတ်ဂူကြီးတစ်ခု၏အောက်ဘက်ရှိ လျှို့ဝှက်မြေအောက်ခန်းဖြစ်၏။

ယခု ထိုမြေအောက်ခန်းထဲတွင် လူ(၂၀)ခန့် ရှိ၏။

လင်းနို့ဂိုဏ်းချုပ်၊ ဒုတိယအဆင့်လင်းနို့(၄)ယောက်နှင့် ဝတ်စုံနက်နှင့်လင်းနို့(၁၅)ယောက်ခန့် ရှိ၏။

လင်းနို့ဂိုဏ်းချုပ်ကြီးက အသံကျယ်လောင်စွာဖြင့်....

"လင်းနို့... ကျုပ်တို့အဖွဲ့သားတွေဟာ မမျှော်လင့်ဘဲ အချို့က အဖမ်းခံထားရတယ်... ဒါပေမယ့် အခုကြိုးစားကြလို့ မကြာခင် အောင်မြင်မှာသေချာနေပါပြီ... တစ်ခုရှိတာ ကျုပ်တို့ရဲ့လုပ်ငန်းကို နှောင့်ယှက်နေတဲ့ လူ(၃)ယောက်ရှိနေတယ်"

သူက ဂိုဏ်သားများအား ဝေ့ကြည့်ကာ စကားဆက်လိုက်၏။

"သူတို့(၃)ယောက် လောကပေါ်မှာရှိနေရင်တော့ ကျုပ်တို့ရဲ့အကြံအစည်ကို အဟန့်အတားပြုနေမှာပဲ... ဒါကြောင့် ဒီနေ့ပဲ လင်းနို့အဖွဲ့က သူတို့ကိုရှင်းပစ်ရမယ်"

ဒုတိယအဆင့် လင်းနို့တစ်ယောက်က....

"သူတို့က ရန်ကျားဟုန်... ကျန်းလီနဲ့တောက်ထင်း မဟုတ်လား"

ဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"



ထိုလင်းနို့က....

"သူတို့ကိုသုတ်သင်ဖို့ အမိန့်ပေးပါ"

ဂိုဏ်းချုပ်ကြီးက....

"စိတ်ချ... ဒီနေ့ည သူတို့က မိဖုရားတံတားနားက အိမ်မှာရှိတယ်... ကျန်းလီကတော့ရှိမှာ မဟုတ်ဘူး"

သူက စကားဆက်လိုက်၏။

"ဒါကြောင့် ဒီညပဲ အားလုံးတစုတစည်းတည်းသွားပြီး သုတ်သင်ကြပါ... ဒုတိယလင်းနို့နှစ်ယောက်ကတော့ နေခဲ့ပါ"

သူကပြောပြီး လူနှစ်ယောက်နာမည်ကိုခေါ်လိုက်၏။

"မင်းတို့က လင်းနို့အဖွဲ့သားတွေကို ဦးဆောင်သွားပါ... ဟိုမှာ မင်းတို့ကိုကူညီမယ့်လူရှိတယ်... သဘောပေါက်လား"

"သဘောပေါက်ပါတယ်"

လင်းနို့အဖွဲ့သားများက ပြိုင်တူပြောလိုက်ကြ၏။

ဂိုဏ်းချုပ်ကြီးက....

"ကောင်းပြီ... မင်းတို့ချက်ချင်း လှုပ်ရှားပါ"

ဒုတိယအဆင့်လင်းနို့နှစ်ယောက်သည် ရှေ့ဆုံးမှဦးဆောင်ကာ မြေအောက်ခန်းမှထွက်ခွာသွားလေတော့သည်။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းတိတ်ဆိတ်နေ၏။

လင်းနို့အဖွဲ့သားများသည် မိဖုရားတံတားသို့ ရောက်ရှိလာ၏။

သူတို့က တံတားအား ဖြတ်ကျော်လိုက်သည်နှင့် မီးလင်းနေသောအိမ်အား တွေ့မြင်လိုက်ရ၏။

သူတို့သည် ဖျတ်လတ်လျင်မြန်စွာပင် ခြေထောက်ဖော့နင်းကာ အိမ်အနီးသို့ချဉ်းကပ်သွား၏။

ထိုအခါ ပြတင်းပေါက်မှတစ်ဆင့် ရန်ကျားဟုန်တို့သုံးယောက်အား တွေ့မြင်လိုက်ရ၏။

ရှေ့ဆုံးမှလင်းနို့က လက်ဖြင့် အချက်ပြလိုက်ရာ ကျန်လင်းနို့များသည် လူစုခွဲကာ အလျိုလျိုဖြင့် အိမ်အနီးသို့ချဉ်းကပ်သွား၏။

မကြာမီ သူတို့သည် တစ်အိမ်လုံးအား ဝိုင်းရံထားပြီးဖြစ်၏။

ထိုအချိန်မှာပင် မြင်းလှည်းတစ်စီးသည် ဘဏ္ဍာတော်တိုက်ဆီသို့ဖြည်းညင်းစွာ မောင်းနှင်သွား၏။

မြင်းလှည်းမောင်းသူ၏နေရာတွင် ခမောက်ကြီးဆောင်းထားသောလူတစ်ယောက်ထိုင်နေကာ မြင်းလှည်းအား ကျွမ်းကျင်စွာ မောင်းနေ၏။

မြင်းလှည်းထဲတွင် လူနှစ်ယောက်ထိုင်နေ၏။

ထိုလူနှစ်ယောက်သည် အနက်ရောင်ဝတ်စုံများဝတ်ဆင်ထားသော ဒုတိယအဆင့်လင်းနို့နှစ်ယောက်ဖြစ်၏။

မြင်းလှည်းသည် ဘဏ္ဍာတော်ငွေတိုက်နှင့် မလှမ်းမကမ်းရှိ သစ်ပင်အောက်တွင် ရပ်တန့်လိုက်၏။

ထို့နောက် ခမောက်ဆောင်းထားသောလူက အချိန်ကိုခန့်မှန်းနေလေတော့သည်။

"ဒေါင်... ဒေါင်... ဒေါင်"

အုန်းမောင်းခေါက်သံသုံးချက်တိတိ ထွက်ပေါ်လာ၏။

မြင်းလှည်းပေါ်မှ လူ(၃)ယောက် စတင်လှုပ်ရှားလိုက်၏။

သူတို့သည် ဘဏ္ဍာတော်တိုက်အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်သွား၏။

သူတို့၏မျက်လုံးများသည် ကင်းအဖွဲ့အား အလစ်မပေးပါ။

ခမောက်ဆောင်းထားသော လင်းနို့ဂိုဏ်းချုပ်ကြီးက လက်ဖျောက်တီး...

ဖှေ့ယမ်းလိုက်၏။

ဒုတိယအဆင့် လင်းနို့နှစ်ယောက်မှာ လျှပ်တစ်ပြက်ပင် ဘဏ္ဍာတော်တိုက်ဆီသို့ ပြေးလွှားသွား၏။

ရဲမက်နှစ်ယောက်သည် အနီးသို့ရောက်လာသော လင်းနို့များအား တွေ့လိုက်သည်နှင့် တိုက်ခိုက်လိုက်၏။

လင်းနို့နှစ်ယောက်သည် ဝင်လာသောရဲမက်နှစ်ယောက်အား ဆီးကြိုတိုက်ခိုက်လိုက်ရာ ရဲမက်နှစ်ယောက်မှာ မြေပေါ်သို့လဲကျသွား၏။

ထိုစဉ် ကင်းလှည့်နေသောရဲမက်နှစ်ယောက်က တွေ့မြင်လိုက်ရာ လင်းနို့နှစ်ယောက်က ပြိုင်တူလက်ဖှေ့ယမ်းလိုက်၏။

ဓားပါးလေးနှစ်လက်သည် ရဲမက်များ၏လည်ပင်းတွင် စိုက်ဝင်သွားကာ အသံပင်မထွက်နိုင်ဘဲ လဲကျသွား၏။

လင်းနို့ဂိုဏ်းချုပ်ကြီးက အနားသို့ရောက်လာ၏။

သူက သံမဏိတံခါးမကြီးအား တစ်ချက်ကြည့်လိုက်၏။

ယင်းတံခါးသည် ဘဏ္ဍာတော်တိုက်သို့သွားရန် ပထမဆုံးတံခါးဖြစ်၏။

တံခါးပေါ်တွင် ကြီးမားသော သော့ခလောက်ကြီးတစ်ခု ခတ်ထား၏။

သူက သော့ငါးချောင်းထဲမှ တစ်ချောင်းအားထုတ်ကာ



သော့ပေါက်ထဲသို့ ထိုးသွင်းလိုက်၏။

သော့တံနှင့်သော့ပေါက် အံဝင်ခွင်ကျဖြစ်နေ၏။ သူက သော့တံအား လှည့်လိုက်၏။

"ချောက်...."

အသံနှင့်အတူ သော့ခလောက်ပွင့်သွား၏။ လင်းနို့ဂိုဏ်းချုပ်မှာ ဝမ်းသာသွား၏။

သူက သော့ခလောက်အားဖြုတ်ကာ မင်းတုပ်အား ဖြုတ်လိုက်၏။

အထဲတွင် ရှည်လျားသောစင်္ကြံလမ်းရှိနေ၏။

သူကဝင်ရန် ချိန်ဆနေစဉ်မှာပင် လင်းနို့နှစ်ယောက်ဝင်သွားသဖြင့် သူကလည်း လိုက်ဝင်လိုက်၏။

သို့သော် စိတ်မချဟန်ဖြင့် အပြင်သို့တစ်ချက်ကြည့်လိုက်၏။

မိမိမျှော်လင့်ထားသည်ထက် လွယ်ကူနေသဖြင့် သူ့စိတ်ထဲတွင် သံသယဝင်နေခြင်းဖြစ်၏။

ထိုစဉ် လင်းနို့နှစ်ယောက်မှာ ဒုတိယတံခါးရှေ့သို့ပင် ရောက်ရှိနေပြီဖြစ်၏။

## ထောင်ချောက်

လင်းနို့အဖွဲ့သားများသည် တစ်အိမ်လုံးအား ဝိုင်းထားပြီးဖြစ်၏။

သူတို့သည် အခန်းတံခါးအား ကန်ဖွင့်လိုက်၏။

"ဝုန်း...."

ကျယ်လောင်သောအသံနှင့်အတူ တံခါးပွင့်သွား၏။

တံခါးပွင့်သွားသည်နှင့် သူတို့သည် လက်နက်ကိုယ်စီဖြင့် ရန်ကျားဟုန်တို့အား ဝိုင်းရံလိုက်၏။

သို့သော် ရန်ကျားဟုန်တို့သုံးယောက်မှာ မလှုပ်မယှက်ပင် တည်ငြိမ်စွာရှိနေ၏။

မည်သူ့ကိုမှလည်း လှည့်မကြည့်ပါ။

ဒုတိယအဆင့်လင်းနို့တစ်ယောက်က ကျေနပ်သောလေသံဖြင့်....



"ဟေ့.... မင်းတို့ပြေးမလွတ်တော့ဘူး... ရပ်လိုက်ကြစမ်း" ဟု အမိန့်ပေးလိုက်၏။

ရန်ကျားဟုန်တို့မှာ လှုပ်ပင်မလှုပ်ပါ။ ဒုတိယအဆင့်လင်းနို့မှာ စိတ်မရှည်တော့ပါ။

"ဟေ့... ပြောနေတာမကြားဖူးလား"

ထိုစဉ် လင်းနို့အဖွဲ့သားတစ်ယောက်က....

"သူတို့က လူတွေမှမဟုတ်တာ"

သူ၏စကားကြောင့် လင်းနို့များက သေချာစွာ ကြည့်လိုက်၏။

အားလုံး၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားလေတော့သည်။

လူသားများမဟုတ်ပါ။ အသုဘအိမ်များတွင် ထားသောအရုပ်များ ဖြစ်၏။

အရုပ်များပေါ်တွင် ရန်ကျားဟုန်တို့၏အဝတ်များကို ဝတ်ဆင်ပေးထား၏။

မိမိတို့အလိမ်ခံလိုက်ရမှန်းသိရသဖြင့် လင်းနို့အဖွဲ့သားများသည် ထိတ်လန့်သွားကြ၏။

အခန်းထဲမှပြေးထွက်ရန် ဟန်ပြင်လိုက်၏။

ရုတ်တရက်....

"ရပ်လိုက်စမ်း"

အေးစက်သောဟန့်တားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လင်းနို့အဖွဲ့သားများမှာ ထိတ်လန့်တုန်လှုပ်သွားကြ၏။

သူတို့က အသံကြားရာသို့လှည့်ကြည့်လိုက်သောအခါ ရန်ကျားဟုန်၊ ကွမ်းချီယင်းနှင့်တောက်တင်းတို့ဖြစ်ကြောင်း တွေ့ရ၏။

သူတို့သည် အခြေအနေမဟန်မှန်းနားလည်သဖြင့် လက်နက်ချလိုက်၏။

ရန်ကျားဟုန်က ထိုလူများအား စိုက်ကြည့်ကာ....

"ကဲ... မင်းတို့အားလုံး မျက်နှာဖုံးချွတ်ကြစမ်း"

ဟု အမိန့်ပေးလိုက်၏။

ဒုတိယအဆင့်လင်းနို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၏။

ရန်ကျားဟုန်က....

"ဟေ့... ပြောနေတာမကြားဖူးလား"

ဟု အော်ငေါက်ကာ ဓားအား ဆွဲထုတ်လိုက်၏။

လင်းနို့အဖွဲ့သားများမှာ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် မျက်နှာဖုံးများကိုချွတ်လိုက်ကြ၏။



ထိုလူများကို ရန်ကျားဟုန်တို့က မသိပါ။

ဒုတိယအဆင့် လင်းနို့နှစ်ယောက်မှာမူ မျက်နှာဖုံးများကို မချွတ်ကြပေ။

ရန်ကျားဟုန်က....

"ကဲ... မျက်နှာဖုံးချွတ်ထားတဲ့လူတွေ တစ်ယောက်ချင်း အခန်းပြင်ထွက်ခဲ့ကြပါ"

မျက်နှာဖုံးချွတ်ထားသောလင်းနို့များ တစ်ယောက်ချင်းစီ ထွက်လိုက်ကြ၏။

အခန်းအပြင်ဘက်တွင် တောက်ထင်းက တစ်ယောက်ချင်းစီသွေးကြောပိတ်ထားလိုက်၏။

ယခု လင်းနို့အဖွဲ့သားများအားလုံး အခန်းအပြင်ဘက်တွင် သွေးကြောပိတ်ခံထားရ၏။

ရန်ကျားဟုန်က အခန်းထဲတွင် ကျန်သည့်ဒုတိယအဆင့် လင်းနို့နှစ်ယောက်အား စိုက်ကြည့်ကာ....

"ကိုယ့်ဘာသာချွတ်မလား... ကျုပ် ချွတ်ပေးရမလား"

လင်းနို့နှစ်ယောက်မှာ မတတ်နိုင်တော့ပါ။ မျက်နှာဖုံးများအား ဆွဲချွတ်လိုက်၏။

ရန်ကျားဟုန်မှာ ထိုလူ၏မျက်နှာအား တွေ့မြင်လိုက်ရသောအခါ အံ့အားသင့်ကာ ကြက်သေသေသွားလေတော့သည်။

ဒုတိယအဆင့် လင်းနို့နှစ်ယောက်မှာ ရန်ကျားဟုန်သိသော လူများဖြစ်၏။

တစ်ဦးမှာ အနိုးခံလိုက်ရသောမြင်း(၇)ကောင်ထဲမှ တစ်ကောင်၏ပိုင်ရှင်ဖြစ်သူ ရှီလျှံဖြစ်၏။

ကျန်တစ်ဦးမှာပေါင်ပေ့အာမခံဌာနမှူး ပေါင်ပေ့ပင်ဖြစ်၏။

ရန်ကျားဟုန်က....

"ခင်ဗျားတို့ကို... ကျုပ် မထင်မိဘူး"

ပေါင်ပေ့က....

"ဟုတ်ပါတယ်... ကျုပ်တို့ပါပဲ"

ရန်ကျားဟုန်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ခင်ဗျားတို့က ဘာဖြစ်လို့ လင်းနို့လုပ်နေရတာလဲဗျာ"

ပေါင်ပေ့က မချိပြုံးပြုံးကာ....

"ငွေဆိုတာ လူတိုင်းမက်မောတဲ့အရာပဲလေ"

ရန်ကျားဟုန်က....

"ခင်ဗျားတို့မှာလုပ်ငန်းကိုယ်စီရှိရက်နဲ့ လင်းနို့ဂိုဏ်းထဲဝင်တယ်ဆိုတော့ ငွေဘယ်လောက်တောင်ရနေလို့လဲ"



ရှီလျှံက မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်တို့က ဒီတစ်သက်စာ မကုန်နိုင်တဲ့ဝေစုရမယ်ဆိုတာ မင်းမှမသိတာ"

ရန်ကျားဟုန်က နှာခေါင်းရှုံ့လိုက်၏။

"ဒီငွေကို ဘယ်ကရမှာလဲ"

ပေါင်ပေ့နှင့်ရှီလျှံက ပါးစပ်ပိတ်ထားလိုက်၏။

တောက်ထင်းက သူတို့ဘက်လှည့်ကာ....

"ခင်ဗျားတို့ ဘဏ္ဍာတော်ငွေတိုက်ကိုဖောက်မလို့လား" ဟု ကောက်ကာငင်ကာမေးလိုက်၏။

ထိုစကားကြားမှ ရန်ကျားဟုန်မှာမျက်လုံးပြူးသွား၏။

"ခင်ဗျားတို့မှန်မှန်ပြောပါ... ငွေတိုက်ကိုဖောက်မလို့လား"

ပေါင်ပေ့နှင့်ရှီလျှံမှာ ဆွံ့အနေသူကဲ့သို့ ပါးစပ်ပိတ်ထား၏။

ရန်ကျားဟုန်က ကွမ်းချီယင်းအား ကြည့်လိုက်၏။

"ချီယင်း .... မင်း သူတို့နှစ်ယောက်ကို မိန်းကလေးတွေ ဘယ်မှာချုပ်ထားတယ်ဆိုတာရအောင် မေးပါ... ပြီးရင် သူတို့ကိုမြို့တော်ဝန်ဆီသွားပို့လိုက်... မိန်းကလေးတွေကိုပါ ကယ်လိုက်ပါ"

ကွမ်းချီယင်းက....

"ခင်ဗျားက ဘယ်သွားမလို့လဲ"

ရန်ကျားဟုန်....

"ကျုပ်ငွေတိုက်ကို သွားကြည့်လိုက်ဦးမယ်"

သူ့စကားကြောင့် ကွမ်းချိုယင်း၏မျက်နှာတွင် ထူးခြားသည့် ဟန်မူရာများ ဖြစ်ပေါ်လာ၏။

သို့သော် ရန်ကျားဟုန်က မတွေ့ပါ။

သူသည် ရှိလှုံ့နှင့်ပေါင်ပေ့တို့အား သွေးကြောပိတ်ပြီး အခန်းထဲမှ ပြေးထွက်လိုက်၏။

ထိုစဉ် ကွမ်းချိုယင်းက ရုတ်တရက် သူ၏နောက်ကျောအား ရိုက်ချလိုက်၏။

"ဝုန်း...."

ရန်ကျားဟုန်မှာ ရှေ့သို့မှောက်လျက်လဲကျသွား၏။

တောက်ထင်းက ရန်ကျားဟုန်အား ကြည့်ပြီး ကြောင်အံ့အံ့ဖြစ်နေစဉ်မှာပင် ကွမ်းချိုယင်းက သူ့အား လက်သီးဖြင့်ထိုးချလိုက်၏။

"ဝုန်း...."

တောက်ထင်းမှာ နောက်သို့ပစ်လဲကျသွား၏။

ကွမ်းချိုယင်းသည် သတိမေ့သွားသောရန်ကျားဟုန်နှင့် တောက်ထင်းအားကြည့်ကာ ကျေနပ်စွာ ပြုံးလိုက်၏။

ထို့နောက် အခန်းထဲမှပြေးထွက်သွားလေတော့သည်။

ကျန်းလီသည် သူ၏ရဲမက်များကိုစုစည်းထား၏။



သူ၏ရဲမက်များအား ဘဏ္ဍာတော်ငွေတိုက်၏အနီးတစ်ဝိုက်တွင် ကင်းပုန်းချထား၏။

လင်းနို့ဂိုဏ်းချုပ်အား အမိဖမ်းနိုင်ရန် ထောင်ချောက်ဆင်ထားခြင်းဖြစ်၏။

ယခု လင်းနို့သုံးယောက် ဘဏ္ဍာတော်တိုက်ထဲဝင်သွားသည်ကို တွေ့လိုက်ရ၏။

ကျန်းလီသည် အစစအရာရာ စီစဉ်ထား၏။

သို့သော် လင်းနို့အဖွဲ့သားများထံတွင် ဘဏ္ဍာတော်တိုက်သော့များရှိနေသည်ကိုတွေ့ရသဖြင့် သူက အံ့အားသင့်နေမိ၏။

သူ မူလစီစဉ်ထားသောအစီအစဉ်များကို ချက်ချင်းပြန်လည်ပြင်ဆင်ရမည်ဖြစ်၏။

သူက မည်သို့ပြုလုပ်ရမည်ကို စဉ်းစားနေ၏။

သို့သော် လင်းနို့ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ရွှေထုပ်များသယ်လာသည်ကိုတွေ့ရသဖြင့် သူက မတတ်သာတော့ပါ။

"တိုက်...."

ဟု အော်ဟစ်အမိန့်ပေးလိုက်၏။

သူ၏အမိန့်သံဆုံးသည်နှင့်ရဲမက်များသည် လင်းနို့သုံးယောက်ထံပြေးဝင်ကာ တိုက်ခိုက်လိုက်လေတော့သည်။

လင်းနို့ဂိုဏ်းချုပ်ကြီးသည် ယခုမှသဘောပေါက်လိုက်၏။

သူတို့က ဘဏ္ဍာတော်တိုက်ထဲသို့ အလွယ်တကူဝင်ရောက်နိုင်ခဲ့ခြင်းမှာ ထောင်ချောက်ဆင်ထားခြင်းဖြစ်ကြောင်း နားလည်လိုက်၏။

သူက လေးဘက်လေးတန်မှပြးဝင်လာသော ရဲမက်များအားကြည့်ကာ ကျန်လင်းနို့နှစ်ယောက်ဘက်လှည့်လိုက်၏။

"ငါတို့လာတဲ့လမ်းအတိုင်း လွတ်အောင်ထိုးဖောက်ကြမယ် ... မြင်းလှည်းဆီရောက်အောင် ထိုးဖောက်ပါ"

ဟု အော်ဟစ်အမိန့်ပေးလိုက်၏။

"စိတ်ချပါ"

ဒုတိယအဆင့်လင်းနို့နှစ်ယောက်ကပြောပြီး ရဲမက်များအားထိုးဖောက်ကာ မြင်းလှည်းဆီသို့ဦးတည်လိုက်၏။

"ဟော့... မလွတ်စေနဲ့... ဝိုင်းထား"

ရဲမက်များက ဆူညံစွာ အော်ဟစ်ကာ လင်းနို့များအနီးသို့ ပြေးဝင်တိုက်ခိုက်လိုက်၏။

ရဲမက်များသည် တဖြည်းဖြည်းနှင့် လင်းနို့သုံးယောက်အနီးသို့ ကပ်နိုင်ခဲ့၏။



လင်းနို့သုံးယောက်မှာ မတတ်နိုင်တော့ပါ။

သူတို့သည် ရွှေအိတ်များချကာ ဝိုင်းရံလာသောရဲမက်များအား တိုက်ခိုက်လိုက်၏။

ကျန်းလီသည် ဓားဝှေ့ယမ်းကာ ရှေ့ဆုံးမှပြေးဝင်တိုက်ခိုက်နေ၏။

လင်းနို့ဂိုဏ်းချုပ်ကြီးနှင့် လင်းနို့နှစ်ယောက်၏သိုင်းပညာမှာ အဆင့်မြင့်၏။

ထို့ကြောင့် ရဲမက်များမှာ အတုံးအရုံးလဲကျကုန်၏။

သို့သော် ရဲမက်များက အဆက်မပြတ် ထပ်မံရောက်ရှိလာ၏။

လင်းနို့များသည် သိုင်းပညာအဆင့်မြင့်သော်လည်း အင်အားများပြီး အဆက်မပြတ်ရောက်လာသောရဲမက်များကြောင့် တစထက်တစ မောဟိုက်လာ၏။

ရဲမက်များသည် သူတို့အား မဖမ်းဆီးနိုင်ပါ။

ထို့အတူ လင်းနို့များကလည်း ရဲမက်များအား ထိုးဖောက်မထွက်နိုင်ပါ။

ကျန်းလီသည် အရည်အချင်းပြည့်ဝသော လူဆိုးထိန်းမှူးဖြစ်၏။

သူက ရဲမက်များအား လင်းနို့များနှင့်အလှည့်ကျတိုက်ခိုက်စေ၏။ ထို့ကြောင့် နားချိန်ရ၏။

သူတို့သည် မောပန်းခြင်းမရှိဘဲ လင်းနို့များအား တိုက်ခိုက်နိုင်၏။

သူတို့၏တိုက်ခိုက်မှုမှာ စနစ်ကျပြီး တိကျမြန်ဆန်လှ၏။

တိုက်ပွဲပြင်းထန်နေ၏။

အချိန်ကြာလာသည်နှင့်လင်းနို့တို့မှာ အားအင်ကုန်ခန်းလာ၏။

ဒုတိယအဆင့်လင်းနို့နှစ်ယောက်၏လက်ချက်ဖြင့် ရဲမက်တော်တော်များများ ဒဏ်ရာရသွား၏။

ထို့အတူ သူတို့၏ခန္ဓာကိုယ်တွင်လည်း ဒဏ်ရာများစွာ ရရှိထား၏။

လင်းနို့ဂိုဏ်းချုပ်ကြီးသည် တိုက်ခိုက်နေရင်း မိမိလူများဘက်သို့ မသိမသာ ကြည့်လိုက်၏။ အခြေအနေမဟန်မှန်း နားလည်လိုက်၏။



သူက လက်တစ်ဖက်မြှောက်ကာ....

"အားလုံးရပ်လိုက်ပါ"

ဟု ဟန့်တားလိုက်၏။

ကျန်းလီက သူ့ရဲမက်များအား ရပ်တန့်ရန် အချက်ပြလိုက်၏။

ရဲမက်များက နောက်ဆုတ်ကာ အခြေအနေကိုအကဲခတ်လိုက်၏။

ကျန်းလီက အသံကျယ်လောင်စွာဖြင့်....

"ခင်ဗျားတို့သုံးယောက် လက်နက်ချပြီး အညံ့ခံပါ"

လင်းနို့နှစ်ယောက်သည် မတတ်သာတော့သဖြင့် ဓားများကိုပစ်ချလိုက်ကြ၏။

သူတို့က လင်းနို့ဂိုဏ်းချုပ်ကြီးထံ ကြည့်လိုက်၏။ ဂိုဏ်းချုပ်ကြီးမှာ ငြိမ်သက်စွာပင် ရပ်နေ၏။

ကျန်းလီက....

"ကဲ... ခင်ဗျားတို့ရဲ့ မျက်နှာဖုံးတွေ ချွတ်လိုက်ပါ"

လင်းနို့နှစ်ယောက်မှာမတတ်သာတော့သဖြင့် မျက်နှာဖုံးစွပ်များကိုချွတ်လိုက်၏။

ပန်းချီဆရာမာလုနှင့် သံမဏိလက်ဝါးတုံစင်းတို့ဖြစ်သည်ကို တွေ့လိုက်ရ၏။

ကျန်းလီက ရှေ့သို့ခြေတစ်လှမ်းတိုးကာ....

"ဂိုဏ်းချုပ်ကြီး… ခင်ဗျားရဲ့မျက်နှာဖုံးကိုချွတ်လိုက်ပါ"

လင်းနို့ဂိုဏ်းချုပ်ကြီးမှာ မတတ်သာတော့ပါ။

သူက ဓားများပစ်ချပြီး မျက်နှာဖုံးချွတ်ရန် လက်မြှောက်လိုက်၏။

ထိုစဉ် လူတစ်ယောက်ပြေးဝင်လာသည်ကို တွေ့လိုက်ရလေတော့သည်။

ပြေးဝင်လာသူမှာ ကွမ်းချီယင်းဖြစ်၏။

ကျန်းလီက သူ့အား လှမ်းကြည့်ရင်း….

"အစ်ကိုချီယင်း… ဘာဖြစ်လာတာလဲ"

ဟု ကမန်းကတန်း မေးလိုက်၏။

ကွမ်းချီယင်းက မောဟိုက်စွာ ပြေးလာရင်း သူ့အနီးတွင်ရပ်လိုက်၏။

"ရန်… ရန်ကျားဟုန်…."

သူက မောဟိုက်နေသဖြင့် ဆက်မပြောနိုင်ပါ။

ကျန်းလီက စိုးရိမ်စွာဖြင့်….

"အစ်ကိုရန် ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။



ကွမ်းချီယင်းက ရုတ်တရက် ဓားဆွဲထုတ်ကာ ကျန်းလီ၏လည်မျိုအား ထောက်လိုက်၏။

ကျန်းလီမှာ အငိုက်မိသွားသဖြင့် ကွမ်းချီယင်း၏ဖမ်းချုပ်ခြင်းကိုခံလိုက်ရ၏။

"ခင်ဗျား… ဒါ ဘာလုပ်တာလဲ"

ကွမ်းချီယင်းက သူ့အား တင်းမာခက်ထန်စွာ ကြည့်ကာ….

"ကျုပ်ပြောတဲ့အတိုင်း လုပ်ပါ… မဟုတ်ရင် ဒီဓားက မင်းလည်ပင်းကိုဖောက်ထွက်သွားလိမ့်မယ်"

ကျန်းလီသည် ယခုမှပင် ကွမ်းချီယင်းမှာ လင်းနို့ဂိုဏ်း၏အရေးပါသောလူဖြစ်သည်ကို နားလည်လိုက်၏။

သို့သော် သူသိသည်မှာ နောက်ကျသွား၏။

ကျန်းလီက….

"ဩော်… မင်းက တော်တော်တော်ဟန်ဆောင်ကောင်းတဲ့လူပဲ"

ကွမ်းချီယင်း ကောက်ကျစ်စွာ ပြုံးလိုက်၏။

"မင်းတို့မထင်ဘူး မဟုတ်လား… ကဲပါ… ကျုပ်စကားကို နားထောင်ပါ"

ကျန်းလီက ရှန်းလိုက်၏။

ကွမ်းချီယင်း၏ဓားဖျားက သူ၏အရေပြားအား ဖောက်ဝင်သွားသဖြင့် သွေးစို့လာ၏။

ကွမ်းချီယင်းက အေးစက်စွာ ပြုံးကာ....

"ကဲ... မင်းရဲ့ရဲမက်တွေကို နောက်ဆုတ်ခိုင်းလိုက်ပါ"

ကျန်းလီမှာ မတတ်သာတော့သဖြင့် လက်တစ်ဖက်မြှောက်ကာ....

"အားလုံး နောက်ဆုတ်ကြပါ"

ဟု အမိန့်ပေးလိုက်၏။

ရဲမက်များသည် မမျှော်လင့်သောအဖြစ်အပျက်ကြောင့် ကြောင်အံ့အံ့ဖြစ်နေရာမှ အမိန့်သံကြောင့် နောက်ဆုတ်ပေးလိုက်ရ၏။

"ဟား... ဟား... ဟား"

လင်းနို့ဂိုဏ်းချုပ်ကြီးက ရယ်မောလိုက်၏။

"ကွမ်းချီယင်း... ကွမ်းချီယင်း... ဒါကြောင့်လည်း ကျုပ်က မင်းကိုပဲ အားကိုးနေရတာ"

သူက ကျန်းလီရှေ့တွင်ရပ်ကာ....

"ကျုပ်တို့အတွက် မြင်းနှစ်ကောင်ပေးပါ"

ကျန်းလီက ရဲမက်များအား ခေါင်းညိတ်ပြလိုက်၏။

ရဲမက်နှစ်ယောက်က မြင်းနှစ်ကောင်ယူလာကာ ပေးလိုက်၏။

လင်းနို့ဂိုဏ်းချုပ်ကြီးသည် ရွှေထုပ်များအား မြင်းနှစ်ကောင်ပေါ်တွင်တင်လိုက်၏။

ထို့နောက် မြင်းတစ်ကောင်ပေါ်သို့လွှားခနဲ ခုန်တက်ကာ



မောင်းထွက်သွား၏။

ကွမ်းချီယင်းက ကျန်းလီ၏လည်ပင်းမှဓားအား ရုပ်သိမ်းကာ သူ၏ရင်ဝသို့လက်သီးတစ်ချက်ထိုးသွင်းလိုက်၏။

"ဝုန်း...."

ကွမ်းချီယင်း၏ပြင်းထန်သောလက်သီးကြောင့် ကျန်းလီမှာ နောက်သို့လွင့်စင်သွား၏။

ကွမ်းချီယင်းသည် မြင်းပေါ်သို့လျင်မြန်စွာ ခုန်တက်ကာ ဒုန်းစိုင်းထွက်ခွာသွားလေတော့သည်။

ကျန်းလီသည် လဲကျနေရာမှ ခုန်ထလိုက်၏။ သူသည် ဒဏ်ရာနာကျင်မှုအား ဂရုမစိုက်ပါ။

သူ၏လည်ပင်းမှသွေးများသည် ရင်ဘတ်ပေါ်တွင် တစက်စက်ကျနေ၏။

သူသည် ရဲမက်တစ်ယောက်ယူလာပေးသည့်မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်၏။

ထို့နောက် ကွမ်းချီယင်းတို့နောက်သို့လိုက်ပါသွား၏။

ရဲမက်များကလည်း သူ့နောက်မှ လိုက်ပါသွားလေတော့သည်။

လင်းနို့ဂိုဏ်းချုပ်ကြီးသည် မြင်းအား မှန်မှန်ပင်မောင်းနေ၏။

သူက မြန်မြန်မောင်းလိုသော်လည်း ရွှေအိတ်များမှာ အလွန်လေးလံနေသဖြင့် မြင်းများမောဟိုက်နေ၏။

ကွမ်းချီယင်းကလည်း ထိုနည်းလည်းကောင်းပင်။

သူက ဂိုဏ်းချုပ်ကြီးဘက်လှည့်ကာ....

"ကျွန်တော်နောက်ကျတာ ခွင့်လွှတ်ပါ"

ဂိုဏ်းချုပ်ကြီးက....

"မင်းက သူတို့ထောင်ချောက်ထားတာကို ဘာဖြစ်လို့အကြောင်းမကြားတာလဲ"

ကွမ်းချီယင်းက....

"သူတို့ ဒီကိစ္စလုပ်တာ ကျွန်တော်မသိလိုက်ရဘူး... သူနဲ့ရန်ကျားဟုန် ဘယ်လိုတိုင်ပင်သလဲဆိုတာ မသိလိုက်လို့ပါ"

ဂိုဏ်းချုပ်ကြီးက....

"ထားပါတော့လေ... ဘာပဲဖြစ်ဖြစ်... မင်းအချိန်မီအကြောင်းကြားလို့ ဒို့ထိန်ကိုလုပ်ကြံနိုင်တာ... အခုလည်း ရွှေတွေရခဲ့



တယ် မင်းက တကယ်တော်တဲ့လူပါပဲ"

ကွမ်းချီယင်းက....

"အခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ်"

သူတို့သည် အလွမ်းဥယျာဉ်အဝသို့ရောက်လာ၏။

ကွမ်းချီယင်းက....

"ဒီနေရာက သူတို့သိနေပြီ... မလုံခြုံတော့ဘူး"

ဂိုဏ်းချုပ်က....

"မပူပါနဲ့... မိန်းကလေးတွေကိုဝှက်ထားတဲ့ လျှို့ဝှက်အခန်းကို သူတို့မသိသေးပါဘူး"

သူကပြောပြီး ခြင်္သေ့ရုပ်ထုရှေ့၌ မြင်းကိုရပ်လိုက်၏။ ထို့နောက် မြင်းပေါ်မှအသီးသီး ဆင်းလိုက်၏။

ဂိုဏ်းချုပ်ကြီးသည် ခြင်္သေ့ရုပ်အား လက်ဖြင့် အသာတွန်းလိုက်၏။ ထိုအခါ လူတစ်ကိုယ်စာ ဝင်ပေါက်ဖြစ်လာ၏။

ဂိုဏ်းချုပ်ကြီးသည် ရွှေအိတ်များအား ထိုအပေါက်ထဲသို့ပစ်ချလိုက်၏။ ထို့နောက် မြင်းများအား ပြန်လည်မောင်းထုတ်လိုက်၏။

မြင်းများ ဝေးဝေးရောက်မှ သူက ထိုအပေါက်ထဲသို့ဆင်းလာ၏။ ကွမ်းချီယင်းကလည်း နောက်မှလိုက်ဆင်းလာ၏။

သူတို့သည် လှေကားထစ်အောက်ဆုံးထစ်သို့ ရောက်လာ၏။

"ဟင်... ငါ့ရွှေထုပ်တွေ ဘယ်ရောက်သွားပြီလဲ"

ဂိုဏ်းချုပ်ကြီးက အထိတ်တလန့် အော်ဟစ်လိုက်လေတော့သည်။

လင်းနို့ဂိုဏ်းချုပ်ကြီးသည် ပစ်ချလိုက်သောရွှေထုပ်များကိုမတွေ့ရသဖြင့် ထိတ်လန့်အံ့သြကာ ဝန်းကျင်တစ်ခုလုံးသို့မျက်လုံးဝေ့ကြည့်လိုက်၏။

"မပူပါနဲ့ဗျာ... ကျုပ် သိမ်းပေးထားပါတယ်"

ဟူသောအေးစက်သည့်စကားသံ ရုတ်တရက် ထွက်ပေါ်လာ၏။

ကွမ်းချိုယင်းက မျက်လုံးပြူးသွား၏။ အသံမှာ ရန်ကျားဟုန်၏အသံဖြစ်သည်ကို သူက ကောင်းစွာ မှတ်မိသောကြောင့်ဖြစ်၏။

လင်းနို့ဂိုဏ်းချုပ်ကြီးက....

"မင်း ဘယ်သူလဲ"

ရုတ်တရက် မှောင်မည်းနေသော မြေတိုက်ခန်းတစ်ခုလုံးကို လင်းထိန်သွား၏။

ရန်ကျားဟုန်၏ တောက်ထင်းနှင့် ရဲမက်အချို့၏လက်ထဲတွင် မီးတုတ်များကိုင်ဆောင်ထားသည်ကို တွေ့မြင်လိုက်ရ၏။



ရန်ကျားဟုန်က ပြုံးလိုက်၏။

"ဘယ်လိုလဲ... ကျုပ်ကိုမှတ်မိလား"

သူက ယခုရုပ်ဖျက်ထားခြင်းမဟုတ်တဲ ပင်ကိုယ်ရုပ်သွင်ဖြစ်နေ၏။ ကွမ်းချိုယင်းမှာလည်း ထိုသို့ပင်ဖြစ်၏။

ရန်ကျားဟုန်သည် ကွမ်းချိုယင်းအား စိုက်ကြည့်ကာ....

"သူငယ်ချင်း... ငါ လုံးဝမမျှော်လင့်ဘူး... မင်းကိုတွေ့ရတာဝမ်းနည်းပါတယ်"

ကွမ်းချိုယင်းက ရယ်မောလိုက်၏။

"ဟား... ဟား.. ဟား ဝမ်းနည်းရမှာ ကျုပ်တို့ပါ"

ရန်ကျားဟုန်က....

"ဘာဖြစ်လို့လဲ"

ကွမ်းချိုယင်းက....

"ကျုပ်က မင်းကိုမသတ်ရက်ပေမယ့် သတ်ရတော့မယ်"

ရန်ကျားဟုန်က....

"ဘယ်လောက်ပဲခင်မင်ပေမယ့် ဒုစရိုက်သားနဲ့ဥပဒေဘက်တော်သားက ရောယှက်လို့မရပါဘူး"

ကွမ်းချိုယင်းက....

"ရန်ကျားဟုန်... ခင်ဗျားက ကျုပ်ထက် အရာအားလုံးမှာတော်ပါတယ်... ဒါပေမယ့် ဓားပညာမှာတော့ ခင်ဗျား ကျုပ်ကိုမယှဉ်နိုင်ပါဘူး"

ရန်ကျားဟုန်က ပခုံးတစ်ချက်တွန့်လိုက်၏။

"ဘယ်လိုပဲဖြစ်ပါစေ... ကျုပ်ကတော့ သူနိုင်ကိုယ်နိုင် ရင်ဆိုင်ဖို့ဆုံးဖြတ်ထားပါတယ်"

ဂိုဏ်းချုပ်ကြီးက ရယ်မောလိုက်၏။

"မင်းက မင်းညီမကိုထည့်မတွက်တော့ဘူးလား"

"မလိုပါဘူး... ကျွန်မတို့အားလုံး လွတ်မြောက်နေပါပြီ"

ဟူသောမိန်းကလေးတစ်ယောက်၏စကားသံ ရုတ်တရက်ထွက်ပေါ်လာ၏။ ဂိုဏ်းချုပ်ကြီးမှာ အံ့အားသင့်သွား၏။

ရဲမက်များ၏နောက်ဘက်တွင် မိန်းကလေးများရပ်နေသည်ကိုတွေ့လိုက်ရ၏။ သူက မဲ့ပြုံးပြုံးလိုက်၏။

"ဩော်... မင်းတို့ကသေချင်လို့ ဒီရောက်နေတာကိုး"

တောက်ထင်းက....

"ခင်ဗျား သတ္တိရှိရင် မျက်နှာဖုံးချွတ်လိုက်ပါ"

ဂိုဏ်းချုပ်ကြီးက....

"ငါ ဘယ်သူလဲဆိုတာ မင်းက သိပ်သိချင်နေတယ်ပေါ့"

ရန်ကျားဟုန်က မဲ့ပြုံးလိုက်၏။

"ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ်က သိပြီးပါပြီ"

"ဟား... ဟား... ဟား"

ဂိုဏ်းချုပ်ကြီးက ရယ်မောလိုက်၏။

"ပြောစမ်းပါဦး"



ရန်ကျားဟုန်က သူ့အားစူးရှစွာ စိုက်ကြည့်ကာ တစ်လုံးချင်းပြောလိုက်၏။

"မြို့တော်ဝန်မင်းပေါ့"

ဂိုဏ်းချုပ်ကြီးက....

"ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

ရန်ကျားဟုန်က....

"ခင်ဗျားရဲ့ဖိနပ်ကိုပြန်ကြည့်ပါဦး"

ဂိုဏ်းချုပ်ကြီးက မိမိ၏ဖိနပ်အား ကမန်းကတန်း ငုံ့ကြည့်လိုက်၏။

ယခုမှပင် သူက စိတ်လောကာ ဖိနပ်မလဲလာခဲ့သည်ကို သတိပြုမိ၏။

"ဟုတ်သားပဲ... ကျုပ် သတိလွတ်သွားတယ်"

သူကပြောရင်း မျက်နှာဖုံးအား ချွတ်လိုက်၏။ ဂိုဏ်းချုပ်ကြီးမှာ နိုင်ဖုံးမြို့တော်ဝန်ဖြစ်နေ၏။

"မင်း မဆိုးဘူး... ဒါပေမယ့် ကျုပ်တို့နှစ်ယောက်ကို မင်းနိုင်ပါ့မလား"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... နိုင်မှာသေချာပါတယ်"

မြို့တော်ဝန်က....

"ကောင်းပြီလေ... ဒါဆို စမ်းကြည့်တာပေါ့"

သူတို့ကတိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။

ထိုစဉ်....

"မြို့တော်ဝန်မင်း... ခုခံဖို့ လုံးဝစိတ်မကူးပါနဲ့... ကျုပ်တို့အား လုံးဝိုင်းထားတယ်"

ဟူသောအသံကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မြို့တော်ဝန်နှင့်ကွမ်းချိုယင်းမှာ နောက်သို့ပြိုင်တူ လှည့်ကြည့်လိုက်၏။

ထိုအခါ ကျန်းလီ၏မြင်းသည်တော်အဖွဲ့က အသင့်ချိန်ရွယ်ထားသည်ကို တွေ့လိုက်ရ၏။

သူတို့က ဘာမှမဟုတ်နိုင်တော့ပါ။ လက်နက်ချကာ အဖမ်းခံလိုက်ရလေတော့သည်။

သိုင်းလောကထဲသို့ စိုးမိုးဝင်ရောက်ခြယ်လှယ်ရန် ကြိုးစားနေသောလျှို့ဝှက်လှသည့် လင်းနို့ဂိုဏ်းမှာပြိုကွဲပျက်စီးသွားပြီဖြစ်၏။

ဖမ်းဆီးခံထားရသည့်မိန်းကလေးများအားလုံးလည်း လွတ်မြောက်လာ၏။ ထိုအထဲတွင် မြို့တော်ဝန်၏မွေးစားသမီးလည်းပါ၏။

မွေးစားသမီးမှာ မွေးစားဖခင်ဖြစ်သော မြို့တော်ဝန်အား စိတ်နာကာ သီလရှင်ကျောင်းသို့ ခိုဝင်လိုက်၏။



ကွမ်းချိုယင်း၏မိခင်နှင့်ညီမ အဖမ်းခံရသည်မှာမဟုတ်ပါ။

သူ့တွင် မိခင်ကော ညီမပါမရှိဘဲ လုပ်ကြံသတင်းလွှင့်ခြင်းဖြစ်၏။

ကွမ်းချိုယင်းသည် ရန်ကျားဟုန်က လင်းနို့ဂိုဏ်းအား ခြေရာခံနိုင်မည့်အခါတိုင်း ကြိုတင်သတင်းပေးကာ နှောင့်ယှက်ခဲ့၏။

မြို့တော်ဝန်သည် အဖွဲ့အင်အားတောင့်အောင် ရန်ကျားဟုန်အား သိမ်းသွင်းခဲ့သော်လည်း ရန်ကျားဟုန်က မတတ်သာသဖြင့် လက်ခံလိုက်ရသည်ကိုသိသောကြောင့် ကွမ်းချိုယင်းအား အနီးကပ်လိုက်ကာ သတင်းယူစေခြင်းဖြစ်၏။

တရားဥပဒေ၏အထက်တွင် မည်သူမျှမရှိပါ။

ဒုစရိုက်သမားများအားလုံး ထိုက်သင့်သောပြစ်ဒဏ်ကိုအသီးသီးခံရလေတော့သည်။

မိဖုရားတံတားအနီးရှိ သူဌေးအို၏အိမ်အနောက်ဘက်တွင် မြင်း(၇)ကောင်အား ပြန်လည်တွေ့ရှိခဲ့၏။

တောက်ထင်းမှာ သူ၏မြင်းအား ပြန်ရသဖြင့် အလွန်ဝမ်းသာနေ၏။

သူက အားလုံးကိုနှုတ်ဆက်ကာ သူ၏မြင်းနှင့်အတူ တောင်

ပိုင်းသို့ခရီးထွက်သွား၏။

ရန်ကျားဟုန်နှင့်ရန်ချင်းဟွာမှာလည်း ခရီးထွက်ရန် ပြင်ဆင်နေ၏။

တောက်ထင်းသည် ယိစူးသေဆုံးသွားသော်လည်း သူ၏မြင်းအား ဇာတိမြေသို့ ပြန်လည်ပို့ဆောင်ပေးရန် ခေါ်သွား၏။

ကွမ်းချီယင်း၊ ရှီလျှံနှင့်တုံစင်း၏မြင်းများကို ဘဏ္ဍာတော်အဖြစ် သိမ်းသွား၏။

ခြသေ့်ရဲတိုက်ပိုင်ရှင် သူဌေးကြီးဝူးနှင့်ဝူးရှောင်တို့ကလည်း သတင်းကြားကြားချင်းရောက်လာကာ လိုအပ်သည်များကိုကူညီပေး၏။

ကွမ်းချီယင်းအပေါ်စိတ်ယိုင်မိသော ရန်ချင်းဟွားမှာ သူ၏ယုတ်မာမှုကြောင့် အလွန်ပင်မုန်းတီးရွံ့ရှာကာ နိုင်ဖုံးမြို့မှထွက်ခွာရန် ပြင်ဆင်လိုက်လေတော့သည်။

ရာသီဥတုသာသာယာယာ ရှိလှ၏။

ပုံလွှားမောင်နှမသည် နိုင်ဖုံးမြို့မှမြင်းကိုယ်စီဖြင့် ထွက်လာကြ၏။

မြို့ပြင်သို့ရောက်သောအခါ အနောက်ဘက်မှမြင်းခွာသံကြားလိုက်ရ၏။



သူတို့က ပြိုင်တူလှည့်ကြည့်လိုက်ရာ ကျန်းလီ မြင်းဒုန်းစိုင်းစီးကာ ပြေးလာသည်ကိုတွေ့လိုက်ရ၏။

သူတို့က မြင်းများကို ရပ်တန့်လိုက်၏။ မကြာမီ အနားသို့ ကျန်းလီရောက်လာ၏။

သူက မောပန်းစွာဖြင့်....

"တော်သေးတာပေါ့... အစ်ကိုရန်... ခင်ဗျားကိုမီမှမီပါ့မလားလို့"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"ဘာဖြစ်လို့လဲ... ကိစ္စရှိလို့လား"

ကျန်းလီက ရန်ချင်းဟွားအား တစ်ချက်ကြည့်လိုက်၏။

သူသည် မကြာမီရက်ပိုင်းကမှ ရန်ချင်းဟွားနှင့်တွေ့ဆုံမိခြင်း ဖြစ်၏။

သို့သော် အဘယ်ကြောင့်မှန်းမသိ သူ့မျက်လုံးထဲတွင် ရန်ချင်းဟွားကိုသာ မြင်ယောင်နေမိ၏။

ယခုလည်း ရန်ချင်းဟွားတို့ နိုင်ဖုံးမြို့မှထွက်ခွာသွားသည်ကို သိရသဖြင့် မနေနိုင်ဘဲ လိုက်လာမိခြင်းဖြစ်၏။

"ဟို... ဟို... ကိစ္စတော့မရှိပါဘူး... ဒီလိုပါ...."

ရန်ကျားဟုန်သည် ကျန်းလီအား ကြည့်ကာ လူရွယ်ပီပီ ရိပ်မိလိုက်၏။

သို့ခသော် သူက မသိဟန်ဆောင်ကာ....

"ဘာဖြစ်လို့လဲဗျ"

ကျန်းလီက....

"လင်းနို့ဂိုဏ်းကိုဖော်ထုတ်ပြီး ဘဏ္ဍာတော်တွေပြန်ယူပေးလို့ ကျုပ်ကိုအာဏာပိုင်တွေက ရာထူးတိုးပေးပြီး ဆုငွေလည်းပေးလိုက်တယ်"

ရန်ချင်းဟွားက....

"ရှင်က အဲ့ဒီအကြောင်းကို တကူးတက လာပြောတာလား"

ကျန်းလီက သူမအား တစ်ချက်ကြည့်ကာ....

"မဟုတ်ပါဘူး... ကျုပ်ကိုခွင့်တစ်လလည်း ပေးလိုက်လို့ပါ"

ရန်ကျားဟုန်နှင့်ရန်ချင်းဟွားမှာ ကျန်းလီအား ကြည့်ကာ အလွန်ရယ်ချင်နေ၏။

ရန်ကျားဟုန်က....

"ခင်ဗျားက ကျုပ်တို့ကိုကျေးဇူးတင်ကြောင်း ပြောချင်လို့လား"

"ဟုတ်ပါတယ်"

ကျန်းလီက ပြောပြီးချက်ချင်း ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူး... ကျုပ်က ခင်ဗျားတို့လိပ်စာသိချင်လို့ပါ"

ရန်ကျားဟုန်က ပြုံးကာ လိပ်စာရွတ်ပြလိုက်၏။

"မှတ်မိပြီလား"



"ဟုတ်ကဲ့"

"ဒါဖြင့်... ကျုပ်တို့သွားတော့မယ်"

ရန်ကျားဟုန်တို့က ပြောပြီး လှည့်ထွက်ရန် ဟန်ပြင်လိုက်၏။

"ခဏ...."

ကျန်းလီက ဟန့်တားလိုက်၏။

ရန်ကျားဟုန်က....

"ကျန်းလီ... ပြောစရာရှိတာပြော... ကျုပ်ကိုအားမနာနဲ့..."

ကျန်းလီက ပြုံးလိုက်၏။

သူက ရန်ချင်းဟွားအား တစ်ချက်ကြည့်ကာ....

"ဟို... ဟို... ကျုပ် ခင်ဗျားတို့ဆီ လာလည်ချင်လို့ပါ"

ရန်ကျားဟုန်က ပြုံးလိုက်၏။

"လာလည်ပါဗျာ... ကျုပ် မျှော်နေပါ့မယ်"

ကျန်းလီက....

"ကျေးဇူးတင်ပါတယ်ဗျာ"

ရန်ကျားဟုန်က....

"ကဲ... ကျုပ်တို့အချိန်ရှိတုန်း သွားဦးမယ်... ခင်ဗျားရောက်အောင် လာခဲ့ပါ"

သူကပြောပြီး မြင်းအား မောင်းနှင်သွား၏။

ရန်ချင်းဟွားက ကျန်းလီအား လက်ဝှေ့ယမ်းပြကာ ရန်ကျား

ဟုန်နောက်သို့ လိုက်ပါသွား၏။

ကျန်းလီမှာ သူတို့အား မျက်စိတဆုံး ငေးမောကြည့်နေ၏။

အတန်ငေးငေးရောက်မှ ရန်ကျားဟုန်က....

"ညီမလေး... မင်း သူ့ကိုသဘောကျလား"

ရန်ချင်းဟွားက မျက်နှာနီရဲကာ ရှက်ပြုံးပြုံးပြီး ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

ရန်ကျားဟုန်က ပြုံးကာ....

"သူနဲ့ဆိုရင်တော့ မင်းကိုစိတ်ချပါပြီ"

သူ၏စကားကြောင့် ရန်ချင်းဟွားက ပေါ့ပါးသွက်လက်စွာ ရယ်မောလိုက်၏။

ထို့နောက် နောက်သို့တစ်ချက်လှည့်ကြည့်လိုက်၏။

ဝေးသွားသည့်တိုင်အောင် ကျန်းလီက လက်ဝှေ့ယမ်းနေဆဲ ဖြစ်သည်ကို တွေ့လိုက်ရ၏။

သူမက လက်ဝှေ့ယမ်းကာ ပြန်လည်နှုတ်ဆက်လိုက်လေတော့သည်။

ပြီး၏။

နန္ဒကျော်သူ